မြန်မာ့အလင်း

အတွဲ (၅၆) အမှတ် (၃၂၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့။

ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး၊ တိုင်းသူပြည်သားညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီး လုပ်ကြဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယား သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ် နီကိုလစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

ငြိမ်းချမ်းရေးကိစ္စတွင် နည်းလမ်းမျိုးစုံမှစဉ်းစားပြီး ဖြစ်နိုင်ဖွယ်ရာအားလုံးကို လိုက်လျောဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယနေ့ဒီမိုကရေစီလမ်းကြောင်းကို အားလုံးလျှောက်လှမ်းနေချိန်တွင် တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရမည်ဖြစ်ကြောင်း၊ အလားတူစတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများနှင့်လည်း ထိတွေ့ဆက်ဆံရမည်ဖြစ်ပါကြောင်း၊ ယခင်က တပ်မတော်၏သဘောအရ ပြောသင့်ပြောထိုက်သည်များကိုသာပြောခြင်းကြောင့် သတင်းထုတ်ပြန်ရာတွင် ပြည်သူက မသိရှိသည်များ၊ အချက်အလက်မပြည့်စုံမှုများ၊ နားလည်မှုလွဲမှားခြင်းများ ရှိခဲ့ပါကြောင်း၊ ယခုသတင်းမီဒီယာနှင့် တပ်မတော်ထိတွေ့ဆက်ဆံမှုများကြောင့် တပ်မတော်၏လုပ်ဆောင်ချက်များကို မီဒီယာများမှတစ်ဆင့် ပိုမိုပျံ့နှံ့စွာ သိရှိစေပါကြောင်း၊ မီဒီယာအပိုင်းတွင်လည်း သဘောထားပြောင်းလဲလာမှုများ တွေ့ရှိရပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❁

တပ်မတော်၏ဆောင်ရွက်ချက်များကို ထောက်ခံဂုဏ်ပြု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

သတင်းထုတ်ပြန်ရေးအဖွဲ့

ထုတ်ပြန်ကြေညာချက်အမှတ် (၆/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁) ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၁။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့မှစတင်၍ လောက်ကိုင်နယ်မြေအတွင်း ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အင်အားစုများသည် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတနိုင်ငံတော်တည်ဆောက်ရေးကို နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်လာခဲ့သည်ကို တပ်မတော်က ဟန့်တားတိုက်ခိုက်ခဲ့သည်။

၂။ လောက်ကိုင်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ခန္ဓာပေးလှူပြီး စွန့်လွှတ်စွန့်စားရဲဝံ့စွာ ဆောင်ရွက်ခဲ့ကြသော တပ်မတော်သားများအားလည်းကောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်၏ ဆောင်ရွက်မှုများကိုလည်းကောင်း ထောက်ခံဂုဏ်ပြုချီးကျူးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဒုတိယနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ရိုးရာလှေ၊ ရေကူး၊ ကြက်တောင်၊ ဘိလိယက်/စနူကာ၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဂေါက်သီး၊ တင်းနစ်၊ ဝူရှူး၊ ခရစ်ကက် ပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ရိုးရာလှေပြိုင်ပွဲကို နံနက် ၇ နာရီတွင် ငလိုက်ဆည်၌ ကျင်းပရာ မီတာ ၂၀၀ အမျိုးသား ၅ တက် ပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသား ၁၀ တက် ပြိုင်ပွဲ ပွဲစဉ် ၁၀ပွဲ ယှဉ်ပြိုင်ကြသည်။

ရေကူးပြိုင်ပွဲကို နံနက် ၉နာရီတွင်

စာမျက်နှာ ၉ ကော်လံ ၁ ❐

သတင်းနှင့်ဓာတ်ပုံ

ကိုကိုစိုးညွန့်

နိုင်ငံတကာ

အမေရိကန်အခြေစိုက်စခန်းအနီးရှိ အီရတ်မြို့ အိုင်အက်စ်တို့လက်တွင်းကျရောက်

စာမျက်နှာ ❖ ၄

ပြည်တွင်း

သတင်းအချက်အလက်များကို လွတ်လပ်စွာရယူခွင့်

စာမျက်နှာ ❖ ၆

ဆောင်းပါး

အနက်ပြစကားလုံး၊ အသုံးပြုစကားလုံး(၁)

စာမျက်နှာ ❖ ၁၀

ရွှေပြည်နန်း သနပ်ခါး အစိမ်းရောင်ဘူးလေး

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နိုင်ငံ့ဂုဏ်ရည်ကို အားကစားဖြင့်မြှင့်တင်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ယင်းနိုင်ငံ၏ အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းတာနိုင်သည်။ နိုင်ငံ၏အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာတွင်လည်း အားကစားနည်းအလိုက် အောင်မြင်မှုများဖြင့် တိုင်းတာကြသည်။ ထို့ကြောင့်လည်း နိုင်ငံတိုင်း နိုင်ငံတိုင်းက အားကစားနည်းများအလိုက် ရွှေ၊ ငွေ၊ ကြေးဆုများဆွတ်ခူးကာ အောင်ပွဲများရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ဆောင်ရွက်ကြသည်။

၂၀၁၃ ခုနှစ်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီးကို မြန်မာ့မြေပေါ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ မြန်မာပြည်ဖွားအားကစားသမားများ အောင်ပွဲခံဆွတ်ခူးပေးနိုင်ခဲ့သည့် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများသည် မြန်မာပြည်သူအပေါင်းတို့ကို ပီတိမျက်ရည်များပင် စို့စေနိုင်ခဲ့ကြသည်။ မြန်မာပြည်သူ ပြည်သားများအားလုံး ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ခဲ့ကြရသည်။

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၌လည်း ဤကဲ့သို့သော အောင်မြင်မှုမျိုးရရှိလိုသည်မှာ မြန်မာပြည်သူ ပြည်သားအားလုံး၏ စိတ်ဆန္ဒပင်ဖြစ်သည်။ မြန်မာ့အားကစားအဆင့်အတန်း ထိပ်တန်းသို့ရောက်လိုသည်မှာ ပြည်သူအပေါင်း၏ မျှော်လင့်ချက်တစ်ခုပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မြန်မာ့အားကစားအဆင့်အတန်းမြှင့်တင်ရန်နှင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများမြင့်မြင့်မားမားရရှိရန် ရည်ရွယ်၍ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၁၃ ရက်မှစတင်ကာ နေပြည်တော်၌ ကျင်းပလျက်ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ် ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ၁၈ နှစ်ခန့်အကြာမှ နေပြည်တော်၌ စတုတ္ထအကြိမ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကြီး၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုအသင်း ၁၄ သင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ ကိုယ်စားပြုအသင်းတစ်သင်း စုစုပေါင်း ၁၅ သင်းတို့ ပါဝင်ယှဉ်ပြိုင်နေကြပြီဖြစ်သည်။

အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်မည့်အပြင် နိုင်ငံအဝန်းတွင်ရှိနေသော ရွက်ပုန်းသီးအားကစားသမားများလည်း ပေါ်ထွက်လာနိုင်မည်ဖြစ်သည်။ အားကစားပြိုင်ပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှု ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အားကစားအဆင့်အတန်းလည်း ပိုမိုမြင့်မားလာမည့်အပြင် အကျိုးဆက်အားဖြင့် စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်၌ အောင်ပွဲများနှင့်အတူ ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုမည်ဟု ရှုမြင်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ခါတ်အားထုတ်လုပ်ဖြန့်ဖြူးသော စက်ပစ္စည်းများ သင်္ဘောဖြင့်ထားဝယ်သို့ရောက်

ထားဝယ် ဖေဖော်ဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကံပေါက်ဒေသရှိ တိုတယ်ရေနံမြေဆိပ်ကမ်းသို့ ထိုင်းနိုင်ငံမှ တစ်ဆင့် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် ကွန်တိန်နာ ၂၄လုံး ဖြင့် ဂက်စ်အင်ဂျင်စက်ခြောက်လုံး၊ ထရန်စဖော်မာ သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများတင်ဆောင်လာသော သင်္ဘောသည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီက ရောက်ရှိလာပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဘဏ္ဍာရေးဝန်ကြီးဦးသန်းအောင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့် မြို့ချင်းဆက် ဓာတ်အားလိုင်းကွန်ရက်များကို တည်ဆောက်လျက်ရှိရာမှ ထားဝယ်-လောင်းလုံးနှင့် ထားဝယ်-ရေဖြူမြို့များတွင် ၅၀ ရာခိုင်နှုန်း တည်ဆောက် ပြီးစီးလျက်ရှိပြီး ထားဝယ်-မောင်းမကန်နှင့် ထားဝယ်-သရက်ချောင်းမြို့များတွင် ၁၀၀ ရာခိုင်နှုန်း၊ ထားဝယ်-မြို့ဟောင်း၌ ၉၀ ရာခိုင်နှုန်း၊ ကံပေါက်- အုန်းပင်ကွင်းတွင် ၈၀ ရာခိုင်နှုန်း၊ ကံပေါက်ကျေးရွာအတွင်း၇၀ ရာခိုင်နှုန်း၊ ကံပေါက်-ကလိန်အောင်တွင် ၂၀ ရာခိုင်နှုန်းတို့ တည်ဆောက်ပြီးစီးလျက်ရှိသည်။

ကံပေါက်ဓာတ်အားခွဲရုံနှင့် ထားဝယ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးသည်နှင့် ဒေသအတွင်း သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ဓာတ်အားလိုင်း ကွန်ရက်လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ ၁ ဒသမ ၈ ဘီလီယံ ကျပ်ကျခံကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြန်မာ့ဝန်းကျင်သိပ္ပံ (Myanmar Environment Institute -MEI) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲ (Symposium on Environment in Sustainable Development of Myanmar) ကို ဖေဖော်ဝါရီ ၁၃ ရက် သောကြာနေ့က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်က ယခုကျင်းပသည့် စာတမ်းဖတ်ပွဲ ရည်ရွယ်ချက်မှာ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာရပ်များကို ပညာရှင်များ တင်ပြဆွေးနွေးဖလှယ်ခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်များ ပိုမိုရရှိစေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည် တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖန်တီးနိုင်ရေးအတွက် ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် တင်ပြကြသည့် စာတမ်းများသည် မြန်မာနိုင်ငံ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ စာတမ်းဖတ်ပွဲပထမပိုင်း အစီအစဉ်ကို ယင်းနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပရာ Natural Resources and Sustainable Development ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် မြန်မာ့ဝန်းကျင်သိပ္ပံ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းမောင်က ဆောင်ရွက်ပြီး စာတမ်းရှင်များအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက Way forward to mainstream environment into national and sectoral development process in Myanmar စာတမ်းကိုလည်းကောင်း၊ ASEAN -German Technical Cooperation, GIS မှ Dr.Rudolf Peterson က Air Pollution and the environment စာတမ်းကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ရတနာပုံတက္ကသိုလ် ဒေါက်တာ နွယ်နွယ်စန်းက Aspect of Aquatic Environment of Taungthaman Lake Fishery စာတမ်းကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Kyoto Gakuen University မှ Dr.Nobuhiro Ohnishi က Farming Land as Habitats of Birds စာတမ်းကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ဒေါ်လှဦးနွယ်က Irrigation for Rural Development with Environmental Conservation စာတမ်းကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောသုတေသနဌာနမှ ဒေါက်တာ ရာဇာမင်းက Genetic Structures of Teak in Myanmar စာတမ်းကို လည်းကောင်း ဖတ်ကြား တင်ပြသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ ဒုတိယပိုင်း အစီအစဉ်ဖြစ်သည့် Social Environment in Sustainable Development စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် မြန်မာ့ဝန်းကျင်သိပ္ပံမှ နာယက ပါမောက္ခ ဦးမောင်မောင်အေးက လည်းကောင်း၊ စာတမ်းဖတ်ပွဲ တတိယပိုင်း အစီအစဉ်ဖြစ်သည့် Physical Environment in Sustainable Development စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းကလည်းကောင်း ဆောင်ရွက်ကြပြီး စာတမ်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပရာ Moderator အဖြစ် ပါမောက္ခ ဒေါက်တာ မောင်မောင်အေး၊ ဒေါက်တာဝင်းမောင်တို့က ဆောင်ရွက်ပြီးဆွေးနွေး ဟောပြောသူများ (Panelist) အဖြစ် ပါမောက္ခ ဒေါက်တာ စောပြုံးနိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း၊ Mr.Craig Reldနှင့် ပါမောက္ခ Ohnishi တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပြပွဲများ ကျင်းပ

ဟသ်ာတ ဖေဖော်ဝါရီ ၁၄

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ပထမပတ် ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ခင်းကျင်းပြသလျက်ရှိသည်။ ထို့အပြင် ဟသ်ာတမြို့နယ်တွင် ဗိုလ်ချုပ် နှစ် (၁၀၀) ပြည့် ငြိမ်းချမ်းရေးပွဲတော်ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀) ပြည့်မွေးနေ့တွင် ဟသ်ာတမြို့ အာဇာနည်ပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူကြေးရုပ်တုဖွင့်ပွဲကို ကျင်းပသွားကြောင်း သိရသည်။

အေးထွန်း (ဟသ်ာတ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၅၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၆၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၂၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၇၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၂၂၀၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၀-၁၀၃၂
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၀၉
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၇၉
ထိုင်း	တစ်ဘတ်	၃၁.၂-၃၂.၆
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇
တရုတ်	တစ်ယွမ်	၁၆၅-၁၆၉
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၄

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၄၂
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၂၂၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၇၅-၁၄၉၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၆၂၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၄၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်တွင်းသတင်းမီဒီယာများတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်တွင်း သတင်းမီဒီယာများဖြစ်သော Sky Net၊ Tomorrow၊ 7 Day၊ Messenger၊ Yangon Time နှင့် Eleven တို့မှ တာဝန်ရှိသူများသည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အားသီးခြားစီ တွေ့ဆုံမေးမြန်းသည်။ **(ယာပုံ)**

ထို့သို့ တွေ့ဆုံရာတွင် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❀ ရှေ့ဖုံးမှ

တပ်မတော်နှင့် မီဒီယာများအကြား သတင်းထုတ်ပြန်မှုဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လတ်တလောဖြစ်ပွားနေသည့် လောက်ကိုင်ကိစ္စနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း၊ ၂၀၀၉ ခုနှစ်တွင် လောက်ကိုင်ဒေသ၌ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ လက်နက်ထုတ်လုပ်မှု သတင်းများရရှိခဲ့ကြောင်း၊ ယင်းကိစ္စကိုစိစစ်ရာ ကိုးကန့်ဒေသရှိ ခေါင်းဆောင်များက မဟုတ်မှန်ဟု ငြင်းဆိုခဲ့ကြောင်း၊ မိမိတို့က လက်နက်စက်ရုံနေရာ၊ ဓာတ်ပုံအထောက်အထားများ ထပ်မံရရှိ၍ မေးမြန်းသော်လည်း ဆက်လက်ငြင်းဆိုခဲ့ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များစေလွှတ်၍ စစ်ဆေးရန်ဆောင်ရွက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်များကို ဖမ်းဆီးထားခြင်းကြောင့် ပြဿနာစတင်ဖြစ်ပွားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့သည် Law Enforcement Person ဖြစ်၍ နိုင်ငံတကာတွင်လည်း ယင်းသို့ ဖမ်းဆီးမှုမျိုးကို ခွင့်ပြုနိုင်ခြင်းမရှိသဖြင့် တပ်မတော်က ဝင်ရောက်ရှင်းလင်းတိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ တိုက်ပွဲဖြစ်စဉ်များတွင် လက်နက်ကြီးမျိုးစုံ ၇ လက်၊ လက်နက်ငယ်မျိုးစုံ ၁၆၈၇ လက်၊ မိုင်းမျိုးစုံ ၇၉၀၄ လုံး၊ ခဲယမ်းမျိုးစုံ ၁၈၇၇၇၈၁ တောင့်၊ မူးယစ်ဆေးပြား ၁၅၇၄၀၀ ကျော်နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများစွာ သိမ်းဆည်းရမိခဲ့ကြောင်း။

တိုက်ပွဲဖြစ်ပွားမှုနှင့်အတူ ဖုန်ကြားရှင်နှင့်အဖွဲ့သည် ဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင် ၁၄ ဦးကို ရက်စက်စွာသတ်ဖြတ်၍ တရုတ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယင်းမှတစ်ဆင့် အထူးဒေသ ၄ မိုင်းလား၌ သွားရောက်ခိုလှုံခဲ့ကြောင်း၊ လောက်ကိုင်ဒေသ၌ ၂၀၀၀ ပြည့်နှစ်ကာလခန့်က ကိုးကန့်အဖွဲ့အတွင်း ဖုန်ကြားရှင်နှင့် ရန်မိုးလျံ အာဏာလုမှု ပြဿနာများရှိခဲ့ကြောင်း၊ ယင်းဒေသ၌ တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းခဲ့ပြီး အထူးသဖြင့် လူများဖမ်းဆီးမှု၊ ပြစ်ဒဏ်စီရင်မှုများတွင် ဥပဒေနှင့်ညီညွတ်မှု လုံးဝမရှိကြောင်း၊ ဖုန်ကြားရှင်သည် လောက်ကိုင်ဒေသ၌ အာဏာရှိခဲ့သည်ကို မစွန့်လွှတ်လိုသဖြင့် ၂၀၁၃ ခုနှစ်ခန့်မှ စတင်၍ အင်အားပြန်လည်စုစည်း တည်ဆောက်မှု သတင်းများရရှိခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံနယ်စပ်ဒေသမှ လူမျိုးတူနှင့် ၎င်းတို့၏ စစ်မှုထမ်းဟောင်းအချို့အပါအဝင် လောက်ကိုင်ဒေသသို့ ဝင်ရောက်ခဲ့မှုများရှိကြောင်း၊ ၎င်းတို့သည် လောက်ကိုင်ဒေသ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကြံ၊ လက်ဖက်၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ၊ စီးပွားရေးအတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းတို့တွင် လုပ်သားများအဖြစ် ဝင်ရောက်လာခြင်းဖြစ်ကြောင်း။

ထို့နောက် ယင်းကိုးကန့် တိမ်းရှောင်အင်အားစုများသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း အခြားလက်နက်ကိုင်အင်အားစုများနှင့်ပူးပေါင်းပြီး စုဖွဲ့လှုပ်ရှားမှုများ ပြုလုပ်လာကြောင်း၊ ဒေသခံများ၏ သတင်းပေးချက်အရ ယင်းလှုပ်ရှားမှုများသည် အယောင်ပြသာဖြစ်ပြီး အဓိကရည်မှန်းချက်မှာ လောက်ကိုင်အား တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်ကြောင်းကို သတင်းများရရှိခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် တောက်ရွှေကျေးရွာ ပြည်သူ့စစ်တို့ထံမှ လက်နက်ရှစ်လက် သိမ်းယူသွားခဲ့ရာ တပ်မတော်က လိုက်လံရှင်းလင်းစဉ် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့၍ လေကြောင်းပစ်ကူများဆောင်ရွက်ခဲ့ရပြီး ထိခိုက်ကျဆုံးမှုများလည်းရှိခဲ့ကြောင်း၊ တိုက်ပွဲဖြစ်စဉ် ထိခိုက်မှု အသေးစိတ်အခြေအနေကိုလည်း ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် သတင်း ထုတ်ပြန်ထားပါကြောင်း၊ လောက်ကိုင်ဖြစ်စဉ်သည် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပါကြောင်း၊ ဖုန်ကြားရှင်ဦးဆောင်သည့် ကိုးကန့်တိမ်းရှောင်အဖွဲ့သည် လောက်ကိုင်ဒေသအားတိုက်ခိုက်သိမ်းပိုက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့ကို ဖြုတ်ချ၍ အာဏာသိမ်းရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အစိတ်အပိုင်းတစ်ခုအား တိုက်ခိုက်လာခြင်းဖြစ်၍ တပ်မတော်အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း၊ လုံးဝလျှော့၍မရကြောင်း။

မိမိတို့ရရှိထားသော အထောက်အထားများအရ လောက်ကိုင်ဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ပါဝင်မှုများရှိနေ၍ ယင်းအတွက်လည်း သက်ဆိုင်ရာအဖွဲ့များအနေဖြင့် တာဝန်ယူရမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ဖေဖော်ဝါရီ ၁၂ ရက်တွင် လက်မှတ်ရေးထိုးရန် ကြိုးစားခဲ့ကြောင်း၊ မိမိကိုယ်တိုင်လည်း အဆိုပြုတင်ပြခဲ့ကြောင်း၊ ယင်းမှာ လက်နက်ချရန် ပြောခြင်းမဟုတ်ကြောင်း၊ အပစ်အခတ်ရပ်စဲပြီး ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းရာတွင် DDR လုပ်ငန်းစဉ်အတိုင်း သွားရမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် NCA လက်မှတ်မထိုးနိုင်ဘဲ ဆက်လက်လုပ်ဆောင်မည့် ကတိကဝတ်သာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် ရပ်နေ၍မရကြောင်း၊ မိမိတို့က နောက်ကျနေသဖြင့် အခြားသူများထက်သာအောင်လှမ်းနိုင်မှ အမီလိုက်နိုင်မည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးကိစ္စ လက်မှတ်ရေးထိုးရန် အများကဆန္ဒရှိပါကြောင်း၊ မိမိတို့ကလည်း ငြိမ်းချမ်းရေးကိစ္စတွင် နည်းလမ်းမျိုးစုံမှစဉ်းစားပြီး ဖြစ်နိုင်ဖွယ်ရာအားလုံးကို လိုက်လျောဆောင်ရွက်နေပါကြောင်း၊ ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ၌ ပြုလုပ်သည့် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (ACDFIM) အာဆီယံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးညှိနှိုင်းဆွေးနွေးကြပါကြောင်း၊ ယင်းအစည်းအဝေးကိုလည်း အလွတ်သဘောအစည်းအဝေးမှ တရားဝင်အစည်းအဝေးဟု ပြောင်းလဲရန် အဆိုပြုကြပါကြောင်း၊ ၂၀၁၆ ခုနှစ် ACDFIM အစည်းအဝေးကို လာအိုနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

အလားတူ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာအဲလက်ဇန္ဒြားဗူးစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုင်ဗစ်ကာ ဒါစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



လိပ်ပျှတ်ကျေးရွာမီးလင်းရေးအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

လိပ်ပျှတ်ကျေးရွာ မီးလင်းရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ်ပျှတ်ကျေးရွာတွင် ကျင်းပသည်။

IBTC ဖောင်ဒေးရှင်းမှ ကုမ္ပဏီစုမန်နေဂျင်း ဦးစိုးတင်သိန်းက ကျေးလက်ဒေသ လူမှုဘဝမြင့်မားရေးအတွက် ရည်ရွယ်ပြီးတတ်စွမ်းသည့်ဘက်မှ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ လိပ်ပျှတ်ကျေးရွာ မီးလင်းရေးအတွက် လျှပ်စစ်မီးလင်းရေးကျေးရွာအတွင်း နေရာအနှံ့ရောက်ရှိစေရန်အတွက် ငွေကျပ် ၃၅၅ သိန်းကျော်တန်ဖိုးရှိ ဓာတ်တိုင်များ၊ လျှပ်စစ်မီးကြိုးများအား စိုက်ထူပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက လိပ်ပျှတ်ကျေးရွာမီးလင်းရေးဆောင်ရွက်ခဲ့မှုအား ရှင်းလင်းတင်ပြကာ လိပ်ပျှတ်ကျေးရွာ မီးလင်းရေးကော်မတီသို့ အလှူငွေများ ပေးအပ်ခဲ့သည်။

လိပ်ပျှတ်ကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်လူဦးရေ ၂၀၀၀ ကျော်ရှိကာ ကျေးရွာမီးလင်းရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီလမှစတင်ပြီး ကျေးရွာမီးလင်းရေးဆောင်ရွက်ခဲ့ရာ ယခုအခါလျှပ်စစ်မီးများရရှိနေပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

နိုင်ငံတကာသတင်း

ယီမင်မြို့တော် ဆာနားရှိ အနောက်နိုင်ငံသံရုံးအများစု လုံခြုံရေးအခြေအနေကြောင့် ယာယီပိတ်ထား

ဆာနား ဖေဖော်ဝါရီ ၁၄

အီတလီနှင့် ဂျာမနီတို့သည် ယီမင်နိုင်ငံရှိ ယင်းတို့၏သံရုံးများကို ယာယီပိတ်လိုက်သည်။ အမေရိကန်၊ ဗြိတိန်နှင့်ပြင်သစ်တို့က မြို့တော် ဆာနားရှိ ၎င်းတို့၏ သံရုံးဝန်ထမ်းများအား လုံခြုံရေးစိုးရိမ်မှုကြောင့် ပြန်ခေါ်ခဲ့ပြီးနောက် ဤသို့သံရုံးများ ပိတ်လိုက်ခြင်းဖြစ်သည်။

အီတလီသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများကို ယီမင်ရှိ အီတလီသံရုံးမှ ပြန်ခေါ်လိုက်ပြီဖြစ်ကြောင်း အီတလီ နိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ဆာနားဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဂျမယ်ဘီနိုမာအနေဖြင့် ယီမင်တွင် လုံခြုံရေးပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်မှသာလျှင် သံရုံးများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အလားတူ ဂျာမနီသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများကိုလည်း သောကြာနေ့က ယီမင်မြို့တော် ဆာနား မှပြန်လည်ခေါ်ယူလိုက်သည်။

သောကြာနေ့မှ စတင်ကာ ကြေညာချက်တစ်စုံတစ်ရာ မထုတ်မချင်း ယီမင်ရှိသံရုံးကို ပိတ်ထားမည်ဖြစ်ကြောင်း ပြင်သစ်သံရုံးက ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။ အလားတူ ဗြိတိသျှသံရုံးကိုလည်း ပိတ်ထားပြီဖြစ်သည်။

(ပရက်စ်တီဗွီ)

အမေရိကန်အခြေစိုက်စခန်းအနီးရှိ အီရတ်မြို့ အိုင်အက်စ်တို့လက်တွင်းကျရောက်

ပင်တဂွန် ဖေဖော်ဝါရီ ၁၄

အိုင်အက်စ်စစ်သွေးကြွများသည် ရာနှင့်ချီသော အမေရိကန်တပ်ဖွဲ့ဝင်များ နေထိုင်လျက်ရှိသည့် လေတပ်အခြေစိုက်စခန်းမှ ငါးမိုင်ခန့်အကွာ အီရတ်မြို့ကို သိမ်းပိုက်လိုက်ကြောင်း ပင်တဂွန်က ပြောသည်။

အိန်းအယ်လ်အာဆက်လေတပ်စခန်းအနီးရှိ အယ်လ်ဘဂ္ဂဒက်မြို့သည် အိုင်အက်စ်တို့လက်တွင်းသို့ ကျရောက်သွားပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

အဆိုပါ အမေရိကန်လေတပ်အခြေစိုက် စခန်းသည်လည်း သောကြာနေ့က အိုင်အက်စ်တို့၏ တိုက်ခိုက်မှုကိုခံရကြောင်း၊ သို့သော်လည်း ပြန်လည်တိုက်ထုတ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အဆိုပါ အယ်လ်ဘဂ္ဂဒက်မြို့သည် အီရတ်တပ်ဖွဲ့ဝင်များက သိမ်းထားသည့် အန်ဘာပြည်နယ်အနောက်ပိုင်းရှိ မြို့များထဲမှ တစ်မြို့ဖြစ်သည်။

အီရတ်တပ်ဖွဲ့ဝင်များက အဆိုပါမြို့များကို ပြန်လည်ရယူနိုင်ခြင်းသည် တိုးတက်မှု တစ်ခုဖြစ်ကြောင်း ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီးဂျွန်ကာဘိုင်က ပြောသည်။

စစ်သွေးကြွများက အဆိုပါမြို့ကို သိမ်းပိုက်ခြင်းသည် လွန်ခဲ့သည့်နှစ်လအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။ အမေရိကန်လေတပ်အခြေစိုက်စခန်းကို အသေခံဗုံးခွဲတိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့က တိုက်ခိုက်ခြင်းလည်းဖြစ်ကြောင်း ၎င်းကပြောသည်။

(ဘီဘီစီ)

အကြမ်းဖက်ရက်စက်မှုများကို ထိရောက်စွာအရေးယူမည်ဟု လုံခြုံရေးကောင်စီပြော

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၄

ဘိုကိုဟာရမ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ အဆက်မပြတ်ပြုလုပ်နေမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချခဲ့သည်။ ချဒ်၊ ကင်မရွန်းနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် တိုက်ခိုက်ခဲ့သည်များမှာ ရက်စက်ကောက်ကျစ်လွန်းသည်ဟု လုံခြုံရေးကောင်စီက ပြောဆိုခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို အဆိုးရွားဆုံးခြိမ်းခြောက်နေမှုများတွင် ဘိုကိုဟာရမ်တို့၏ အကြမ်းဖက်မှုများပါဝင်နေသည်ဟု ဆိုသည်။ နိုင်ဂျီးရီးယားနိုင်ငံသား အစွန်းရောက်ဘိုကိုဟာရမ်အဖွဲ့သည် သောကြာနေ့က ချက်ဒ်နိုင်ငံရှိ Ngouboua ကျေးရွာကို တိုက်ခိုက်ခဲ့ရာ ရွာခံလူကြီးတစ်ဦးနှင့် ချဒ်တပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ပြီး ဒဏ်ရာရသူများစွာရှိခဲ့သည်။ ချက်ဒ်နိုင်ငံပိုင်မြေပေါ်တွင် အစွန်းရောက်များ ပထမဆုံးအကြိမ် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ကင်မရွန်းနိုင်ငံမြောက်ပိုင်းရှိ ကီရာဝါကျေးရွာကို တိုက်ခိုက်ခဲ့သည်မှာလည်း ဘိုကိုဟာရမ်စစ်သွေးကြွများဖြစ်သည်ဟု ယူဆရသည်။ လုံခြုံရေးကောင်စီသည် ပြစ်မှုကျူးလွန်သူများ၊ စည်းရုံးသူများနှင့် ငွေကြေးထောက်ပံ့သူများကို မျှမျှတတအရေးယူဆောင်ရွက်နိုင်ရန် အလေးထားလျက်ရှိသည်။

(ဆင်ဟွာ)

ဆိုက်ဘာလုံခြုံရေးတွင် ကုမ္ပဏီများကို အစိုးရနှင့်ပူးပေါင်းလုပ်ဆောင်ရန် အိုဘားမားတိုက်တွန်း

ဆန်ဖရန်ဆစ္စကို ဖေဖော်ဝါရီ ၁၄

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ပုဂ္ဂလိကကဏ္ဍများက ဆိုက်ဘာခြိမ်းခြောက်မှု အချက်အလက်များ ပို၍မျှဝေရေး အစိုးရနှင့်ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်အတွက် သောကြာနေ့က စတန်းဖို့ဒ်တက္ကသိုလ်၌ကျင်းပသော ဆိုက်ဘာလုံခြုံရေးအစည်းအဝေးပွဲတစ်ခု၌ ပြောကြားခဲ့သည်။

သုံးစွဲသူကာကွယ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးနှင့်စပ်လျဉ်း၍ အိမ်ဖြူတော်တွင် ကျင်းပသော ထိပ်သီးအစည်းအဝေးက အစိုးရနှင့် စီးပွားရေးသမားများ အတူတကွပူးပေါင်း၍ အမေရိကန်မှ ဆိုက်ဘာသုံးစွဲသူများနှင့် ကုမ္ပဏီများကိုနက်ဝက်ခ်ခြိမ်းခြောက်မှုမှ ကာကွယ်ပေးရန်ဆောင်ကြဉ်းခဲ့သည်။ အိုဘားမား၏ မိန့်ခွန်းတစ်ခုတွင် ဆိုက်ဘာခြိမ်းခြောက်မှုကို တန်ပြန်တိုက်ခိုက်မှုများပြုလုပ်ရမည်မှာအားလုံး၏ဘုံတာဝန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ရေကြောင်းပြ ဝေလငါး ၁၀၀ ကျော် နယူးဇီလန်ကမ်းခြေတွင် သေဆုံး

အော့ကလန် ဖေဖော်ဝါရီ ၁၄

နယူးဇီလန်နိုင်ငံ တောင်ဘက်ကျွန်းကမ်းခြေတစ်ခုတွင် ရေကြောင်းပြ ဝေလငါး ၁၀၀ ကျော် သေဆုံးပြီးနောက် ကယ်ဆယ်ရေးသမားများသည် သောင်တင်နေသော ဝေလငါးကောင်ရေ ၉၀ ကို ရေပြန်ချရန် ကြိုးစားနေကြသည်။

ဂိုးလ်ဒင်းဘေးမှ မြောက်မြားစွာသော ကယ်ဆယ်ရေးသမားများနှင့် စေတနာရှင် လုပ်အားပေးများသည် နို့တိုက်သတ္တဝါများကို ပင်လယ်ရေနက်ထဲသို့ ပြန်လည်ရောက်ရှိရန်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများက နောက်ဆုံးအခွင့်အရေးအနေဖြင့် အမြင့်ဆုံး ဒီရေတက်ချိန်တွင် ၎င်းတို့ကို ရေနက်ထဲသို့ ပြန်လည်ရောက်ရှိအောင် စွမ်းဆောင်နိုင်မည်ဟု ယုံကြည်ထားသည်။

အကယ်၍ ဤသို့ကယ်ဆယ်မှုမအောင်မြင်ပါက အဆိုပါသတ္တဝါများသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ သောင်တင်၍ ထိခိုက်နာကျင်မှုကို ခံစားနေရသည့် ဝေလငါးများကို ကယ်ဆယ်ရေးသမားများက သက်သာမှုရှိစေရန် ရေများလောင်းပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ သေဆုံးခဲ့သော နို့တိုက်သတ္တဝါများမှာ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ အကြီးအကျယ် ခံစားခဲ့ရသည်ဟု ယုံကြည်ခဲ့ရသည်။

ဒေသတွင်း သဘာဝထိန်းသိမ်းသူ မိုက်အိုဂလီက ဤဖြစ်ရပ်သည် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အဆိုးရွားဆုံး ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ပြောသည်။

ကျွမ်းကျင်သူများက ရေတိမ်ဒေသသည် ဝေလငါးများအတွက် နေထိုင်ကျက်စားရန် ခက်ခဲသည့် နေရာတစ်ခုဖြစ်သလို ရေကြောင်းလမ်းပြမှုစွမ်းရည်ကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။ ဤဝေလငါးအုပ်စုသောင်တင်မှု ဖြစ်ခဲ့ရခြင်း အကြောင်းရင်းကို မသိကြောင်း သိရှိရသည်။ **(ဘီဘီစီ)**

မြောက်ကယ်ရိုလိုင်းနားတွင် သေနတ် ၁၃ လက်နှင့်အတူ သေနတ်သမားအား ဖမ်းမိ

မြောက်ကယ်ရိုလိုင်းနား ဖေဖော်ဝါရီ ၁၄

မြောက်ကယ်ရိုလိုင်းနား၌ ကျောင်းသား သုံးဦးကို ပစ်သတ်ခဲ့သူ၏ နေအိမ်တွင် လက်နက်တိုက်တစ်ခုနှင့် သေနတ်တစ်ဒါဇင်ထက်မနည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါရှာဖွေမှုတွင် Craig Stephen Hicks ထံမှ အေအာ ၁၅ စစ်သုံးကာဘိုင်တစ်လက်အပါအဝင် ရိုင်ဖယ်ခြောက်လက်၊ ပစ္စတို တစ်လက်နှင့် အခြားသေနတ်များတွေ့ရှိခဲ့သည်။

Hicks သည် ၎င်း၏အိမ်နီးချင်း သုံးဦးကို အင်္ဂါနေ့က ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ အသက် ၄၆ နှစ်အရွယ်ရှိ သေနတ်သမားသည် အဆိုပါလူသုံးဦးကို သတ်ဖြတ်ခဲ့ သည့်အတွက် စွဲချက်သုံးခုဖြင့် တရားစွဲဆိုခံရသည်။

ယခုဖြစ်ရပ်နှင့်ပတ်သက်၍ သမ္မတအိုဘားမားက ပြင်းထန်စွာရှုတ်ချခဲ့သည်။ အသတ်ခံရသူများ၏ ဈာပနသို့ ထောင်နှင့်ချီလိုက်ပါပို့ဆောင်သူများကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည်လည်း စိတ်လှုပ်ရှားမှု ကြီးမားစွာဖြစ်ခဲ့ရသည်။ အသတ်ခံရသူ မစ္စတာ ဘာရာကတ်သည် မြောက်ပိုင်း ကယ်ရိုလိုင်းနားသွားဘက်ဆိုင်ရာတက္ကသိုလ်မှ ဘွဲ့လွန်ကျောင်းသားတစ်ဦး ဖြစ်သည်။

(ပရက်စ်တီဗွီ)

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်အပေါ် ကေအင်န်ယူက ပြန်လည်ရှင်းလင်း

ဘားအံ ဖေဖော်ဝါရီ ၁၄

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြု လက်မှတ်ရေးထိုးခြင်းဆိုင်ရာများအတွက် နေပြည်တော်၌ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် တွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့မှုအပေါ် (KNU) ကရင်အမျိုးသား အစည်းအရုံးမှ ပြန်လည်ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ဆရာတော် သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းအပေါ် ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုအကြံပေး ဦးစောထူးထူးလေးနှင့် ငြိမ်းချမ်းရေးအကျိုးဆောင် ဦးစောဟန်ညောင်ဝေတို့က ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်တော်ကြီးများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်

ဇန်နဝါရီလ နောက်ဆုံးပတ်က ရန်ကုန်တိုင်းဒေသကြီး တိုင်းကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီ နှင့်အဖွဲ့ အလက(၁) ဒဂုံ၏ ကျောင်းမုန့်ဈေးတန်းကို လာရောက် ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များနေရပ်အသီးသီးသို့ပြန်လည်ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်တွင်ကျင်းပသည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဂုဏ်ပြု ညစာစားပွဲတွင် တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြသော ယဉ်ကျေးမှုအဖွဲ့ဝင်များအနက် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များသည် တည်းခိုရေး စခန်းအမှတ်(၇)(ရွာတော်)မှ ယနေ့ နံနက်ပိုင်းတွင် မိမိတို့နေရပ်ဒေသ အသီးသီးသို့ ပြန်လည်ထွက်ခွာကြသည်။

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်သည် မော်တော်ယာဉ်များမထွက်ခွာမီဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အပြန်ခရီးအတွက် လိုအပ်သည်များညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယဉ်ကျေးမှုအဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်သည်။

ရှမ်းပြည်နယ်မှ ယဉ်ကျေးမှုကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းနှင့် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ **(ပြန်ကြားရေးဆပ်ကော်မတီ)**

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ရေးထိုးခဲ့သော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက်"ကို ထောက်ခံကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နေပြည်တော်၌ တွေ့ဆုံကြပြီး "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment for Peace and National Reconciliation)"ကို လက်မှတ်ရေးထိုးကြောင်း သိရှိရပါသည်။

အဆိုပါကတိပြုချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာဖြစ်ပေါ်ခဲ့သော လက်နက်ကိုင်ပဋိပက္ခကို အပြီးတိုင်ရပ်တန့်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသောခြေလှမ်းဖြစ်သည့်အတွက် မိမိတို့စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများအားလုံးသည် ဤ"ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်"ကို ခြွင်းချက်မရှိ အပြည့်အဝထောက်ခံပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စက်မှုလက်မှုနှင့်စီးပွားရေးတိုးတက်မှုများအတွက် ငြိမ်းချမ်းရေးသည် အထူးလိုအပ်သောအချက်တစ်ချက်အဖြစ် မိမိတို့အနေဖြင့် အလေးအနက် ယုံကြည်ပါကြောင်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရောင်နီများသန်းလာသည်ကို မြင်ရ၍ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဝမ်းမြောက်ဝမ်းသာ ဝိုင်းဝန်းကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အခြေခံလူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှတ်စု-၃

လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကျင့်သုံးရာ၌ လိုက်နာရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများကို သိရှိနိုင်ရန်အတွက် ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန (Centre for Law and Democracy) နှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (International Media Support-IMS) တို့မှ ပြုစုထုတ်ဝေသည့် "အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်" (လမ်းညွှန်မှတ်စုအတွဲများ)၊ Briefing Note Series "Freedom of Expression" စာအုပ်ကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါ မြန်မာဘာသာပြန်ဆိုချက်များနှင့် အသုံးအနှုန်းများမှာ မူရင်းဘာသာပြန်ဆိုသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

လမ်းညွှန်မှတ်စု-၃

သတင်းအချက်အလက်များကို လွတ်လပ်စွာရယူခွင့်

လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်သည် ယင်းအခြေခံထားသော မူလရပိုင်ခွင့်ဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကဲ့သို့ပင် အကြွင်းမဲ့ လွတ်လပ်ခွင့်မဟုတ်သောကြောင့် အစိုးရအနေနှင့် အချို့သောသတင်းအချက်အလက်များကို ဥပဒေနှင့်အညီ ထုတ်မပေးဘဲ လျှို့ဝှက်ထိန်းသိမ်းထားပိုင်ခွင့်ရှိ။

၁၉၁၃ တွင် အမေရိကန်နိုင်ငံမှ နာမည်ကျော် တရားသူကြီး တစ်ဦးဖြစ်သော လူးဝစ်ဘရန်ဒိစ်က နေရောင်ခြည်သည် ရောဂါပိုးမွှားများကိုကုသရာတွင် အကောင်းဆုံးဖြစ်သည်ဟု ပြောကြားခဲ့ဖူးသည်။ ထိုသဘောတရားကို ဥပဒေပြုရေးကဏ္ဍတွင် ထည့်သွင်းအသုံးပြုနိုင်ရန်အချိန်အနည်းငယ်မျှစောင့်ဆိုင်းလိုက်ရသည်။ အစိုးရအာဏာပိုင်များ၏ သတင်းအချက်အလက်များကို သာမန်အရပ်သားများက တောင်းခံကြည့်ရှုပိုင်ခွင့် (သို့) သတင်းအချက်အလက်များကို လွတ်လပ်စွာလက်ခံရယူခွင့် (RTI) ပေါ်ပေါက်လာခဲ့သည်။ လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်သည် တော်လှန်ရေးတစ်ခုကဲ့သို့ပင် အကြီးအကျယ် ပျံ့နှံ့ခဲ့ကြောင်း ပြီးခဲ့သော ၂၅ နှစ်မှ သက်သေထူလျက်ရှိသည်။ ၁၉၈၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးတွင် လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်ဆိုင်ရာ နိုင်ငံအဆင့်ဥပဒေပေါင်း ၁၃ ခုခန့်သာရှိခဲ့သည်။ ယခုအခါတွင် အလားတူဥပဒေပေါင်း ၁၀၀ ခန့်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ၇၈ ရာခိုင်နှုန်းဖြစ်သောလူပေါင်း ၅ ဒသမ၇ ဘီလီယံတို့သည် လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများရှိနေသော နိုင်ငံများတွင် နေထိုင်နေကြပြီဖြစ်သည်။

လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်သည် အကြောင်းပေါင်းများစွာကြောင့် ဒီမိုကရေစီအတွက် အခြေခံကျကျအရေးပါသည်။ အုပ်ချုပ်ရေးအရာရှိများသည် သတင်းအချက်အလက်များကို စုဆောင်းထိန်းသိမ်းထားရခြင်းမှာ အများပြည်သူ ကောင်းကျိုးအတွက်သာ ဖြစ်ပြီး သူတို့၏ ပုဂ္ဂလအကျိုးအတွက်မဟုတ်သည့်အချက်မှာ အခြေခံအကျဆုံးဖြစ်သည်။ ထို့အပြင် လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်နှင့်ပတ်သက်ပြီး ဥပဒေကြောင်းဆိုင်ရာ သက်ရောက်မှုများပေးမည့် ခိုင်မာပြီးလက်တွေ့ကျသော အကြောင်းတရားများလည်းရှိနေသည်။ ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်တွင် ထိထိရောက်ရောက် ပါဝင်နိုင်ရန်အတွက် နိုင်ငံသားများသည် အစိုးရတာဝန်ရှိသူများ ဆုံးဖြတ်ချက်ချမှတ်ရာတွင်သုံးသော သတင်းအချက်အလက်များကို လက်လှမ်းမီသိရှိနိုင်ဖို့လိုအပ်သည်။ ထို့အပြင် လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်သည် အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန်နှင့်အများပြည်သူဝန်ဆောင်မှုဌာနများအား စောင့်ကြည့်ရေးတို့တွင် အလွန်အရေးပါသော လက်နက်တစ်ခုဖြစ်နေသည်။ အချို့သော သတင်းအချက်အလက်များကို ထုတ်ပြန်ပေးလိုက်ရုံဖြင့် စီမံခန့်ခွဲမှု အမှားများကို ချက်ချင်းတွေ့မြင်နိုင်မည်မဟုတ်သော်လည်း ပွင့်လင်းမှုနှင့်တာဝန်ခံယူမှုရှိသည့် ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးခြင်းသည် ပြည်သူပိုင်အရင်းအမြစ်များအား တာဝန်သိသိဖြင့် သုံးစွဲတတ်လာစေရန် အားပေးကူညီပေးရာရောက်သည်။ အလားတူပင် ထိုလွတ်လပ်ခွင့်ကြောင့် နိုင်ငံတော်အင်စတီကျူးရှင်းများကို ပြည်သူလူထု၏ ယုံကြည်မှုလည်းမြင့်တက်လာစေမည်ဖြစ်သည်။ထိုလွတ်လပ်ခွင့်သည် လူမှုရေးပန်းတိုင်များကိုလည်း အလားတူဖြည့်ဆည်းပေးနိုင်သည်။ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များကို လူတို့အနေနှင့် ပိုမိုထိန်းချုပ်စီမံခွင့်ရလာသည့် သဘောကိုလည်းဆောင်နေပါသည်။ ယင်းလွတ်လပ်ခွင့်သည် စီးပွားရေးအကျိုးအမြတ်နှင့် လည်းဆက်စပ်သည်။ တင်ဒါစနစ်များအတွက် အပြိုင်အဆိုင်ကို ပိုမိုအားကောင်းလာစေမည့်အပြင် အများပြည်သူအား ထုတ်ပြန်ထားသော သတင်းအချက်အလက်များအပေါ် မူတည်၍ စီးပွားရေးအကျိုးအမြတ်ဖြစ်လာအောင် တီထွင်ဆန်းသစ်သော စီးပွားရေးလုပ်ငန်းများ (ထုတ်ကုန်တို့ကို ပိုမိုထိရောက်အောင်လုပ်ခြင်း၊ ထုတ်ကုန်အသစ်များဖန်တီးခြင်း) လည်းအများအပြားပေါ်ထွန်းလာစေနိုင်သည်။

လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်၏ အခြေခံစည်းမျဉ်းမှာ သတင်းအချက်အလက်များကို များနိုင်သမျှ အများဆုံး ဖွင့်ချရမည်ဖြစ်ပြီး ကန့်သတ်ချက်များကို နည်းနိုင်သမျှအနည်းဆုံး တွင်ထားရမည်ဟူသော စည်းမျဉ်းဖြစ်သည်။

လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်ကို ယခုအခါ အခြေခံကျသော လူ့အခွင့်အရေးတစ်ခုအဖြစ် နိုင်ငံတကာဥပဒေများတွင် ခိုင်မာစွာလက်ခံသတ်မှတ်ထားကြပြီဖြစ်သည်။ နိုင်ငံသားနှင့်နိုင်ငံရေးရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ် ICCPR အပိုဒ် ၁၉ တွင် လွတ်လပ်စွာဆက်သွယ်ခွင့်ကိုသာမက သတင်းအချက်အလက်နှင့် စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာ ရှာဖွေခွင့်နှင့် လက်ခံရယူခွင့်များကိုပါ ထည့်သွင်းပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်သည်ပင်လျှင် သတင်းအချက်အလက်ရပိုင်ခွင့်နှင့်ပတ်သက်သော လူ့အခွင့်အရေးကို နိုင်ငံတကာဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းလာ နိုင်ရန်အတွက် ဥပဒေကြောင်းဆိုင်ရာ အခြေခံတစ်ခုဖြစ်လာခဲ့သည်။

သတင်းအချက်အလက် ရယူခွင့်ကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုပေးခဲ့သော အစောဆုံးဥပဒေကြောင်းဆိုင်ရာ ဆုံးဖြတ်ချက်ကို ၂၀၀၆ ခုနှစ်တွင် အမေရိကတိုက်လုံးဆိုင်ရာ လူ့အခွင့်အရေးခုံရုံးကဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။ ကလော်ဒီယေယက်စ်နှင့် ချီလီနိုင်ငံအမှုတွင်ခုံရုံးက အောက်ပါအတိုင်းဆုံးဖြတ်ခဲ့သည်။

လက်ရှိအမှုပါ အချက်အလက်များနှင့်ပတ်သက်၍ ခုံရုံးသည် ကွန်ဗင်းရှင်း အပိုဒ် ၁၃ တွင် သတင်းအချက်အလက်များကို ရှာဖွေပိုင်ခွင့်နှင့် လက်ခံရရှိပိုင်ခွင့်ရှိရမည်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားသည်ဟု လက်ခံနားလည်ထားပါသည်။ ထိုပြဋ္ဌာန်းချက်တွင် ကွန်ဗင်းရှင်းပါ ကန့်သတ်ချက်များအဖြစ် ဖော်ပြထားသော ခြွင်းချက်အချို့မှလွဲ၍ မည်သူမဆို နိုင်ငံတော်က ထိန်းသိမ်းထားသော သတင်းအချက်အလက်များကို တောင်းခံခွင့်ရှိသည်ဟုဖော်ပြထားသည်။ တစ်ဆက်တည်းတွင် ထိုပြဋ္ဌာန်းချက်၌ မည်သူမဆိုတောင်းခံထားသော သတင်းအချက်အလက်များကို လက်ခံရရှိခွင့်၊ နိုင်ငံတော်ကလည်း ဖြည့်ဆည်းရမည့်ဝတ္တရားအရတောင်းခံသော သတင်းအချက်အလက်များ ထုတ်ပေးရန်တာဝန်ရှိမှု စသည်တို့ကို ထည့်သွင်းထားသည်။ မည်သူမဆို တောင်းခံသော သတင်းအချက်အလက်များကို သိရှိနိုင်ရန်အတွက် ကြည့်ရှုပိုင်ခွင့်၊ မေးမြန်းသောမေးခွန်းများ၏အဖြေကို လက်ခံသိရှိပိုင်ခွင့်ရှိသည်။ အချို့သော အခြေအနေများတွင်မူ ကွန်ဗင်းရှင်းတွင် လက်ခံဖော်ပြထားသောအကြောင်းများကြောင့် နိုင်ငံတော်က သတင်းအချက်အလက်တောင်းခံခြင်းအပေါ် ကန့်သတ်မှုအချို့ပြုလုပ်နိုင်သည်။ သတင်းအချက်အလက်တောင်းခံရာတွင်လည်း တောင်းခံသူအနေနှင့် သက်ဆိုင်ရာကိစ္စရပ်တွင် ယင်း၏အကျိုးစီးပွားရှိကြောင်း၊ သို့မဟုတ် တိုက်ရိုက်ပါဝင်ပတ်သက်နေကြောင်း ယေဘုယျအားဖြင့် သက်သေပြစရာမလိုပေ။ တရားဝင် ကန့်သတ်ချက်ရှိနေသော နေရာအချို့တွင်သာ ထိုသို့သက်သေပြရလေ့ရှိသည်။

နောက်ပိုင်းတွင် ဥရောပလူ့အခွင့်အရေးဆိုင်ရာ ခုံရုံးနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီတို့က လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်ကို လက်ခံအသိအမှတ်ပြုလာကြသည်။ UNHRC သည် ၂၀၁၁ ခုနှစ်တွင် ICCPR ပုဒ်မ ၁၉ နှင့်ဆိုင်သော အထွေထွေမှတ်ချက်၌ အောက်ပါအတိုင်းဖော်ပြသည်။

အပိုဒ် ၁၉၊ စာပိုဒ်၂တွင်အစိုးရအဖွဲ့အစည်းများက ထိန်းသိမ်းထားသော သတင်းအချက်အလက်များကို တောင်းခံခွင့်အား ထည့်သွင်းဖော်ပြထားသည်။ ထို သတင်းအချက်အလက်များမှာ အများပြည်သူဆိုင်ရာဌာနများမှ သိမ်းဆည်းထားသော မှတ်တမ်းများပါဝင်ပြီး သိမ်းဆည်းထားသည့်ပုံစံ၊ သတင်းရင်းမြစ်နှင့် ကာလတို့ကို ထည့်သွင်းစဉ်းစားစရာမလိုဘဲ ကျင့်သုံးခွင့်ရှိသော အခွင့်အရေးဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်၏ အခြေခံစည်းမျဉ်းမှာ သတင်းအချက်အလက်များကို များနိုင်သမျှအများဆုံး ဖွင့်ချရမည်ဖြစ်ပြီး ကန့်သတ်ချက်များကို နည်းနိုင်သမျှ အနည်းဆုံးတွင် ထားရမည်ဟူသော စည်းမျဉ်းဖြစ်သည်။ အများဆုံးဖွင့်ချပြရမည် ဆိုရာ၌ နိုင်ငံတော်အနေဖြင့် သတင်းအချက်အလက်များကို ပြည်သူလူထုများနိုင်သမျှများများသိနိုင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး၊ သတင်းရယူပိုင်ခွင့်ကို သတ်မှတ်သော ပြဋ္ဌာန်းချက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုနိုင်အောင် ဆောင်ရွက်ပေးရမည်။ အနုမာနစံတစ်ခုမှာ ပြည်သူ့ဝန်ဆောင်မှုအာဏာပိုင်များ ထိန်းသိမ်းထားသော မည် သည့် သတင်းအချက်အလက်ကိုမဆို အများပြည်သူ သိရှိနိုင်အောင် ဖွင့်ချပေးရမည်ဟူ၍ဖြစ်သည်။ ထိုအခွင့်အရေးတွင် နိုင်ငံသားမဟုတ်သူများနှင့် အခြားဥပဒေအရ တရားဝင်တည်ရှိနေသူများပါ အကျုံးဝင်စေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုပေးရမည်။

သို့ရာတွင် လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်သည် ယင်းအခြေခံထားသော မူလရပိုင်ခွင့်ဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကဲ့သို့ပင် အကြွင်းမဲ့လွတ်လပ်ခွင့်မဟုတ်သောကြောင့်အစိုးရအနေနှင့် အချို့သောသတင်းအချက်အလက်များကို ဥပဒေနှင့်အညီ ထုတ်မပေးဘဲ လျှို့ဝှက်ထိန်းသိမ်းထားပိုင်ခွင့်ရှိသည်။ ဥပမာအားဖြင့် ရဲတပ်ဖွဲ့အတွက် တာဝန်ထမ်းဆောင်နေသောလျှို့ဝှက်စုံထောက်များ၏ အမည် စာရင်းကိုတောင်းခံခြင်း၊ အခြားသူတစ်ဦး၏ ကိုယ်ရေးအချက်အလက်များကို တောင်းခံခြင်းစသည်တို့မှာ ကြောင်းကျိုးမဆီလျော်သော တောင်းခံခြင်းများဖြစ်သည်။ သို့ရာတွင် အထက်ဥပမာများကဲ့သို့သော ခြွင်းချက်များကို ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းအောင် အဓိပ္ပာယ်ဖွင့်ထားဖို့လိုသည်။

လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်၏ မည်သည့်ခြွင်းချက်မဆို အောက်ပါအဆင့်သုံးဆင့်ပါ စစ်ဆေးခြင်းကို ဖြတ်သန်းဖို့လိုသည်။ ပထမအချက်မှာ ခြွင်းချက်သည် လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်ဆိုင်ရာဥပဒေတွင် ရှင်းလင်းစွာဖော်ပြထားသော ရည်ရွယ်ချက်တစ်ခုခုနှင့် ဆက်စပ်မှုရှိရမည်။ တရားဝင် ခြွင်းချက်များ (ဝါ)ကန့်သတ်ချက်ပြုနိုင်သော စာရင်းနှင့်ပတ်သက်ပြီး တစ်ကမ္ဘာလုံး လက်ခံသဘောတူထားသော မူမျိုးရှိမနေသော်လည်း ယေဘုယျအားဖြင့် လက်ခံထားသည့် အချက်များမှာ အမျိုးသားလုံခြုံရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဥပဒေချိုးဖောက်မှုများကို ကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူအပြစ်ပေးခြင်း၊ ကိုယ်ရေးလွတ်လပ်ခွင့်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဆိုင်ရာ တရားဝင်အကျိုးစီးပွားများ၊ စီးပွားရေးစီမံခန့်ခွဲမှု၊ တရားစီရင်ရေးကဏ္ဍ၏ ဘက်မလိုက်သော စီမံအုပ်ချုပ်မှု၊သီးသန့်ဥပဒေအကြံပေးချက်များ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး၊ မူဝါဒချမှတ်ရေးနှင့် ပြည်သူ့အာဏာပိုင်များဆောင်ရွက်သော အခြားလုပ်ငန်းရပ်များပါဝင်သည်။

ဒုတိယအချက်မှာ သတင်းထုတ်ပြန်မှုကို ပိတ်ပင်ခြင်း အားလုံးသည် ဘေးဖြစ်နိုင်မှု ဆန်းစစ်ချက်အပေါ် မူတည်ရမည်။ ကာကွယ်ထားသော အကျိုးစီးပွားများ (အထက်ပါစာရင်းများ)နှင့် ဆက်စပ်နေသည်ဆိုရုံမျှဖြင့် သတင်းအချက်အလက်တောင်းခံခြင်းကို ပိတ်ပင်၍မရပါ။ ပြည်သူ့အာဏာပိုင်များအနေဖြင့် သတင်းအချက်အလက်များကို ဖွင့်ချခြင်းဖြင့် အထက်တွင် ဖော်ပြထားသော အကျိုးစီးပွားများအပေါ် မည်သို့ထိခိုက်စေနိုင်သည်ဆိုသည့်အချက်ကို သီးခြားသက်သေ သာဓကထုတ်ပြရန်တာဝန်ရှိနေသည်။ထို့အပြင် အန္တရာယ် ဖြစ်စေနိုင်သောသတင်းအချက်အလက်များကို သီးခြားဖယ်ထုတ်ပြီးပါက ကျန်သတင်းအချက်အလက်များ အားလုံးကို ထုတ်ပြန်ပေးရန်လည်း တာဝန်ရှိသည်။ တတိယနှင့် နောက်ဆုံးအချက်မှာ အများပြည်သူအကျိုးစီးပွားနှင့် ချိန်ထိုးခြင်းဖြစ်သည်။ သတင်းအချက်အလက်တစ်ခုကို ထိန်းသိမ်းထားခြင်းကြောင့်အထက်ပါ အကျိုးစီးပွားများနှင့်ပတ်သက်ပြီး ကာကွယ်နိုင်မည့်ပမာဏသည် အများပြည်သူ၏ အထွေထွေအကျိုးစီးပွားထက်ပိုမိုသည်ဟု သက်သေပြနိုင်သော အခါများမှသာလျှင် ကန့်သတ်ပိတ်ပင်ခြင်းက တရားဝင်ဖြစ်သည်။ ဥပမာ အဂတိလိုက်စားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို ဖွင့်ချခြင်းသည် အများပြည်သူအကျိုးစီးပွားကို ကြီးစွာအထောက်အကူဖြစ်စေသည်။

အထက်ပါ အခြေခံစည်းမျဉ်းများအပြင် တိကျကောင်းမွန်သော လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်တွင် သတင်းအချက်အလက်ရယူမှုကို အဆင်ပြေချောမွေ့စေရန်နှင့် လွယ်ကူစေရန်ပံ့ပိုးပေးမည့် လုပ်ငန်းစဉ်များလည်း တစ်ပါတည်းပါဝင်သည်။ ရှင်းလင်းပြီး ပြည်သူများအလွယ်တကူဆောင်ရွက်နိုင်မည့် သတင်းအချက်အလက်တောင်းခံမှုပုံစံများ၊ အချိန်မဆိုင်းဘဲ အစိုးရတာဝန်ရှိသူများဘက်မှ တုံ့ပြန်ပေးရမည့်အချိန်ဇယား(များသောအားဖြင့် သီတင်းနှစ်ပတ်မှ သုံးပတ်အတွင်း) စသည်တို့ရှိဖို့လိုသည်။ ထို့အပြင်သတင်းအချက်အလက် တောင်းခံ လျှောက်ထားခြင်းသည် အခမဲ့ဖြစ်ရမည်။ သီတင်းအချက်အလက်များကူးယူခြင်း သို့မဟုတ် ဖြန့်ဝေခြင်းတို့အတွက် အမှန်တကယ်ကုန်ကျသော စရိတ်ကိုသာ ပြည်သူ့ဝန်ဆောင်မှုဌာနများက တောင်းခံရမည်။ သတင်းတောင်းခံမှုကို ငြင်းပယ်မည်ဆိုပါကလည်း လျှောက်ထားသူကို တရားဝင်အကြောင်းပြန်ကြားပြီး ငြင်းပယ်ရခြင်းအကြောင်းနှင့် အယူခံဝင်လိုက ဝင်နိုင်သည့် လမ်းကြောင်းများကို အသိပေးရမည်။

ခိုင်မာသော လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့် စနစ်တစ်ခုတွင် သတင်းကော်မရှင်သို့မဟုတ် ကော်မရှင်နာကဲ့သို့သော အထူးကျွမ်းကျင်သော ကြပ်မတ်ကွပ်ကဲရေးအဖွဲ့တစ်ခုရှိလေ့ရှိသည်။ ထိုကော်မရှင်သည် အယူခံကိစ္စများကို ကြားနာဆုံးဖြတ်ခြင်း၊ ဥပဒေချိုးဖောက်မှုများကို စစ်ဆေးခြင်းနှင့် ဥပဒေ အကောင်အထည်ဖော်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ကူညီခြင်းတို့ကို ဆောင်ရွက်ရန် အာဏာရှိသည်။ ထိုအဖွဲ့သည် လုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် လုံလောက်သော အရင်းအမြစ်များနှင့်ဥပဒေကြောင်းအရ အခွင့်အာဏာတို့ရှိရမည်ဖြစ်ပြီး သတင်း အချက်အလက်များကို ဖွင့်ချရန် အမိန့်ပေးခြင်း၊ ဥပဒေကို မကြာခဏချိုးဖောက်သော အစိုးရဌာနများအား ဖွဲ့စည်းပုံဆိုင်ရာ ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်လိုအပ်သော

စာမျက်နှာ ၇ ကော်လံ ၁ သို့

တွေ့ဆုံမေးမြန်း

သမာသမတ်ရှိတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ဆိုရင် . . .

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွှန့်၊
မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

မြန်မာနိုင်ငံသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်လျက်ရှိပြီး ပြည်တွင်းပြည်ပရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သည့်အဖွဲ့များသည်လည်း တရားဝင်လေ့လာစောင့်ကြည့်ခွင့်ရရှိကြမည်ဖြစ်သည်။ အသွင်ကူးပြောင်းဆဲနိုင်ငံများအတွက် ပွင့်လင်းမြင်သာမှုနှင့် ပြည်သူများ၏ ပါဝင်ပတ်သက်မှုတို့သည် လွန်စွာအရေးပါလှသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများသည် ဘက်လိုက်မှုကင်းစွာ ရပ်တည်ခြင်းအားဖြင့် ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးအပေါ် ယုံကြည်မှုမြင့်တက်လာစေ၍ ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲအတွင်း ဖြစ်ပေါ်လာနိုင်သည့် မသမာမှုများနှင့် အငြင်းပွားမှုများကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်သွားမည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် PACE (ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့)၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်အား ရွေးကောက်ပွဲကဏ္ဍအတွက် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ ရွေးကောက်ပွဲတစ်ခုမှာ စောင့်ကြည့်လေ့လာသူတွေဘာကြောင့်လိုအပ်လဲ။

ဖြေ ။ ။ ရွေးကောက်ပွဲမှာ စောင့်ကြည့်လေ့လာသူတွေ ဘာကြောင့်လိုလဲဆိုတော့ ပထမဆုံးအချက်ကတော့ အငြင်းပွားစရာကိစ္စတစ်ခုဖြစ်လာခဲ့ရင် ဘက်မလိုက်ဘဲ သုံးသပ်ပေးနိုင်တဲ့ အဖွဲ့အစည်းရှိနေဖို့ပဲ။ စောင့်ကြည့်လေ့လာသူတွေက ရွေးကောက်ပွဲဖြစ်စဉ်ပိုပြီးတော့ သန့်ရှင်းလာဖို့အတွက် စောင့်ကြည့်တာ။ ဘက်မလိုက်တဲ့ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူတွေရဲ့ အဓိကသဘောတရားက ရွေးကောက်ပွဲမှာ ဘယ်သူနိုင်တယ်။ ဘယ်သူရှုံးတယ်ဆိုတာကို မကြည့်ဘူး။ အရပ်ဘက်အဖွဲ့အစည်းတွေ စောင့်ကြည့်တဲ့ရည်ရွယ်ချက်က ရွေးကောက်ပွဲဖြစ်စဉ်ဟာ ဘယ်လောက်ပွင့်လင်းမြင်သာမှုရှိသလဲ၊ ဘယ်လောက်တာဝန်ခံနိုင်တယ်။ အမျိုးသမီးတွေ ပါဝင်မှုရသလား၊ လူနည်းစုတွေ ပါဝင်မှုရသလား။ ဘယ်လောက်ပါဝင်မှုရှိသလဲဆိုတာကိုကြည့်တာ။ အမှားရှာတာ၊ မသမာမှုကို စောင့်ကြည့်တာထက်ပိုပြီး ကျော်ပါတယ်။ ဒီမိုကရေစီကို ပိုပြီးတော့ အထောက်အကူပြုတယ်။

မေး ။ ။ စောင့်ကြည့်တဲ့သူတွေမရှိရင် ဘာတွေဖြစ်လာနိုင်လဲ။

ဖြေ ။ ။ စောင့်ကြည့်သူတွေမရှိရင် လူထုရဲ့ ယုံကြည်မှုကို ရမှာမဟုတ်ဘူး။ လူထုယုံကြည်မှုမရှိရင် ဒီမိုကရေစီအားကောင်းဖို့ မလွယ်ဘူး။ ရွေးကောက်ပွဲဖြစ်စဉ်ကိုသမာသမတ်ကျတယ်လို့ ယုံကြည်လေလေ နောင်လာမယ့်ရွေးကောက်ပွဲတွေမှာ လူထုရဲ့ပါဝင်မှုပိုပြီးတော့ အားကောင်းလာလေပဲ။ ရွေးကောက်ပွဲတစ်ခုမှာ ယှဉ်ပြိုင်တဲ့ပါတီတွေ၊ ရွေးကောက်ပွဲကို စီမံခန့်ခွဲတဲ့သူတွေပါမယ်။ ရွေးကောက်ပွဲတွေမှာ စီမံခန့်ခွဲတဲ့သူတွေကို များသောအားဖြင့် အစိုးရကသတ်မှတ်ပေးတယ်။ အဲ့ဒီတော့ အစိုးရကလည်း သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေ မှန်ကန်ကြောင်းပြောမယ်။ နိုင်ငံရေးပါတီတွေဘက်ကလည်း သူတို့ရဲ့ ဆုံးရှုံးနစ်နာမှုတွေကို သူတို့ပြောမယ်။ ဒီအခါမှာ ရွေးကောက်ပွဲဖြစ်စဉ်ကြီးကို ကြားကနေပြီး ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပေးနိုင်မယ့်အဖွဲ့အစည်းတွေ လိုအပ်လာပြီ။ လူထုက ရွေးကောက်ပွဲဆိုတာ အစိုးရကလုပ်တာလို့ပဲ မြင်တယ်။ ရွေးကောက်ပွဲအပေါ် လူထုက သံသယဖြစ်တာ ဘာကြောင့်လဲဆိုရင် ရွေးကောက်ပွဲဖြစ်စဉ်ကို လူတွေက မသိတာနဲ့ ရွေးကောက်ပွဲဖြစ်စဉ်မှာ လူထုကပါဝင်မှုမရတာတွေကြောင့်ပါ။ ဒါကြောင့် အရပ်ဘက်အဖွဲ့အစည်းတွေ ရွေးကောက်ပွဲမှာ ပါဝင်မှုများလေ ပြည်သူလူထုရဲ့ယုံကြည်မှု ပိုမိုရရှိလေပဲ။

မေး ။ ။ စောင့်ကြည့်လေ့လာသူတွေကြောင့် ဘယ်လိုအကျိုးရလဒ်တွေ ရှိလာနိုင်သလဲ။

ဖြေ ။ ။ ရွေးကောက်ပွဲနေ့မှာ ဖြစ်ပေါ်နိုင်တဲ့ မသမာမှုတွေကို လျှော့ချနိုင်မယ်။ အရပ်ဘက်အဖွဲ့အစည်းတွေက ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးရဲ့ အစကနေအဆုံးထိ စောင့်ကြည့်ရတဲ့အတွက်ကြောင့် ပွဲပြီးသွားတဲ့အခါမှာ သုံးသပ်ချက်တွေ၊ အစီရင်ခံစာတွေ ထွက်ပေါ်လာမယ်။ ဒီအပေါ်မှာ နောက်ရွေးကောက်ပွဲလုပ်ရင် ဘယ်ဥပဒေတွေကိုတော့ ပြင်ဆင်ရမယ်။ ဘယ်မူဘောင်ကတော့ လစ်ဟာချက်တွေရှိတယ်ဆိုတာ တွေ့ရှိလာမယ်။ ရွေးကောက်ပွဲမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ပါဝင်စောင့်ကြည့်အကဲခတ်တဲ့အတွက် မသမာမှုကို ထိန်းချုပ်နိုင်တယ်။ မဲရုံမှာ ကျွန်တော်တို့ ရှိနေခြင်းအားဖြင့် ပါတီအနေနဲ့သော်လည်းကောင်း၊ မဲရုံတာဝန်ရှိသူတွေအနေနဲ့သော်လည်းကောင်း မသမာမှုတွေ လုပ်ဖို့ခဲယဉ်းသွားမယ်။ ရွေးကောက်ပွဲကို ပိုပြီးတော့ သမာသမတ်ရှိလာစေတယ်။

ဦးစိုင်းရဲကျော်စွာမြင့်

မေး ။ ။ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူတွေက ရွေးကောက်ပွဲရဲ့ ဘယ်လိုအခန်းကဏ္ဍကနေစပြီး စောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်ကြသလဲ။

ဖြေ ။ ။ ပုံမှန်အတိုင်းဆိုရင်တော့ ဥပဒေမူဘောင်တွေ စပြီး ရေးဆွဲတဲ့အချိန်ကနေ နောက်ဆုံးရွေးကောက်ပွဲရလဒ်ထွက်ပေါ်အပြီး အငြင်းပွားမှုတွေအထိ စောင့်ကြည့်လေ့လာကြတယ်။ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ ဥပဒေတွေ၊ မူဘောင်တွေကို သုံးသပ်ပြီး ဘယ်ပါတီကို အသားပေးတယ်။ ဘယ်ပါတီကိုတော့ ဖိနှိပ်ထားတယ်။ ဘယ်လူမျိုးစုကတော့ ပါဝင်ခွင့်မရဘူးဆိုတာကနေ၊ ရွေးကောက်ပွဲနဲ့ ဆက်စပ်နေတဲ့အခြေခံဥပဒေအထိ ထည့်သွင်းစဉ်းစားဖို့လိုတယ်။ ပြီးတော့မှ ကျွန်တော်တို့နဲ့ သီးခြားသက်ဆိုင်တဲ့ စောင့်ကြည့်လေ့လာသူတွေအတွက် ထုတ်ပြန်တဲ့ဥပဒေတွေနဲ့ နည်းဥပဒေတွေကို သုံးသပ်ဖို့လိုတယ်။ ပြီးရင် မဲစာရင်းပြုစုတဲ့ ကိစ္စတွေ၊ ရွေးကောက်ပွဲကျင်းပရာမှာ ရွေးကောက်ပွဲကော်မရှင်က သုံးတဲ့ပစ္စည်းကိရိယာတွေရဲ့ အရည်အသွေးကအစ စောင့်ကြည့်ရမယ်။ ဥပမာ. . တံဆိပ်တုံးထုမယ်ဆိုရင်တောင် မင်အရည်အသွေး၊ စာရွက်အရည်အသွေး အဲဒါတွေကို ကျွန်တော်တို့သိဖို့လိုတယ်။ တံဆိပ်တုံးထုပြီးရင် မင်က ချက်ချင်းမခြောက်ဘဲ စာရွက်ရဲ့ ဟိုဘက်မှာသွားကပ်ပြီး ပယ်မဲဖြစ်နိုင်မလား။ စာရွက်တွေပေါ်မှာ မင်ပြန့်သွားပြီး ပယ်မဲဖြစ်နိုင်မလားပေါ့။ အဲလိုမျိုးတွေ စောင့်ကြည့်ရတယ်။ နောက်တစ်ခုက မဲရုံတွေ နေရာချတာတွေကို လေ့လာရမယ်။ မဲရုံတွေက အလွန်ဝေးနေသလား။ နောက်ဘာသာရေးအကဲဆတ်တဲ့ နေရာမျိုးမှာ မဲရုံထားရင် တစ်ဖက်က မဲမထည့်ရဲတာမျိုး။ လုံခြုံရေးအရ စိတ်မချတဲ့နေရာမျိုးမှာ မဲရုံသွားလုပ်ထားတာမျိုး။ အဲဒါတွေကိုလည်း ကျွန်တော်တို့က ကြည့်ဖို့လိုတယ်။ မဲဆန္ဒနယ်တွေကကော အပြောင်းအလဲရှိသလား မရှိဘူးလား။ ဒါတွေကတော့ ရွေးကောက်ပွဲမတိုင်ခင်မှာ စောင့်ကြည့်လေ့လာရတဲ့ကိစ္စပေါ့။

နောက်ရွေးကောက်ပွဲနေ့မှာဆိုရင် မဲရုံဖွင့်တဲ့အချိန်၊ ပိတ်တဲ့အချိန်တွေကို အတိအကျစောင့်ကြည့်ဖို့ လိုတယ်။ တစ်နေကုန် မဲထည့်တဲ့ဖြစ်စဉ်တွေကို စောင့်ကြည့်ဖို့လိုတယ်။ မဲရေတွက်တဲ့ကိစ္စ။ မဲစာရင်းအချုပ် ပြုလုပ်တဲ့ရလဒ်တွေ၊ မဲစာရင်းရလဒ်ကြေညာတာတွေ၊ အငြင်းပွားမှုတွေအထိ စောင့်ကြည့်ရမယ်။ အငြင်းပွားမှုတွေမှာ၊ ခုံရုံးတွေမှာ၊ အမှုချိန်းတွေမှာ သွားကြည့်ခွင့်ရမလား၊ မရရင် အမှုတွဲတွေ ကြည့်ခွင့်ရမလားပေါ့။ ဒါမှစီရင်ချက်တွေဟာ သန့်ရှင်းသလား၊ တရားမျှတမှုရှိသလားဆိုတာတွေကို ကြည့်ပြီး နောက်လုပ်မယ့် ရွေးကောက်ပွဲအတွက် ဘယ်နေရာမှာ လိုအပ်ချက်တွေရှိတယ်။ ပြင်ဆင်မှုလိုအပ်တယ်ဆိုတာတွေ ထောက်ပြလို့ရလာမယ့် အစီရင်ခံစာတွေ ထွက်လာမယ်။

မေး ။ ။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ အနေနဲ့ ဘယ်လိုအပြုအမူတွေကိုတော့ ရှောင်ကြဉ်ဖို့လိုသလဲ။

ဖြေ ။ ။ ပထမအရေးအကြီးဆုံးအချက်ကတော့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ပါတီတစ်ခုခု၊ လူပုဂ္ဂိုလ်တစ်ယောက်ယောက်ကိုစွဲပြီး ဘက်လိုက်လို့မရဘူး။ ဒါက လုံးဝရှောင်ကြဉ်ရမယ့်ကိစ္စ။ စောင့်ကြည့်လေ့လာမှုကို အကြောင်းပြုပြီး မဲဆန္ဒရှင်တွေရဲ့ လျှို့ဝှက်မဲပေးတဲ့ အခွင့်အရေးကို ထိပါးလို့မရဘူး။ မဲရုံက ကြီးကြပ်နေတဲ့ ဖြစ်စဉ်မှာ အငြင်းပွားစရာကိစ္စတွေ၊ နည်းစနစ်ပိုင်းအရ မှားယွင်းမှုတွေကို နည်းစနစ်တကျလေ့လာထားတဲ့ စောင့်ကြည့်လေ့လာသူတွေဟာ အဲ့ဒီလိုကိစ္စတွေမှာ ပိုပြီးတော့သိပါတယ်။ ဒါပေမယ့် စောင့်ကြည့်လေ့လာနေတဲ့အချိန်မျိုးမှာ ဝင်ပါတာမျိုး၊ စွက်ဖက်တာမျိုးလုံးဝလုပ်လို့မရဘူး။ မဲရုံဝန်ထမ်းတွေက အတွေ့အကြုံနည်းပါးလို့ မတော်တဆမှားတာမျိုး ဖြစ်နေရင်တောင် စောင့်ကြည့်လေ့လာနေတဲ့အချိန်မှာ ဒါတွေကမှားနေပါတယ်လို့ ဝင်ရောက်ပြောဆိုခွင့်မရှိဘူး။ နိုင်ငံရေးပါတီကိုယ်စား စောင့်ကြည့်လေ့လာသူနဲ့ ကျွန်တော်တို့ အရပ်ဘက်စောင့်ကြည့်လေ့လာသူတွေအကြား ကွာခြားချက်ကတော့ နိုင်ငံရေးပါတီတစ်ခုခုအတွက် လေ့လာစောင့်ကြည့်ပေးရသူတွေက ဒီလိုပြဿနာတွေမှာ ဝင်ရောက်ပြောဆိုနိုင်တဲ့အခွင့်အရေးရှိတယ်။ အရပ်ဘက် လူမှုအဖွဲ့အစည်း စောင့်ကြည့်လေ့လာသူတွေအနေနဲ့ကတော့ တွေ့ရှိချက်တွေကို အစီရင်ခံစာရေးတဲ့အခါမှာလည်း ပုဂ္ဂိုလ်စွဲနဲ့လာတဲ့ စိတ်ခံစားမှုအပေါ်မှာ အခြေခံပြီး ပြောမယ့်အစား အပြင်မှာ လက်တွေ့တွေ့ရတဲ့အကြောင်းအရာတွေအပေါ် အခြေခံပြီး အစီရင်ခံစာတွေကို ရေးသားရမှာပါ။

မေး ။ ။ စောင့်ကြည့်လေ့လာမှု ပြီးစီးသွားတဲ့အခါ ထွက်ပေါ်လာမယ့် အစီရင်ခံစာတွေက ဘယ်လိုနေရာတွေမှာ ပြန်အသုံးချနိုင်လဲ။ ဘယ်လို အကျိုးပြုနိုင်သလဲ။

ဖြေ ။ ။ ပထမဆုံးအချက်က အစီရင်ခံစာက အထောက်အထားခိုင်လုံရင် ရွေးကောက်ပွဲကော်မရှင်ကို အကြံပေးလို့ရတယ်။ ဒီဖြစ်စဉ်တစ်ခုလုံးမှာ ဘယ်နေရာမှာတော့ မဲဆန္ဒရှင်အသိပညာပေးမှု အားနည်းလို့ မဲပေးတဲ့သူနည်းတယ်။ ဘယ်ဥပဒေမူဘောင်ကတော့ လက်တွေ့အသုံးချတဲ့နေရာမှာ အဆင်မပြေဘူး။ ဘယ်မူဘောင်တွေကတော့ ပြင်ဖို့လိုတယ်ဆိုတဲ့ အကြံဉာဏ်တွေကို ပေးလို့ရတယ်။ နောက်အချက်က မဲဆန္ဒရှင် ပညာပေးလုပ်ငန်းတွေဟာ ရွေးကောက်ပွဲနားနီးမှပေးရတဲ့အရာတွေမဟုတ်ဘူး။ ဒါကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို ဘယ်နေရာတွေမှာတော့ ပညာပေးလုပ်ငန်းတွေ လုပ်ပေးဖို့လိုမယ်ဆိုပြီး သူတို့ရဲ့ စီမံကိန်းတွေရေးဆွဲရာမှာ အထောက်အကူပေးနိုင်တယ်။ ပြီးရင် ရွေးကောက်ပွဲမှာ ဖြစ်ပေါ်တဲ့ မသမာမှုတွေကို ဖော်ထုတ်နိုင်တယ်။ ဘယ်နိုင်ငံရေးပါတီနဲ့ ဘယ်ကိုယ်စားလှယ်က မသမာမှုလုပ်တယ်ဆိုတာမျိုးပေါ့။ ပြောရရင်တော့ လူထုကနေ ရွေးကောက်ပွဲဖြစ်စဉ်အပေါ်မှာ သုံးသပ်နိုင်မယ်ပေါ့။ အစီရင်ခံစာတွေ ပြီးစီးတာနဲ့ စာအုပ်ထုတ်ဝေဖြန့်ချိပါတယ်။ အစီရင်ခံစာတွေမှာ တွေ့ရှိချက်တွေပါမယ်။ အကြံဉာဏ်ပြုချက်တွေပါမယ်။ ပြီးရင် ကျွန်တော်တို့ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအတွက် စောင့်ကြည့်လေ့လာတဲ့နေရာမှာ ဘယ်လိုပစ္စည်းတွေ သုံးခဲ့တယ်ဆိုတာပါမယ်။ ဘယ်မေးခွန်းတွေ မေးခဲ့တယ်။ ဘယ်နေရာတွေကိုသွားကြည့်ခဲ့တယ်ဆိုတာတွေပါမယ်။

မေး ။ ။ PACE အနေနဲ့ အရင်ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေမှာကော စောင့်ကြည့်လေ့လာခဲ့ဖူးသလား။

ဖြေ ။ ။ ၂၀၁၀ ရွေးကောက်ပွဲတုန်းကတော့ အဖွဲ့အစည်းအနေနဲ့ မဟုတ်ဘဲ ကျွန်တော်လေ့လာစောင့်ကြည့်ခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့အခြေအနေက မတူဘူး။ ခေတ်ကာလအရ စောင့်ကြည့်လေ့လာမှုတွေက စနစ်မကျဘူးပေါ့။ ၂၀၁၂ ကျတော့လည်း စောင့်ကြည့်လေ့လာမှုတွေရှိပေမယ့် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ဘူး။

ကျေးဇူးတင်ပါတယ်။

ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Election- PACE) ကို ၂၀၁၃ ခုနှစ်တွင် ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖြစ်သည့် လောကအလင်းလူမှုဖွံ့ဖြိုးရေး ကွန်ရက်၊ ပဏ္ဍိတဖွံ့ဖြိုးရေး အင်စတီကျု၊ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းတို့က စတင်တည်ထောင်ခဲ့သည်။ PACE အဖွဲ့သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို လွတ်လပ်၍ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယခုအခါတွင် စတင်တည်ထောင်ခဲ့သည့် အဖွဲ့သုံးဖွဲ့နှင့်ပတ်သက်မှုမရှိဘဲ သီးခြားလွတ်လပ်သောအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ PACE သည် အစိုးရမဟုတ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘက်မလိုက်သော ရွေးကောက်ပွဲ စောင့်ကြည့်အကဲခတ်သည့်အဖွဲ့အနေဖြင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်။

စာမျက်နှာ ၆ မှ

အမိန့်ထုတ်ပြန်ခြင်းများကို ဆောင်ရွက်နိုင်သည်။

ထိရောက်သော လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်ဥပဒေတစ်ခုတွင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးမည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းချက်တစ်ခုလည်း ရှိဖို့လိုသည်။ ယင်းတို့အထဲတွင် အချက်အလက်တောင်းခံလျှောက်ထားလွှာများကို စနစ်တကျလက်ခံဆောင်ရွက်နိုင်မည့် အထူးအရာရှိတစ်ဦး ခန့်ထားရေး၊ ဝန်ထမ်းလေ့ကျင့်သင်ကြားပေးရေး၊ မှတ်တမ်းမှတ်ရာများကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိရေးနှင့် ဥပဒေအကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်ပြီး နှစ်စဉ် အစီရင်ခံစာတင်သွင်းရေး စသည်တို့ပါဝင်နိုင်သည်။

ကြိုတင်သတင်းထုတ်ပြန်ပေးခြင်းများကလည်း လွတ်လပ်စွာသတင်းအချက်အလက်ရယူခွင့်၏ ဝေဖန်ဆန်းစစ်စရာ ကဏ္ဍတစ်ခုဖြစ်လာခဲ့သည်။ ဒီဂျစ်တယ်ခေတ်တွင် ပွင့်လင်းအစိုးရဖြစ်ရေးအတွက် ကြိုးပမ်းမှုများလည်း အားကောင်းလာရာ ပြည်သူလူထုက တောင်းခံခြင်းကြောင့်မဟုတ်ဘဲ အစိုးရကိုယ်တိုင်က မိမိတို့၏ သတင်းအချက်အလက်များကို အထူးသဖြင့် အင်တာနက်မှတစ်ဆင့် ပုံမှန်ထုတ်ပြန်ပေးနေခြင်းသည်လည်း ရွေးချယ်စရာနည်းလမ်းတစ်ခု ဖြစ်လာသည်။ လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်ကို ပံ့ပိုးကူညီပေးသည့်အပြင် အစိုးရဘက်ကလည်း မိမိသဘောနှင့် မိမိသတင်းထုတ်ပြန်ပေးနေခြင်းများသည် ပြည်သူ့အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချခြင်းတစ်မျိုးပင်ဖြစ်သည်။ အထူးသဖြင့် ပြည်သူတို့၏ တောင်းခံကြည့်ရှုခြင်းကိုခံရနိုင်သည့် သတင်းအချက်အလက်များကို အစိုးရဘက်က ကြိုတင်ထုတ်ပြန်ပေးထားခြင်းသည်လည်း ကောင်းမွန်သောအချက်ဖြစ်သည်။ ဥပမာအားဖြင့် မှတ်တမ်းမှတ်ရာတစ်ခုကို အွန်လိုင်းပေါ်တွင် အများပြည်သူ အလွယ်တကူလေ့လာနိုင်စေရန် တင်ထားပေးခြင်းက လူတစ်ဦးချင်းစီ၏ သတင်းအချက်အလက် တောင်းခံမှုများကို တုံ့ပြန်ဖြေရှင်းပေးနေသည်ထက် စာလျှင် များစွာလွယ်ကူသက်သာသည်။ အွန်လိုင်းသတင်းအချက်အလက်များကိုလည်း ဖြစ်နိုင်သလောက် သုံးစွဲသူများအဆင်ပြေစေမည့်ပုံစံမျိုးနှင့် တင်ပေးထားသင့်သည်။ ဥပမာ စကင်ဖတ်ထားသော မှတ်တမ်းများထက် စာလျှင် ကွန်ပျူတာက တိုက်ရိုက်ဖတ်ရှုကိုင်တွယ်နိုင်သည့် ဖော်မက်မျိုးဖြင့် တင်ထားပေးနိုင်ပါက ရှာဖွေရေးအင်ဂျင်များတွင် အလွယ်တကူရှာဖွေနိုင်ခြင်းစသော အကျိုးကျေးဇူးများပါ ရလာနိုင်သည်။

မွေးမြူရေးဆေးတက္ကသိုလ် စာပေ၊ အဆိုအကနှင့် ကာယအလှမောင်မယ်ပြိုင်ပွဲများကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စာပေနှင့် အနုပညာအသင်း၏ စည်းရုံးဆောင်ရွက်မှုဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀) ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ဆောင်းပါး၊ ဝတ္ထုတို၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများကိုလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အဆိုအကပြိုင်ပွဲများကိုလည်းကောင်း၊ ကာယအလှမောင်မယ်ပြိုင်ပွဲကို လည်းကောင်း ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့အထိ အဆိုပါတက္ကသိုလ်၏ ရွှေရတုခန်းမ၌ကျင်းပခဲ့ပြီး ဆုရရှိသူများအား ပါမောက္ခချုပ်/ ပါမောက္ခဒေါက်တာမာမာဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

တတိယအကြိမ်မြောက်တွေ့ဆုံသည့် အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး လေးပွင့်ဆိုင်တွေ့ဆုံပွဲမှ စကားသံများ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးနှင့်ပတ်သက်၍ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုကို ယနေ့ တတိယအကြိမ်မြောက် ပြုလုပ်သည်။ ယနေ့ ဆွေးနွေးပွဲသည် ဖေဖော်ဝါရီ ၁၁ ရက်က ညှိနှိုင်းရရှိခဲ့သည့် အချက် ၁၁ ချက်ကိုအခြေခံကာ ဆွေးနွေးခဲ့ကြခြင်းဖြစ်ရာ ဆွေးနွေးပွဲအပြီးတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဆွေးနွေးမှုရလဒ်ပိုင်းများနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားမှုများကို ဖော်ပြလိုက်ပါသည်-

တွေ့ဆုံမေးမြန်း-မောင်မောင်မြင့်ဆွေ၊ မောင်စိန်လွင်
ဓာတ်ပုံ- မင်းထက်

ဒေါက်တာအောင်ထွန်းသက် (Moderator)

အခြေခံကျတဲ့ အဆင့်သုံးဆင့်တော့ သဘောတူညီမှုရခဲ့တယ်။ ပထမအဆင့်အနေနဲ့ ကျောင်းသားတွေ တောင်းဆိုခဲ့တဲ့ အချက် ၁၁ ချက်ကို ဖေဖော်ဝါရီ ၁၁ ရက်က သဘောတူညီခဲ့တယ်။ ဒုတိယအဆင့်ကတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဒီနေ့သဘောတူခဲ့တယ်။ ပြီးတော့ တတိယအဆင့်ကတော့ အဲဒီဥပဒေကြမ်းကို လွှတ်တော်ကိုတင်ပြဖို့ အားလုံးက သဘောတူခဲ့ကြတယ်။ အားလုံး တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြတာပါ။ ကျောင်းသားတွေဘက်ကလည်း သူတို့လိုချင်တာတောင်းဆိုကြတယ်။ နိုင်ငံတော်ဘက်ကလည်းစေတနာနဲ့ ပူးပေါင်းပါဝင်လုပ်ဆောင်နေကြတာဖြစ်တယ်။ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ အဆင့်သုံးဆင့်ကို ရရှိသွားတာဟာ အင်မတန်ဝမ်းသာစရာပါ။ အခုလိုသဘောတူညီမှုရတဲ့အတွက် အစိုးရကိုယ်စားလှယ်တွေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေ၊ NNER မှ ကိုယ်စားလှယ်တွေနဲ့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်တွေအားလုံးကို ကျေးဇူးတင်ရမှာပါ။

ဦးသန့်ရှင်း
(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဥပဒေကြောင်းအရ ဝင်အောင်ရေးဖို့ပဲကျန်တော့တယ်။ ဘယ်အခန်းမှာ ဘယ်လို ထည့်မယ်ဆိုတာတွေပေါ့။ ဒီပြင်ဆင်ထားတဲ့ ဥပဒေကြမ်းကို လွှတ်တော်ကို သတ်မှတ်ထားတဲ့ ဖေဖော်ဝါရီ ၁၆ ရက် တင်နိုင်မှာပါ။ ပြင်ရမယ့်၊ ဖြည့်ရမယ့်အချက်တွေ အခုဆိုရင် တော်တော်ပြီးနေပါပြီ။ မနက်ဖြန်မှာ ပညာရေးဝန်ကြီးဌာနမှာ ဒီဥပဒေကြမ်းကို အပြီးသတ်ဖြည့်ပြီးရင် အစိုးရအဖွဲ့ကတစ်ဆင့် လွှတ်တော်ကိုတင်ဖို့ အဆင်သင့်ဖြစ်မှာပါ။ သူတို့ မူလကတောင်းဆိုထားတဲ့ အချက် ၁၁ ချက်ကို ပြင်ဖို့ သဘောတူခဲ့ပြီးဖြစ်တယ်။ အခု ကျောင်းသားတွေချီတက်နေတာက ရန်ကုန်ကိုရောက်ဖို့ အဓိကလား၊ သူတို့လိုချင်တဲ့ အချက် ၁၁ ချက်က အဓိကလား၊ အချက် ၁၁ ချက် လိုချင်တာဆိုရင်တော့ အားလုံးသဘောတူလိုက်ပြီဖြစ်တယ်။ ဒါပေမယ့် သူတို့ဘက်ကတော့ သပိတ်ကို ရပ်တန့်ဖို့မရှိဘူး။ ဒီဥပဒေကြမ်း အတည်မပြုသေးလို့ ဆက်ချီတက်မယ်ပြောတယ်။ ကျွန်တော်တို့ဘက်ကတော့ လိုက်လျောပေးနိုင်သမျှ လိုက်လျောပေးလိုက်ပြီ။ ရန်ကုန်ကိုချီတက်ဖို့ကိစ္စမှာ သက်ဆိုင်ရာက မဖြစ်သင့်တာမဖြစ်ရအောင် ကြိုတင်တားမြစ်တဲ့ သဘောပါ။

ဒေါ်ညိုညိုသင်း(NNER)

ဒီနေ့ ဖြည့်စွက်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို မနက်ဖြန်မှာ အပြီးသတ်ပြီး ရှေ့နေချုပ်မှတ်ချက်နဲ့အတူ ပညာရေးဝန်ကြီးဌာနက လွှတ်တော်ကိုတင်မှာပါ။ မနက်ဖြန်တော့ အစိုးရဘက်ကရယ်၊ NNER ရယ်နဲ့ ကျောင်းသားကိုယ်စားလှယ်တွေရယ် ဒီလောက်ပဲပါမှာပါ။ မနက်ဖြန်တော့ ဒီဥပဒေကြမ်းကို လုံးဝအပြီးပေါ့။ တကယ်တော့ ဒီဥပဒေကြမ်းဟာ ဒီနေ့ပြီးရမှာ။ ဒါပေမယ့် မပြီးပြတ်ခဲ့ဘူး။ မနက်ဖြန်မှာ ဒီနေ့ ပြင်ဆင်ဖြည့်စွက်ထားတဲ့အချက်တွေကို ဥပဒေပုံစံ ပြောင်းရုံပါပဲ။ အစိုးရအနေနဲ့ကတော့ သပိတ်တွေကို မဝင်စေချင်ဘူး။ ရောက်တဲ့နေရာကနေ လှည့်ပြန်စေချင်တယ်။ ဒါပေမယ့် Moderator တွေက အကြံပေးတာကတော့ သပိတ်ကြောင်းတွေ ရောက်တဲ့နေရာမှာ ခဏရပ်နားထားဖို့ ဝင်ရောက်ဖျန်ဖြေတယ်။ သက်ဆိုင်ရာပြည်သူလူထုနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေကကူညီစောင့်ရှောက်ပေးထားဖို့ပြောတယ်။ ကျောင်းသားကိုယ်စားလှယ်တွေဘက်ကလည်း သူတို့သပိတ်ကြောင်းတွေကို အကြောင်းပြန်ကြားချက်ပေးဖို့ လိုအပ်တယ်လို့ ပြောကြတယ်။ စစ်ကြောင်းတွေကို အစီရင်ခံရမယ်ပေါ့။ ဒီနေ့ဆွေးနွေးပွဲရလဒ်ကို ပြန်ပြောဖို့ လိုအပ်တယ်လို့ ပြောကြတယ်။ သူတို့ကလည်း ဒီဥပဒေကြမ်းကို လွှတ်တော်က မြန်မြန်အတည်ပြုစေချင်တယ်။ ကျောင်းသားကိုယ်စားလှယ်တွေဘက်ကတော့ သပိတ်စခန်းတွေကို ရပ်ဖို့ မရပ်ဖို့ သပိတ်ကျောင်းသားတွေရဲ့ဆန္ဒကို ပြန်ပြီးခံယူရဦးမယ်လို့ ပြောတယ်။

ဖြိုးဖြိုးအောင်
ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီ

လက်ရှိအနေအထားကတော့ ဒီဥပဒေကြမ်း လွှတ်တော်က အတည်မပြုမချင်း သပိတ်ကို ရပ်လို့မရသေးပါဘူး။ အခြေအနေကို စောင့်ကြည့်နေရဆဲ ဖြစ်ပါတယ်။ သပိတ်ကြောင်းတွေကို အစိုးရဘက်က ရန်ကုန်ကိုမဝင်နဲ့လို့ ပြောပေမယ့် ဖြတ်သန်းရာဒေသအချို့မှာတင် အတားအဆီးအဟန့်အတားတွေနဲ့ ရင်ဆိုင်ခဲ့ရတာရှိတယ်။

ဒီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုမှသာ သပိတ်ကြောင်းတွေကို ရပ်ဆိုင်းမှာဖြစ်ပါတယ်။ ကျွန်မတို့ဘက်က အရင်တောင်းဆိုထားတဲ့အချက်အတိုင်းပဲ တောင်းဆိုနေတာပါ။ နောက်ထပ်တိုးပြီးတောင်းဆိုတာမရှိပါဘူး။ သပိတ်ဖြတ်သန်းရာနေရာတွေမှာ ဆွေးနွေးမှုရလဒ်တွေကို ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။

ကိုနန္ဒာစစ်အောင်
ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီ

ဒီနေ့ ဆွေးနွေးပွဲမှာတော့ ဥပဒေကြမ်းရေးဆွဲဖို့ ဖြစ်ပေါ်လာတာကြောင့် တိုးတက်တဲ့ လက္ခဏာတစ်ခုလို့ သုံးသပ်လို့ရတယ်။ ပြင်ဆင်ဖြည့်စွက်တဲ့ ဥပဒေကြမ်းက ခြောက်ခန်းပဲ ပြီးခဲ့တယ်။ အရင်ပညာရေး ဥပဒေကို ကျောင်းသားတွေအများစုက လက်မခံကြဘူး။ ဒါကြောင့် ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်လို့ တောင်းဆိုခဲ့ကြတယ်။ ဒါပေမယ့် အဆင်မပြေလို့ အခုလိုအခြေအနေ ဖြစ်လာတာ။ သပိတ်ကျောင်းသားတွေဘက်က လည်း တောင်းဆိုချက်တွေကို ခိုင်ခိုင်မာမာ မရသေးဘူး။အစိုးရကလည်း ရန်ကုန်ကိုမဝင်ဖို့ ပြောတယ်။ အခက်အခဲတွေ အများကြီးပါပဲ။ ဒီဥပဒေကြမ်းကို လွှတ်တော်က အမြန်ဆုံး အတည်ပြုဖို့လိုအပ်နေတယ်။ လွှတ်တော်က အတည်မပြုမှာကို စိုးရိမ်ပြီး စိတ်ပူနေကြတယ်။

❖ *ကျောဖုံးမှ*

အနာဂတ် လွှန်စွာလှပမည်ဖြစ်ပါကြောင်း၊ မူကြမ်းရပြီးပါက ဥပဒေပြင်ဆင်ရေးအပိုင်းများကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တစ်တိုင်းပြည်လုံး မျှော်လင့်နေသော ဥပဒေအသစ်ဖြစ်သည့်အတွက် အဘက်ဘက်က ပြည့်စုံအောင် စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ယုံကြည်မှုတည်ဆောက်ရန်မှာ အချိန်များစွာယူရပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုတို့ဖြင့် ဆောင်ရွက်ကြရန် ပန်ကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Moderator အဖြစ်ဆောင်ရွက်သူ ဒေါက်တာကျော်သူက အားလုံးကတိကဝတ်ပြုထားသည့်အတိုင်း သဘောတူညီချက်များကို အောင်မြင်အောင် ဆက်လက်ဆွေးနွေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယပိုင်းအစီအစဉ်အဖြစ် လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးအဖွဲ့ဝင်များ၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက်နှင့် ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားရာတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ထွက်ပေါ်လာရေးအတွက် ယနေ့နံနက်ပိုင်းတွင် ဆွေးနွေးသဘောတူညီမှုများ ရရှိခဲ့ကြပါကြောင်း၊ ဥပဒေမူကြမ်း ရရှိပြီးဖြစ်၍ ကျောင်းသားများက တောင်းဆိုထားသည့် အချက်များ အဆင့်အလိုက် ဆောင်ရွက်ပေးမှုကြောင့် ကျေနပ်အောင်မြင်မှုများ ရရှိနေပြီဟု ဆိုနိုင်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံရေးကျင့်စဉ်နှင့်အညီ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု၏ အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ပါကြောင်း၊ တောင်းဆိုချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ သပိတ်စစ်ကြောင်းများအနေဖြင့် အောင်မြင်မှုကိုပိုက်လျက် လက်ရှိနေရာများမှ သက်ဆိုင်ရာဒေသများသို့ ငြိမ်းချမ်းစွာ ပြန်လည်သွားရောက်နိုင်ပြီဖြစ်ပါကြောင်း၊ မကြာမီ ကျောင်းသားကျောင်းသူများ၏ စာမေးပွဲရာသီရောက်ရှိလာပြီဖြစ်၍ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကြမ်းအား လွှတ်တော်သို့ အမြန်ဆုံးတင်ပြ၍ အတည်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာအဖွဲ့များက တင်ပြဆွေးနွေးခဲ့ကြပြီး ပူးတွဲထုတ်ပြန်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးအတွက် သက်ဆိုင်ရာ Working Group များ၏ ဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ထပ်မံ၍ အပြီးသတ်ရေးသားပြုစုရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖိတ်ခေါ်သေနတ်ပစ်ပြိုင်ပွဲ ပြည်ထဲရေးဝန်ကြီးဌာန(က)အသင်း တံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိရေးအတွက် ရည်ရွယ်ကာ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားဖိတ်ခေါ်သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထက်ညီ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တံခွန်စိုက်ဆုကို ရွှေခြောက်၊ ငွေသုံးဖြင့် ပြည်ထဲရေးဝန်ကြီးဌာန(က)အသင်းက ပထမ၊ ရွှေလေး၊ ငွေငါး၊ ကြေးငါးဖြင့် ကာကွယ်ရေးဝန်ကြီးဌာန(က)အသင်းက ဒုတိယ၊ ရွှေလေး၊ ငွေငါး၊ ကြေးနှစ်ဖြင့် အားကစားဝန်ကြီးဌာန(က)အသင်းက တတိယရရှိရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

လောက်ကိုင်မြို့တွင်း ထိတွေ့တိုက်ပွဲဖြစ်ပွားရာ လူ၊ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

လောက်ကိုင်နယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက အင်အားဖြည့်တင်း၍နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လောက်ကိုင်မြို့တွင်း၌ ကိုးကန့်တိမ်းရှောင် အင်အားအချို့နှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

လောက်ကိုင်မြို့တွင်း၌ အမာခံသတင်းပေးများ၏ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ မြို့တွင်းရှိ သောင်းကျန်းသူ စိမ့်ဝင်အခြေပြုနေရာများတွင် ယနေ့နံနက်ပိုင်းမှ စတင်၍ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ည ၇ နာရီအချိန်အထိ သောင်းကျန်းသူထံမှ လက်နက်ငယ်မျိုးစုံ ၉၈ လက်၊ ခဲယမ်းဆက်စပ်ပစ္စည်းနှင့် သောင်းကျန်းသူအလောင်း၁၃ လောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး အပြင်းအထန် ဒဏ်ရာရရှိသူ ရှစ်ဦးတို့အား ဖမ်းဆီးရရှိခဲ့ကြောင်းနှင့် လောက်ကိုင်မြို့နှင့်ဆက်စပ်ဒေသများတွင် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❒ ***ရွှေဖုံးမှ***

ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ ပွဲစဉ်ပေါင်း ၂၀ ယှဉ်ပြိုင်ကြပြီး အမျိုးသားမီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၌ သီဟအောင်(ရန်ကုန်)က ၂ မိနစ် ၁၃ ဒသမ ၇၀စက္ကန့်ဖြင့် ပထမ၊ သင့်မြတ် (ပဲခူး)က ၂ မိနစ် ၁၇ ဒသမ ၄၀ စက္ကန့်ဖြင့် ဒုတိယ၊ ထက်ထက်ထိုက် (တနင်္သာရီ)က ၂ မိနစ် ၁၈ ဒသမ ၁၃ စက္ကန့်ဖြင့် တတိယ၊ အမျိုးသမီးမီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၌ ရွှန်းလဲ့မော်ဦး (ရန်ကုန်)က ၂ မိနစ် ၂၀ ဒသမ ၉၀စက္ကန့်ဖြင့် ပထမ၊ စံပယ်သင်း (ရန်ကုန်)က ၂ မိနစ်၂၉ ဒသမ ၀၄ စက္ကန့်ဖြင့် ဒုတိယ၊ ငြိမ်းချမ်းရီထွန်း (မန္တလေး)က ၂ မိနစ် ၄၂ ဒသမ ၂၅စက္ကန့်ဖြင့် တတိယ၊ အမျိုးသား/ အမျိုးသမီးမီတာ ၄၀၀ လက်ဆင့်ကမ်း အလွတ်ကူးပြိုင်ပွဲ၌ ရန်ကုန်က ၄ မိနစ်၂၄ ဒသမ ၉၃ စက္ကန့်ဖြင့် ပထမ၊ မန္တလေးက ၄ မိနစ် ၃၃ ဒသမ ၁၄စက္ကန့်ဖြင့် ဒုတိယ၊ ပဲခူးက ၄ မိနစ် ၃၄ ဒသမ ၆၀ စက္ကန့်ဖြင့် တတိယ အသီးသီးရရှိကြသည်။

စစ်တုရင်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိဆိုရှယ်ဇုန်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာစစ်တုရင်အလွတ်တန်းပြိုင်ပွဲ၌ ကစားသမား ၄၉ ဦး၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် လူငယ်ပြိုင်ပွဲ၌ ကစားသမား ၃၇ ဦး၊ မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်းပြိုင်ပွဲ၌ ၃၃ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသား ၅၀ ကီလိုမီတာ တစ်ဦးချင်းစံချိန်ပြု စက်ဘီးပြိုင်ပွဲကို နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိကွင်းအပြင်ပတ်လမ်း၌ ကျင်းပရာ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကျော်ထွန်းဦး(မန္တလေး)က ၁ နာရီ ၁၀ မိနစ် ၂၅ ဒသမ ၉၃ စက္ကန့်ဖြင့် ပထမ၊ မြတ်သူဇော် (တနင်္သာရီ)က ၁ နာရီ ၁၃ မိနစ် ၄၂ ဒသမ ၀၅ စက္ကန့်ဖြင့် ဒုတိယ၊ ရဲခန့်မွန်(ကရင်)က ၁ နာရီ ၁၄ မိနစ် ၁၆ ဒသမ ၀၄စက္ကန့်ဖြင့် တတိယရရှိကြသည်။

စက်ဘီးစီးပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ဝူရှူးပြိုင်ပွဲတွင် အားကစားသမားတစ်ဦး ယှဉ်ပြိုင်စဉ်။

တင်းနစ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပဲခူးက နေပြည်တော်ကို (၃-၀) ဖြင့် လည်းကောင်း၊ ရန်ကုန်က ချင်းကို (၃-၀)ဖြင့်လည်းကောင်း၊ မန္တလေးက မကွေးကို (၃-၀)ဖြင့် လည်းကောင်း၊ ရခိုင်က ကရင်ကို (၃-၀) ဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ကြက်တောင်ပြိုင်ပွဲကို နံနက် ၉နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (င)၌ ကျင်းပရာ ရန်ကုန်က မကွေးကို လည်းကောင်း၊ ရှမ်းက ကရင်ကို လည်းကောင်း၊ တနင်္သာရီက ကယားကိုလည်းကောင်း၊ နေပြည်တော်က ပဲခူးကိုလည်းကောင်း၊ ရန်ကုန်က မွန်ကို လည်းကောင်း (၃-၀)ဖြင့် အသီးသီး အနိုင်ရကြသည်။

ခရစ်ကက်ပြိုင်ပွဲကို နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပဲခူးက မကွေးကို ၁၅၆ မှတ်အသာဖြင့်လည်းကောင်း၊ ရန်ကုန်က နေပြည်တော်ကို 7Wicket ဖြင့် လည်းကောင်း၊ မန္တလေးက ရခိုင်ကို ၁၁၆ မှတ်အသာဖြင့် လည်းကောင်း၊ ဧရာဝတီက တနင်္သာရီကို ၇၁ မှတ်အသာဖြင့် လည်းကောင်း၊အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်က ရခိုင်ကို ၁၆၄ မှတ်အသာဖြင့် လည်းကောင်း၊ မန္တလေးက ပဲခူးကို ၉၅ မှတ်အသာဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဂေါက်သီးပြိုင်ပွဲကို နံနက် ၇ နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ ဒုတိယနေ့အပြီးတွင် အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၌ ရန်ကုန်က စုစုပေါင်းရိုက်ချက် ၄၃၃ ချက်ဖြင့် ပထမ၊ နေပြည်တော်က စုစုပေါင်းရိုက်ချက် ၄၄၇ ချက်ဖြင့် ဒုတိယ၊ မန္တလေးက စုစုပေါင်းရိုက်ချက် ၄၅၂ ချက်ဖြင့် တတိယ၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ၌ ရန်ကုန်က စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမ၊ ရခိုင်က စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ဒုတိယ၊ နေပြည်တော်က စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် တတိယ၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ ဟိန်းစည်သူ (ချင်း)က စုစုပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် ပထမ၊ ကျော်သက်ဦး (တနင်္သာရီ)က စုစုပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ ဇင်မင်းသူ (ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် တတိယ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ခင်မာနွယ်(ရခိုင်)က စုစုပေါင်းရိုက်ချက် ၇၆ ချက်ဖြင့် ပထမ၊ မေဦးခိုင်(ရန်ကုန်)က စုစုပေါင်း ရိုက်ချက် ၇၆ ချက်ဖြင့် ဒုတိယ၊ ဖူးပွင့်ရတီခိုင်(ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၇၇ ချက်ဖြင့် တတိယရရှိနေကြသည်။

ဝူရှူးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပရာ ထောက်လုပြိုင်ပွဲ ပွဲစဉ် ၁၃ပွဲ၊ ဆန်းဆို ပွဲစဉ် ၁၂ ပွဲ ယှဉ်ပြိုင်ကြသည်။

ယနေ့တွင် ဘောလုံး၊ ဖူဆယ်၊ ရိုးရာလှေလှော်၊ ရေကူး၊ ကြက်တောင်၊ ဘိလိယက်/စနူကာ၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဂေါက်သီး၊ တင်းနစ်၊ ဝူရှူး၊ ခရစ်ကက်၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို နေပြည်တော်ရှိသတ်မှတ်ထားသည့် နေရာများ၌ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

ဆောင်းပါး

အနက်ပြစကားလုံး၊ အသုံးပြစကားလုံး(၁)

မောင်ခင်မင်(ဓနုဖြူ)

"ကျွန်တော် စဉ်းစားမိတာကလေးတစ်ခု ဦးကို မေးချင်လို့ပါ" တူတော်မောင်က ခရီးရောက်မဆိုက် စကားစလိုက်သည်။

"ကဲ . . . ဆိုစမ်းပါဦး၊ ဘာများစဉ်းစားမိလို့ပါလိမ့်" ကျွန်တော်က စကားထောက်ပေးလိုက်ပါသည်။

"ဒီလိုပါ ဦး. . .။ကျွန်တော်တို့ မြန်မာဝါကျတွေမှာ တချို့စကားလုံးတွေကို နေရာကလေးပြောင်းလိုက်တာနဲ့ ဝါကျတစ်ခုလုံးရဲ့ အဓိပ္ပာယ်ပြောင်းသွားတာ ဘာကြောင့်ပါလိမ့်လို့ ကျွန်တော်မကြာမကြာ စဉ်းစားမိပါတယ်"

"ဒီတော့. . ."

"ဘာကြောင့် စကားလုံးတွေ နေရာပြောင်းရုံနဲ့ ဝါကျအဓိပ္ပာယ်ပါ ပြောင်းသွားရသလဲဆိုတာ မေးချင်တာပါ"

"အင်း. . . ငါ့တူက တော်တော်စဉ်းစားထားပုံရတယ်။ သာဓကလေး ဘာလေးပေးရင် ကောင်းမှာပေါ့"

"ဟုတ်ကဲ့။ 'မောင်မောင်က မမကို ပြောတယ်' ဆိုတဲ့ ဝါကျထဲက 'မောင်မောင်' နဲ့ 'မမ'ကို နေရာပြောင်းသုံးလိုက်ရုံနဲ့ 'မမက မောင်မောင်ကို ပြောတယ်'လို့ ဖြစ်သွားပြီး အဓိပ္ပာယ်ပါ ပြောင်းသွားတာမျိုးပါ ဦး"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒီအကြောင်းမပြောခင်၊ မြန်မာစကားမှာစကားလုံးတွေကို အမျိုးအစားနှစ်မျိုး ခွဲနိုင်တဲ့အကြောင်းက စပြောရမယ်ထင်တယ်"

"ပြောပြပါ. . . ဦး"

"မြန်မာစကားမှာ စကားလုံးတွေကို အနက်ပြစကားလုံးနဲ့ အသုံးပြစကားလုံးဆိုပြီး နှစ်မျိုးခွဲနိုင်တယ်။ ရှင်းပြရင် မင်းသိပြီးသားဖြစ်မှာပါ"

"ရှင်းပြပါ ဦး "

"အနက်ပြစကားလုံးဆိုတာက အနက်အဓိပ္ပာယ် ထင်ထင်ရှားရှားရှိတဲ့ စကားလုံးမျိုးပေါ့။ ဆိုပါတော့ကွာ။ 'အိမ်'ဆိုတဲ့ စကားလုံးကို ကြားလိုက်တာနဲ့ အဲဒီစကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို မသိဘူးလား"

"သိပါတယ် ဦး"

" အေး. . . 'အိမ်' ဆိုတဲ့စကားလုံးဟာ 'နေစရာအဆောက်အအုံ' ဆိုတဲ့ အဓိပ္ပာယ်ရှိကြောင်း သိကြတာပေါ့။ အဲဒီလိုပဲ 'လူ၊ ခွေး၊ မြေ၊ ရေ၊ ဆရာ၊ ကျောင်းသား၊ ပညာ၊ စိတ် 'စတဲ့ စကားလုံးတွေ' 'သွား၊ လာ၊ နီ၊ ဖြူ၊ ချမ်းသာ၊ ဆင်းရဲ၊ ပြေး၊ ခုန်၊ ကျဉ်း၊ ကျယ်' စတဲ့စကားလုံးတွေဟာလည်း အနက် အဓိပ္ပာယ်အထင်အရှားရှိတာမို့ အဲဒီစကားလုံးတွေကို ကြားလိုက်ဖတ်လိုက်တာနဲ့ ဘာကိုဆိုလိုတယ်ဆိုတာ သိကြတာပဲလေ။ အဲဒီစကားလုံးမျိုးတွေကို အနက်ပြစကားလုံးလို့ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အသုံးပြစကားလုံးဆိုတာကတော့ ခုနပြောတဲ့စကားလုံးတွေကို အနက်အဓိပ္ပာယ် အထင်အရှားမရှိတဲ့ စကားလုံးတွေပဲ။ ဆိုပါတော့ '၍၊ နှင့်၊ ၌၊ သဖြင့် 'ဆိုတဲ့ စကားလုံးမျိုးတွေ၊ 'တော့၊ လို့၊ တယ်၊ မယ်၊ နဲ့ ' ဆိုတဲ့ စကားလုံးတွေကို သူတို့ချည်းသက်သက် သုံးလို့မရဘူးလေ။ သူတို့ချည်းသက်သက်အဓိပ္ပာယ် အထင်အရှားမရှိဘူးလို့ ဆိုရမှာပေါ့"

"ဟုတ်တာပေါ့. . . ဦးရဲ့။ 'အိမ်'ဆိုတာ ဘာကိုဆိုလိုတာလဲလို့မေးရင် အိမ်တွေကို ညွှန်ပြလို့ရတယ်။ ဆင်းရဲတယ်ဆိုတာ ဘာကိုဆိုလိုတာလည်းလို့မေးရင်လည်း ရှင်းပြလို့ရတယ်။ '၍၊ တို့၊ ၌ 'တို့ကျတော့ အဲ့ဒီလိုညွှန်ပြစရာထင်ထင်ရှားရှား မရှိဘူးနော်။ ဒါကြောင့် အနက်အဓိပ္ပာယ် အထင်အရှားမရှိဘူးလို့ပြောတာ မဟုတ်လား. . . ဦး"

"အေး. . . ငါ့တူ တောင် တော်တော်ပညာရှိလာပြီ။ အဲဒီစကားလုံးတွေနဲ့ ရည်ညွှန်းလို့ရတဲ့ သက်ရှိသက်မဲ့လူမှုကိစ္စတစ်ခုခုတော့ အထင်အရှား မရှိဘူးလေ။ ဒါပေမယ့် အဲဒီစကားလုံးတွေက အနက်ပြစကားလုံးတွေ ဝါကျထဲမှာ ဘယ်လိုဆက်သွယ်တယ်ဆိုတဲ့ ဆက်သွယ်မှုကိုတော့ ဖော်ပြတယ်ကွဲ့။ ဥပမာပြရရင် 'ဆရာ' ဆိုတဲ့ အနက်ပြစကားလုံးနဲ့ 'အိမ်' ဆိုတဲ့အနက်ပြစကားလုံးကို ရှေ့နောက်စီပြီး 'ဆရာ အိမ်' လို့ပြောရင် ရေးရင် ဘယ်လိုဆက်သွယ်တယ်ဆိုတာ မသိရဘူးလေ။ အဲ . . . အလယ်က '၏' ဆိုတဲ့ အသုံးပြစကားလုံးထည့်ပြီး 'ဆရာ၏အိမ်' လို့ ပြောလိုက်တော့ ဘယ်လိုအဓိပ္ပာယ်ရသွားသလဲ"

" 'ဆရာ ပိုင်ဆိုင်တဲ့အိမ်' လို့ အဓိပ္ပာယ်ရပါတယ်. . . ဦး"

" အေးပေါ့။ ဒါကြောင့် အဲဒီစကားလုံးတွေက အနက်ပြစကားလုံးတွေကို ဘယ်လိုသုံးထားတယ်၊ ဘယ်လို ဆက်သွယ်မှုရှိတယ်ဆိုတာကို ဖော်ပြတာမို့ အသုံးပြစကားလုံးလို့ ခေါ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒါဆိုရင် မင်းမေးတဲ့ မေးခွန်းဆီရောက်တော့မယ်။ အသုံးပြစကားလုံးတွေဟာ အနက်ပြစကားလုံးတွေရဲ့ အလုပ်တာဝန်ကို သတ်မှတ်ပေးတဲ့ စကားလုံးတွေပဲ။ 'ဆရာသည်' လို့ သုံးလိုက်တာနဲ့ ဆရာဟာ ပြုလုပ်တဲ့သူဖြစ်သွားရောလေ။ 'ဆရာက' ဆိုရင်လည်း ဆရာဟာ ပြုလုပ်တဲ့သူပဲပေါ့။ 'ဆရာကို' လို့ ဆိုလိုက်တာနဲ့ ဆရာဟာ ပြုလုပ်ခြင်းခံရတဲ့သူဖြစ်သွားတာပေါ့။ ဒီတော့ 'က' ဟာ ပြုလုပ်သူကို ပြတဲ့အသုံးပြစကားလုံးပေါ့။ 'ကို' ဟာ ပြုလုပ်ခံရသူကိုပြတဲ့ စကားလုံးပေါ့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"ကဲ မင်းပြောတဲ့ သာဓကကိုပြန်ကြည့်ရအောင်။ 'မောင်မောင်က မမကို ပြောတယ်' ဆိုတဲ့ ဝါကျမှာ မောင်မောင်ကို 'က' နဲ့ တွဲလိုက်တဲ့အတွက် မောင်မောင်ဟာ ကြည့်တဲ့သူဖြစ်သွားတာပေါ့။ မမကို 'ကို' နဲ့ တွဲလိုက်တဲ့အတွက် မမဟာ အကြည့် ခံရတဲ့သူဖြစ်သွားတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ မောင်မောင်နဲ့ မမကို နေရာပြောင်းပြီး 'မမက' 'မောင်မောင်ကို' လို့ သုံးတဲ့ အခါမှာလည်း 'က'နဲ့ တွဲတဲ့ မမက ကြည့်တဲ့သူဖြစ်ပြီး 'ကို' နဲ့ တွဲတဲ့ မောင်မောင်က အကြည့်ခံရသူဖြစ်သွားပြန်တာပေါ့ ငါ့တူရယ်"

"နားလည်ပါပြီ ဦး။ ဝါကျထဲကစကားလုံးတွေ နေရာပြောင်းရုံနဲ့ ဝါကျအဓိပ္ပာယ်ပြောင်းတာဟာ တွဲထားတဲ့ အသုံးပြစကားလုံးတွေကိုလိုက်ပြီး ပြောင်းတာကိုး"

"အေးပေါ့။ အသုံးပြစကားလုံးတွေက သူ့ရှေ့မှာကပ်နေတဲ့ အနက်ပြစကားလုံးတွေရဲ့အသုံးကို သတ်မှတ်ပေးတာလေ။ 'မန္တလေးမှ' ဆိုတာနဲ့ မန္တလေးဟာ ထွက်ခွာရာနေရာဖြစ်ကြောင်း 'မှ' က သတ်မှတ်ပေးပြီးသားလေ။ 'ရန်ကုန်သို့' ဆိုတာနဲ့ ရန်ကုန်ဟာ ရှေးရှုသွားရာနေရာဖြစ်ကြောင်း 'သို့' က သတ်မှတ်တာပေါ့။ 'ဓားနဲ့' လို့ ဆိုတာနဲ့ 'ဓား' ဟာ အသုံးပြုခံရတဲ့ပစ္စည်းဖြစ်ကြောင်း၊ 'နဲ့' က သတ်မှတ်ပြီးသားလေ။ အဲ. . . 'သူ့ကြောင့်' လို့ ဆိုရင်လည်း 'ကြောင့်' က သူဟာတစ်ခုခုဖြစ်စေတဲ့အကြောင်း ဖြစ်တယ်ဆိုတာ သတ်မှတ်လိုက်တာပေါ့။ 'သူ့ကြောင့် အပြောခံရတာ' ဆိုတာမျိုးပေါ့ကွယ်"

"နားလည်ပါပြီ ဦး"

" အဲ. . . ဝါကျဖွဲ့ရာမှာအနက်ပြစကားလုံးချည်းသုံးလို့လည်း မဖြစ်ဘူး။ အသုံးပြစကားလုံးမပါရင် ဝါကျအဓိပ္ပာယ်မပေါ်ဘူးပေါ့။ 'ဆရာရန်ကုန် မန္တလေးသွား' ဆိုရင် ဘယ်လို အဓိပ္ပာယ်ကောက်မလဲ။ ဆရာ ရန်ကုန်က မန္တလေးကိုသွားတာလား။ ဆရာ ရန်ကုန်ကို မန္တလေးက သွားတာလား။ ဆရာ ရန်ကုန်ကိုရော မန္တလေးကိုရော သွားတာလား။ အမျိုးမျိုးဖြစ်နိုင်တယ်မဟုတ်လား။ အသုံးပြစကားလုံးတွေထည့်သုံးမှ ဆိုလိုတဲ့အဓိပ္ပာယ်ပေါ်မှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ။ အသုံးပြစကားလုံးတွေချည်း တန်းစီပြီးထားရင် ဘာအဓိပ္ပာယ်ထွက်မှာလဲ။ '၍ သဖြင့်-၌ တွင် သောကြောင့်၏တည်း ' လို့ ရေးကြည့်ပါလား။ ဒါမှမဟုတ်၊ 'တော့လို့နဲ့ တဲ့မှာ ကိုတယ်'လို့ ပြောကြည့်ပါလား။ ရယ်စရာဖြစ်သွားမှာပေါ့။ အနက်ပြစကားလုံးတစ်လုံးမှ မပါဘဲ ဘာအဓိပ္ပာယ်ရှိမှာလဲ"

"ဟုတ်တယ်နော် . . . ဦး"

"ဒီတော့ ဝါကျထဲမှာ ဒီစကားလုံးနှစ်မျိုးစလုံးပါမှ အဓိပ္ပာယ်ရှိမယ်ဆိုတာ သေချာတာပေါ့ကွယ်။ ဒါနဲ့ သတိရလို့ မေးရဦးမယ်။ မင်းတို့ ကျောင်းသားတုန်းက မြန်မာသဒ္ဒါသင်ရတယ် မဟုတ်လား"

"သင်ရပါတယ်. . . ဦး"

"မြန်မာသဒ္ဒါမှာ နာမ်တို့၊ ကြိယာတို့၊ နာမဝိသေနတို့၊ ဝိဘတ်တို့ စသည်ဖြင့်ပေါ့ကွာ။ ဝါစင်္ဂတွေ ခွဲတယ်လေ။ အဲဒီဝါစင်္ဂတွေကို ချုပ်ကြည့်ရင် ခုပြောတဲ့ အနက်ပြစကားလုံးနဲ့ အသုံးပြစကားလုံးဆိုပြီး စကားလုံးနှစ်မျိုးပဲ ရှိတယ်ကွ။ မင်းကိုမေးချင်တာက အဲဒီစကားလုံးတွေကို ဘယ်နှစ်မျိုးခွဲမလဲလို့ မေးချင်တာပါ"

"ဩော်. . . ဟုတ်ကဲ့၊ အနက်အဓိပ္ပာယ်ထင်ရှားတဲ့ နာမ်၊ ကြိယာ၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာဝိသေသနဆိုတဲ့ စကားလုံးတွေကို အနက်ပြစကားလုံးလို့ သတ်မှတ်ရမယ်ထင်တယ်လေ. . . ဦး"

"ဟုတ်ပါပြီ။ ဒီလိုဆိုရင် ကျန်တဲ့ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း၊ အာမေဍိတ်တွေက အသုံးပြစကားလုံးတွေပေါ့ကွာ။ ဟုတ်ပြီ။ ဟုတ်ပြီ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ချက်မှတ်ဖို့က အနက်ပြစကားလုံးတွေက နေ့စဉ်နဲ့အမျှ အသစ်တွေ တိုးတိုးလာလို့ အရေအတွက် သိပ်များတယ်ဆိုတာပဲ။ သောင်းဂဏန်း၊ သိန်းဂဏန်းအထိ ရှိနိုင်တာပေါ့။ အဲ. . . အသုံးပြစကားလုံးတွေကတော့ အသစ်တိုးလေ့မရှိဘူးလေ။ နှစ်ပေါင်းများစွာကြာမှ တစ်လုံးစ နှစ်လုံးစ တိုးလာတာ။ မင်းပဲ စဉ်းစားကြည့်လေ။ '၍၊ ကို၊ ၌၊ လို၊ ၏၊ လို အသုံးပြစကားလုံး အသစ်တွေတိုးတာ တွေ့ဖူးလို့လား"

"မတွေ့ဖူးပါဘူး ဦးရယ်"

"အသုံးပြစကားလုံးအရေအတွက်က ရာဂဏန်းထက် မပိုဘူးလေ။ အဲဒီလို အရေအတွက်မများတဲ့ အသုံးပြစကားလုံးတွေကို သိပ်များတဲ့အနက်ပြစကားလုံးတွေနဲ့ အမျိုးမျိုးတွဲစပ်သုံးပြီး ဝါကျအမျိုးမျိုးခွဲနိုင်တာဟာ မှတ်သားစရာကောင်းတဲ့ အချက်တစ်ချက်ပဲ ငါ့တူရေ"

"ဟုတ်ကဲ့၊ မှတ်သားထားပါတယ်။ ကျေးဇူးတင်ပါတယ်. . . ဦး"

အနက်ပြစကားလုံးတွေက နေ့စဉ်နဲ့အမျှ အသစ်တွေ တိုးတိုးလာလို့ အရေအတွက် သိပ်များတယ်ဆိုတာပဲ။ သောင်းဂဏန်း၊ သိန်းဂဏန်းအထိ ရှိနိုင်တာပေါ့။ အဲ. . . အသုံးပြစကားလုံးတွေကတော့ အသစ်တိုးလေ့မရှိဘူးလေ။ နှစ်ပေါင်းများစွာကြာမှ တစ်လုံးစ နှစ်လုံးစ တိုးလာတာ။

ဗိုလ်ချုပ် နှစ်(၁၀၀)ပြည့်နှင့် ကလေးများနေ့အထိမ်းအမှတ်သတင်းတိုများ

ဆွမ်းလောင်းပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

ပုလဲ ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက်က ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲ အခမ်းအနားကို စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ ရှားပါးသမိုင်းဝင်ဓာတ်ပုံ ၆၀ ကျော်နှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ဆောင်းပါးများနှင့် သုတ/ရသစာအုပ်မျိုးစုံ ၁၅၀ ကျော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

မန္တလေး၌ ကလေးများနေ့ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ ကလေးများနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမဆောင်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က အမှာစကားပြောကြားကာ စာစီစာကုံးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အထက(၁၆)ကျောင်းသားကလေးများက ဖိုးသူတော်ယိမ်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် ဂုဏ်ပြုပွဲအထိမ်းအမှတ် သံဃာတော်များအား ဆွမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၅ နာရီက စစ်ကိုင်းမြို့ ရွှေမင်းဝံပန်းခြံ ဗိုလ်ချုပ်ကြေးရုပ်ရှေ့နှင့် မြို့မဈေးကြီးရှေ့တို့တွင် ကျင်းပရာ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ ကိတ်မုန့်တို့ဖြင့် ဧည့်ခံပြီး သံဃာတော်များအား ပဲ၊ နံပြား လောင်းလှူခဲ့ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ကလေးများနေ့အခမ်းအနား လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံ ကလေးများနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး world vision Myanmar ၏ အမှတ်(၇)ရပ်ကွက်မှ မူကြိုကလေးငယ်များက ဖျော်ဖြေခဲ့ကြကာ မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

လွယ်ဂျယ် ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းနှင့် ရှားပါးဓာတ်ပုံများ၊ နိုင်ငံတစ်ဝန်းဖွံ့ဖြိုးမှု မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးစာစောင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးစာစောင်၊ ကျန်းမာရေးဗဟုသုတ၊ လူမှုဘဝမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးစာစောင်၊ စာပေဗဟုသုတဆောင်းပါးများနှင့် သတင်းစာဂျာနယ်၊ သုတ/ရသစာအုပ်များ စုံလင်စွာ ခင်းကျင်းပြသပေးခဲ့ရာ တက်ရောက်လာသူများနှင့် ကျောင်းသားကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ပုဂံက မီးမခတဲ့ ကဿပဗုဒ္ဓရုပ်ပွားတော်၏ပုံစံတူ မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး

ကျော်သူထက်(သတင်းစဉ်)

မြန်မာနိုင်ငံရှိ စကျင်ကျောက်ဆင်းတုတော်များတွင် ညာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးကို နေပြည်တော်၌ သုံးဖက်မြင်နည်းပညာဖြင့် ထုဆစ်ပူဇော်လျက်ရှိပါသည်။ အဆိုပါရုပ်ရှင်တော်မြတ်ကြီး၏ ညာဏ်တော်သည် ၃၂ ပေရှိမည်ဖြစ်ပြီး မန္တလေးမှ ကျောက်ဆစ်ပညာရှင်များနှင့် မိုးစီအင်န်စီကုမ္ပဏီမှ နည်းပညာရှင်များက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရားတောင်ဘက်မုခ်ရှိ ကဿပဗုဒ္ဓရုပ်ပွားတော်ပုံတော်အတိုင်း ပုံဖော်ထုဆစ်နေကြသည်။

ရုပ်ရှင်တော်မြတ်ကြီးကို အများပြည်သူကုသိုလ်ကောင်းမှု လှူဒါန်းငွေများဖြင့် တည်ဆောက်လျက်ရှိပြီး ပြီးစီးပါက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အောင်မောဠိတောင်ညွန့်၌ တည်ထားကိုးကွယ်သွားမည်ဖြစ်သည်။ မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ရန် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှ အလျား ၄၅ ပေ၊ အနံ ၁၃ ပေခွဲနှင့် အမြင့် ရှစ်ပေရှိသည့် စကျင်ကျောက်တော်ကြီးကို နေပြည်တော်သို့သယ်ဆောင်ပြီး ထုဆစ်နေကြောင်း သိရသည့်အတွက် တာဝန်ယူ တည်ဆောက်နေသူများနှင့် ပုံစံဖော်ထုဆစ်နေကြသည့် ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးကံချွန် (နေပြည်တော်ကောင်စီဝင်)

ဖိုးဇောင်းတောင်မှာ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီးတည်ဖို့ နိုင်ငံတော်သမ္မတက အစပြုခဲ့တာဖြစ်ပါတယ်။ ဖိုးဇောင်းတောင်က နေပြည်တော်မှာ ထူးထူးခြားခြား အမြင့်ဆုံးဖြစ်နေပါတယ်။ ပေသုံးထောင်ကျော်လောက်ရှိပါတယ်။ တောင်ပေါ်ကနေကြည့်လိုက်ရင် နေပြည်တော်တစ်ခွင်ရဲ့ သာယာတဲ့မြင်ကွင်းတွေကို တွေ့နိုင်ပါတယ်။ ဒီနေရာမှာ ရုပ်တော်မူ ကိုယ်တော်ကြီးတည်လိုက်ရင် သာသနာတော်ပြန့်ပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မယ်လို့ ထင်ပါတယ်။

မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီး တည်ဆောက်ရာမှာတော့ ပုဂံမှာရှိတဲ့ အာနန္ဒာဘုရားလိုဏ်တော်ထဲမှာ ရုပ်တော်မူလေးဆူရှိပါတယ်။ အဲဒီအထဲမှာ မီးမခတဲ့ ကဿပဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိပါတယ်။ ဖူးမြော်တဲ့အခါမှာလည်း တစ်နေရာနဲ့တစ်နေရာ မတူဘဲ ဖူးမြော်ရင် မတူတဲ့ပြုံးတော်မူဟန်ကို တွေ့ရမှာဖြစ်ပါတယ်။ မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးကို လက်မှုပညာနဲ့ကြည့်ပြီး ထုဆစ်မယ်ဆိုရင် ထုဆစ်တဲ့သူရဲ့စိတ်ခံစားချက်အပေါ်မူတည်ပြီး ကွဲလွဲသွားနိုင်တာလေးတွေရှိနိုင်ပါတယ်။ ပုဂံက မီးမခတဲ့ ကဿပဗုဒ္ဓရုပ်ပွားတော်ရဲ့ပုံစံတူအတိုင်း ထပ်တူဖြစ်အောင်ထုဖို့ဆိုရင် သုံးဖက်မြင်ပုံဖော်ပြီး စီအင်န်စီစက်နဲ့ထုဆစ်မှ ရမှာဖြစ်တဲ့အတွက်ကြောင့် စက်နဲ့ထုဆစ်ရတာဖြစ်ပါတယ်။

ရုပ်ရှင်တော်မြတ်ကြီး တည်ထားတဲ့အခါမှာလည်း ငလျင်ဒဏ်၊ လေဒဏ်ခံနိုင်အောင် ဂျပန်နည်းပညာ ရယူဆောင်ရွက်ထားပါတယ်။ တောင်ထိပ်မှာတည်တဲ့အတွက် မြေကြွခိုင်မှုရှိအောင်လည်း ဆောင်ရွက်ရပါတယ်။ တစ်နာရီလေတိုက်နှုန်း မိုင် ၁၅၀ လောက်ခံနိုင်အောင် ဆောင်ရွက်ရပါတယ်။

ရုပ်ရှင်တော်မြတ်ကြီးရဲ့အောက်မှာ ပလ္လင်တော်လည်းထည့်မှာဖြစ်တဲ့အတွက် စုစုပေါင်း ညာဏ်တော်ပေ ၄၀ လောက်ဖြစ်သွားပါတယ်။ စကျင်ကျောက်တော်ကြီးကို ဒီကိုမသယ်ယူခင်မှာလည်း ဟိုမှာ အလေးချိန်လျှော့နိုင်သမျှ လျှော့လို့ရအောင် အကြမ်းထုဆစ်ခဲ့ရပါတယ်။ အဲဒီလိုလျှော့လိုက်တာတောင် တန် ၁၁၀ လောက်ကျန်ပါသေးတယ်။ ဘေးတိုက်ရွှေ့လို့ရတဲ့ အဆင့်မြင့်ကားကြီးတွေနဲ့ သယ်ယူခဲ့ရသလို အင်ဂျင်နီယာပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေကိုလည်း အောင်မြင်စွာနဲ့ ဖြတ်သန်းသယ်ယူနိုင်ခဲ့ပါတယ်။

ပုဂံရှိ အာနန္ဒာဘုရား လိုဏ်တော်အတွင်းမှ ရုပ်တော်မူ ကဿပဗုဒ္ဓရုပ်ပွားတော် နှင့် မဟာသကျရုံသီရုပ်ရှင်တော် မြတ်ကြီး ထုဆစ်ရန် စကျင်ကျောက်တော်ကြီးအား နေပြည်တော်သို့ သယ်ဆောင် ခဲ့စဉ်က တွေ့ရစဉ်။

ဧပြီလကုန်လောက်ကို အပြီးထုဆစ်သွားဖို့ လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာ ဒီလောက်ကြီးတဲ့ စကျင်ကျောက်ဆင်းတုတော်ကြီးကို သုံးဖက်မြင်စက်နဲ့ ထုဆစ်တာဟာ ပထမဦးဆုံးဖြစ်ပါတယ်။ အရင်က စက်နဲ့ ထုဆစ်ခဲ့တဲ့ မဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံ ရုပ်ပွားတော်မြတ်ကြီးက ပေ ၂၀ လောက်ပဲရှိပါတယ်။ အခုက ပေ ၄၀ လောက်ရှိသွားနိုင်တယ်။ အောက်ခံပလ္လင်အပါအဝင်ပေါ့။ ဗုဒ္ဓသာသနာတော်ကို ရေရှည်တည်တံ့စေချင်ပါတယ်။ ဒါကိုပြည်သူတွေကိုလည်း သိစေချင်သလို လာရောက်ပြီးတော့လည်း ဖူးမြော်စေချင်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှု အားနည်းချက်များရှိရင်လည်း အကြံညာဏ်တွေပေးကြဖို့ ပြောချင်ပါတယ်။

ဦးဝင်းဆန်း (သုံးဖက်မြင်နည်းပညာအင်ဂျင်နီယာ၊ မိုး စီအင်န်စီကုမ္ပဏီ)

ဒီကျောက်တုံးတော်ကြီးဟာ လက်မှုပညာရှင်တွေ အကြမ်းထုဆစ်ပြီးတဲ့အချိန်မှာ တန် ၁၅၀ လောက်ရှိပါတယ်။ အဲဒီအကြမ်းထုဆစ်ထားတဲ့ ကျောက်တုံးတော်ကြီးကို မူရင်းနေရာဖြစ်တဲ့ စကျင်တောင်ကနေပြီးတော့ နေပြည်တော်ကို သယ်ဆောင်ဖို့လုပ်တဲ့အခါမှာ လမ်းရဲ့ခံနိုင်ဝန်အားဟာ တန် ၁၀၀ ကျော်ပဲရှိတယ်။ ဒါကြောင့် ဒီအကြမ်းထုဆစ်ပြီးတဲ့ တန် ၁၅၀ ဝန်းကျင်ရှိတဲ့ ကျောက်တုံးတော်ကြီးကို သယ်ဆောင်ဖို့ အခက်တွေ့ခဲ့တယ်၊ ဒါကြောင့် ဒီအကြမ်းထုဆစ်ထားတဲ့ ကျောက်တုံးတော်ကြီးကို ဓာတ်ပုံရိုက် သုံးဖက်မြင်ပုံထုတ်ပြီးတော့ ပိုနေတဲ့ ကျောက်သားတွေကို ထပ်မံထုဆစ်ပြီး တန် ၁၀၀ ဝန်းကျင်ရအောင် ဆောင်ရွက်ခဲ့ပါတယ်။

မိုးစီအင်န်စီက ထုတ်ထားတဲ့စက်ပစ္စည်းနဲ့ ဓာတ်ပုံရိုက်ပြီး သုံးဖက်မြင်ပုံအဖြစ် ပြောင်းလဲထုတ်လုပ်ထားတဲ့ ပုံတွေနဲ့ပေါင်းစပ်ပြီးတော့ မူရင်းပုံတော်အတိုင်းရရှိအောင် ကြိုးစားပြီး ထုဆစ်သွားမှာဖြစ်ပါတယ်။ ဒီလိုခေတ်မီစက်ပစ္စည်းတွေကို အသုံးပြုပြီး သုံးဖက်မြင်နည်းပညာနဲ့ ပေါင်းစပ်အသုံးပြုထားတဲ့အတွက် မူရင်းပုံတော်အတိုင်း ပဲရရှိမှာပါ။ ရရှိအောင်လည်း လွဲချော်မှုမရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဧပြီလ ၃၀ ရက်နေ့မှာ အပြီးထုဆစ်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။

သုံးဖက်မြင်နည်းပညာရဲ့ အဓိကထူးခြားချက်ကတော့ အနီးကပ်ဖူးမြော်ရင် တည်ကြည်တဲ့ ပုံတော်၊ နည်းနည်းဝေးဝေးကဖူးမြော်ရင် ပြုံးတော်မူဟန်ရှိပါတယ်။ ပုဂံအာနန္ဒာဘုရားမှာရှိတဲ့ မူရင်းပုံတော်ကလည်း ဖူးမြော်တဲ့နေရာအကွာအဝေးပေါ်မူတည်ပြီး ဒီလိုပဲဖူးမြင်ရပါတယ်။ အဲဒီအတိုင်း ဖူးမြင်လို့ရအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။

ဦးခင်မောင်သိန်း (အုပ်ချုပ်ရေးမှူး၊ မိုး စီအင်န်စီကုမ္ပဏီ)

ကျွန်တော်တို့ အခုလုပ်ငန်းစဉ်ကတော့ တတိယမြောက်လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ အရင်တုန်းက အင်ဒိုနီးရှားနိုင်ငံမှာ ပထမဦးဆုံး ရွှေတိဂုံဘုရားပုံတူတည်တဲ့အခါ ရွှေတိဂုံဘုရားပုံတူ ဘုရားပေါ်မှာ ပဋ္ဌိကတ်သုံးပုံရေးထိုးခဲ့ပါတယ်။ ကျွန်တော်တို့ ရှစ်ပေ၊ လေးပေ စတီးလ်ပြားပေါ်မှာ လေဆာနဲ့ရေးထိုးတဲ့လုပ်ငန်း စတင်ခဲ့ပါတယ်။ ဒုတိယကတော့ ကျွန်တော်တို့ အိန္ဒိယနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဂယာမှာ ပရိနိဗ္ဗာန်စံတော်မူတဲ့ပုံစံကို ကျွန်တော်တို့ ပုံစံတူဖြစ်အောင် ကွန်ပျူတာနဲ့ ထုလုပ်တဲ့လုပ်ငန်းဖြစ်ပါတယ်။ အဲဒီလုပ်ငန်းပြီးသွားလို့ ကျွန်တော်တို့ နေပြည်တော် ဗုဒ္ဓဂယာမှာ ကိုးကွယ်ပူဇော်ထားပြီးဖြစ်ပါတယ်။ အခုလက်ရှိကတော့ ကျွန်တော်တို့ အောင်မောဠိတောင်ညွန့်မှာ ပူဇော်မယ့် မဟာသကျရုံသီ ရုပ်ရှင်တော် ရုပ်ပွားတော်ကြီးကို ထွင်းထုပူဇော်ခြင်းဖြစ်ပါတယ်။

ဒီရုပ်ပွားတော်ကြီးဟာဆိုရင် ပုဂံခေတ်ဦးက ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ အာနန္ဒာဘုရား တောင်ဘက်မုခ်မှာရှိတဲ့ ကဿပဘုရားရဲ့ပုံစံတော်တူ ရုပ်ပွားတော်ကြီးဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ စတင်ထွင်းထုပူဇော်တဲ့ ဖေဖော်ဝါရီ ၁၃ ရက်မှာ မျက်နှာတော်၊ လက်တော်နဲ့ သင်္ကန်းတော်တွေ သပ္ပာယ်စွာပေါ်လွင်နေတယ်ဆိုတာကို တွေ့ရပါတယ်။ စက်ကို ပုံစံတူထူးခြားဟန်ကို ပေါ်အောင်ဆိုရင် မျက်နှာတော်ကို အနီးကပ်ကြည့်မယ်ဆိုရင် တည်နေပြီးတော့ အဝေးက ဖူးတယ်ဆိုရင် ပြုံးတော်မူဟန်ဆိုတဲ့ ထူးခြားဟန်တွေပေါ်လွင်အောင် ဓာတ်ပုံထဲမှာပေါ်တဲ့အတိုင်း ကွန်ပျူတာနဲ့ ထုရပါတယ်။ လက်မှုပညာနဲ့ဆိုလို့ရှိရင် နည်းနည်းခက်ခဲတဲ့အတွက် ကွန်ပျူတာအပိုင်းနဲ့ ထွင်းထုရပါတယ်။

ကျောက်တုံးတော်ကြီးကို စကျင်တောင်ပေါ်ကနေ သယ်လာတဲ့အခါမှာ ပထမက တန်ချိန် ၇၀၀ ရှိပါတယ်။ တန် ၇၀၀ လောက်ရှိတာကို မန္တလေးက လက်မှုပညာရှင်၊ ပန်းပုပညာရှင် ဆရာဦးခင်ဇော်တို့ အဖွဲ့ကနေပြီးတော့ တန် ၁၁၀ ရအောင် လျှော့ပြီးတော့ ဆင်နှစ်ကောင်ကုမ္ပဏီကနေ ဒါနပြုသယ်ယူပေးခဲ့ပါတယ်။ နေပြည်တော်ကို ၄ ရက်နေ့က ရောက်ပါတယ်။ ရောက်တဲ့အခါမှာ အလျားပေ ၄၅ ပေ ရှိပါတယ်။ နောက်ပြီး အမြင့်ရှစ်ပေရှိပြီး အကျယ် ၁၄ ပေ ရှိပါတယ်။ အင်မတန်လေးလံတဲ့ ကျောက်တုံးကြီးကို လမ်းဖြတ်သန်းရတာ အတော်လေးခက်ခဲပါတယ်။ တာဝန်ရှိအကြီးအကဲများကနေ တစ်ဆင့် စီမံပြီးတော့ ရဟန်းရှင်လူ ပြည်သူများကနေပြီးတော့ ပူးပေါင်းကူညီကြလို့ ဒီနေရာကို ရောက်ရှိလာရခြင်းဖြစ်ပါတယ်။

ဧပြီလကုန်လောက် ကြိုပြီးစီးအောင်ထုလုပ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီပုံစံတူရုပ်ပွားတော်ကြီးကို ထုလုပ်တဲ့နေရာမှာ မှားလို့မရပါဘူး။ မှားရင် ပြုပြင်လို့မရပါဘူး။ အဲ့ဒါကြောင့် ဂရုစိုက်ပြီးတော့ ထုဆစ်နေပါတယ်။

ကုသိုလ်တော်ပါဝင်နိုင်

ထို့အတူ စေတနာရှင်ပြည်သူများ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာနကို ဖူးမြော်ပူဇော်ရသကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း အများပြည်သူများ လွယ်လင့်တကူ ကုသိုလ်ယူ ဖူးမြော်ပူဇော်နိုင်ရန်ရည်သန်၍ နေပြည်တော်၌ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသနှင့် ပုံစံတူ မြတ်စွာဘုရား ဖွားမြင်ရာအရပ် လုမ္ဗိနီဥယျာဉ်၊ ဘုရားပွင့်တော်မူရာအရပ် ဗုဒ္ဓဂယာ၊ ဓမ္မစကြာတရားဦးဟောရာအရပ် မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံရာအရပ် ကုသိနာရုံတို့ဖြစ်သည့် (ဖွား၊ ပွင့်၊ ဟော၊ စံ) သံဝေဇနိယလေးဌာနကို တည်ဆောက်ပူဇော်လျက်ရှိသည်။

ဘုရားရှင်အဖြစ် ပွင့်ထွန်းတော်မူရာဖြစ်သည့် သတ္တဌာန(၇)ဌာနကို "သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး"ဟု သမုတ်ပူဇော်ကာ နိုင်ငံတစ်ဝန်းမှ စေတနာရှင်ပြည်သူများ ပါဝင်လှူဒါန်းသည့် အလှူတော်ငွေများဖြင့် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သကဲ့သို့ ဘုရားအလောင်းဖွားမြင်တော်မူရာ အထိမ်းအမှတ် အုတ်ကျောင်းတော်၊ ရေသန့်စင်ရာရေကန်နှင့် အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်စာတိုင်တို့လည်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

သတ္တဌာန(၇)ဌာနသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများအနေဖြင့် နားခိုရန်နားနေဆောင် ခုနစ်ဆောင်နှင့် ညအိပ်တည်းခိုနိုင်ရန် လူ ၂၀၀ ဆံ့ အိပ်ဆောင်သုံးဆောင် တည်ဆောက်ပြီးစီးနေပြီဖြစ်၍ တည်းခိုလျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် ဓမ္မစကြာတရားဦးဟောတော်မူရာနေရာနှင့် မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာနေရာ ဌာနနှစ်ခုနှင့် မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီးတို့ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်ပူဇော်နိုင်ရေးအတွက် စေတနာရှင် ပြည်သူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ ထူးမြတ်သောဒါနပါရမီ မဟာကုသိုလ်တော်ကြီးကို ဆည်းပူးရယူလိုပါက ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ ၀၆၇-၄၁၄၅၈၄၊ ၀၆၇-၄၃၂၁၀၇၊ ၀၆၇-၄၁၄၂၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးရည်မျှော်၍ သတင်းကောင်းပါးအပ်ပါသည်။

ရှေ့တန်းရောက် တိုက်ပွဲဝင် စစ်သည် ရဲမေများ ဂုဏ်ပြုအနုပညာပဒေသာကပွဲ အသိပေးတင်ပြအပ်ပါသည်

မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့နယ်မြေများတွင် အကြမ်းဖက်သောင်းကျန်းတိုက်ခိုက်သူအင်အားများစွာကို မိမိနိုင်ငံလုံခြုံရေးနှင့် အေးချမ်းရေးအတွက် တိုက်ပွဲဝင်ကြသော စစ်သည်များ၊ အသက်စွန့်လွတ်လှူဒါန်းခဲ့ကြ၍လည်းကောင်း၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ဆုံးရှုံးခဲ့၍လည်းကောင်း တိုက်ပွဲဝင်ကြသော စစ်သည်နှင့် ရဲမေများကို ဂုဏ်ပြုသောအားဖြင့် ရန်ပုံငွေ 'အနုပညာပဒေသာကပွဲ'ကို စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)သင်တန်း (ဒသမညီနောင်များ)က စည်းရုံး၍ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် ကျင်းပရန်ရှိပါသည်။

စိတ်ဝင်စားသူ နိုင်ငံချစ် တပ်မတော်ချစ်၊ တပ်မတော်သားဟောင်းများ၊ မိသားစုများ ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါသည်။

(က) ဦးတင်ဝင်း- အငြိမ်းစား(ဗိုလ်ကြီး)၊ ဗလအမှတ်-၆၀၀၊ ဖုန်း-၀၉-၄၀၀၆၀၀၅၀၀ (ခ) ဦးမင်းဆွေ- အငြိမ်းစား(ဗိုလ်မှူး) ဗလအမှတ်-၅၇၇၊ ဖုန်း-၀၉-၅၁၈၁၂၇၈

မှတ်ချက် - (၁) ဤဂုဏ်ပြုရန်ပုံငွေမှ မည်သည့်ဝန်ဆောင်မှုကြေးမျှ သုံးခြင်း၊ ပေးချေခြင်း၊ စာရင်းနုတ်ခြင်းပြုမည်မဟုတ်ပါ။ မည်သူမဆို ဇော်လံတီယာဖြစ်ပါသည်။

(၂) ညှိနှိုင်းအစည်းအဝေးကို ၁၆-၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်၌ ကျင်းပပါမည်။

ဒသမညီနောင်များအဖွဲ့ (DSA-10)

ပြည်တွင်းသတင်း

ရန်ကုန်ဆေးရုံကြီး လူနာများအား အာဟာရဒါနလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အာဟာရဒါန ပရဟိတမောင်နှမများ၊ အလှူရှင်များနှင့် NOBLE HEART ရှင်ရေး ကူညီမှုအသင်းတို့ စုပေါင်း၍ ရန်ကုန်ဆေးရုံကြီးရှိ လူနာဆောင်များ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် အတွင်းလူနာများ၊ လူနာစောင့်များကို ယနေ့ နံနက် ၆ နာရီခွဲတွင် အာဟာရဒါနမေတ္တာအလှူအဖြစ် စုစုပေါင်းငွေကျပ် သိန်းရှစ်ဆယ်ခန့်တန်ဖိုးရှိ ကြက်သား ဆန်ပြုတ်၊ သောက်ရေသန့်၊ ထမင်း၊ ကြက်သားဟင်း၊ ပဲကုလားဟင်း၊ စတီးချိုင့်တစ်လုံး၊ မျက်နှာသုတ်ပဝါ၊ အချိုရည်၊ ပေါင်မုန့်နှင့်သစ်သီး စသည့်လှူဖွယ်ပစ္စည်းမျိုးစုံကို တစ်ဦးချင်းစီပေးအပ်လှူဒါန်းသည်။

NOBLE HEART ရှင်ရေးကူညီမှုအသင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မြို့နယ်မှမဆို လူနာများကိုဆေးရုံသို့ အချိန်မီပို့ဆောင်ရန်နှင့်ဆေးရုံမှဆင်း၍လိုအပ်သည့်နေရာသို့ ပို့ဆောင်ရန်၊ လူမျိုးဘာသာမရွေး အရေးပေါ်လူနာတင်ယာဉ်လိုအပ်ပါက နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ကူညီ ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် ဖုန်း ၀၉-၂၅၂၀၁၁၁၅၅၊ ၀၉-၂၅၂၀၂၂၂၅၅ နှင့် ၀၉-၂၅၂၂၀၀၀၆၇ တို့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ကိုချစ်

၂၀၁၅ ခုနှစ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် (၁၃-၂-၁၅)ရက်နေ့မှ (၁၄-၂-၁၅)ရက်နေ့ထိ ဆုတံဆိပ်ရရှိမှု အခြေအနေ

ပြည်နယ်/တိုင်းဒေသကြီး	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ရန်ကုန်တိုင်းဒေသကြီး	၂၉	၁၉	၁၂	၆၀
မန္တလေးတိုင်းဒေသကြီး	၁၃	၁၄	၁၃	၄၀
ရခိုင်ပြည်နယ်	၄	၃	၄	၁၁
ရှမ်းပြည်နယ်	၂	၃	၅	၁၀
ပဲခူးတိုင်းဒေသကြီး	၂	၃	၃	၈
ကယားပြည်နယ်	၂	-	၂	၄
ဧရာဝတီတိုင်းဒေသကြီး	၁	၃	၂	၆
ကချင်ပြည်နယ်	၁	၃	-	၄
မွန်ပြည်နယ်	၁	၂	၃	၆
မကွေးတိုင်းဒေသကြီး	၁	၂	၂	၅
ကရင်ပြည်နယ်	၁	-	၂	၃
တနင်္သာရီတိုင်းဒေသကြီး	-	၃	၄	၇
စစ်ကိုင်းတိုင်းဒေသကြီး	-	၁	၁	၂
နေပြည်တော်ကောင်စီနယ်မြေ	-	၁	၁	၂
ချင်းပြည်နယ်	-	-	-	-

**** စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် Competition Schedule



ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(B)မှ မမျိုးသီရိအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့်အောင် ၁/ရကန(နိုင်)၀၃၂၃၃၅ ဖြစ်ပါကြောင်း။

ဖြည့်စွက်ဖတ်ရှုပါရန်

၆-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ကန့်ကွက်နိုင်ကြောင်း ကြေညာတွင် အမည်ပေါက် ဦးသောင်းတင်နှင့် ဇနီး ဒေါ်တင်ညွန့်တို့ကွယ်လွန်သဖြင့်ဟုကြော်ငြာအား ၎င်းတို့နှစ်ဦးအပြင် ဒေါ်စန်းစန်းနု (အပျိုကြီး ဘ၀)ဖြင့် ကွယ်လွန်ဟုဖြည့်စွက်ဖတ်ရှုပါရန်။

မြေကွက်ရောင်းရန်ရှိသည်

လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး၊ အကျယ် (၈၀'×၈၀')၊ ဂရန်အမည်ပေါက် မြေကွက်နှစ်ကွက် ရောင်းရန်ရှိသည်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **(ပွဲစားမလို)**

ဖုန်း-၀၉-၂၅၂၆၃၈၂၄၆

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၀ယ/၈၇၁၈၀ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျောက် ၁၃/ကတန(နိုင်)၁၂၂၀၉၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့

စက်မှုဝန်ကြီးဌာန
အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)တွင် Cargo Truck (Howo Truck) နှစ်စီး၌ တပ်ဆင်အသုံးပြုရန် Rear Body နှစ်လုံးအတွက် လိုအပ်သော ပစ္စည်း ၁၉ မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၂-၂၀၁၅ရက်မှ ၁၈-၂-၂၀၁၅ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၁၁) အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၈-၂-၂၀၁၅ ရက်
အချိန်နှင့်နေရာ - မွန်းတည့် ၁၂း၀၀ နာရီ
အမှတ်(၁၁) အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၉-၂-၂၀၁၅ ရက် ၁၀း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၈၁၇၈၊ ၀၁-၆၆၀၄၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီအဖွဲ့
အမှတ် ၄၆၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့၊ ပန်တိုက်၊ ရပ်ကွက်(၄)၊ အမှတ်(၁)၊ ယုဇနလမ်းနေ ဦးချင်ဖတူ၏သား LWAI KONG ၁၃/နမတ (ပြု) ၀၀၀၃၃၁ (ခ) မောင်ထွန်းရွှေနှင့် ဆွေကောင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

LWAI KONG (ခ)မောင်ထွန်းရွှေ(ခ) ဆွေကောင်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Power Nine International Trading Co.,Ltd. မှ သွင်းကုန်(၁) လိုင်စင် အမှတ် HQIL 1 14-15 (7929) 30-12-2014 လိုင်စင်(၁)စောင်သည် ကုမ္ပဏီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပို့နိုင်ပါရန်။

Power Nine International Trading Co.,Ltd.
အမှတ် ၃၅၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်
ဖုန်း-၀၉-၂၅၂၃၀၂၄၅၁၊ ၀၉-၅၁၁၁၅၀၄

လူပျောက်ကြော်ငြာ

ကျွန်မ ဒေါ်သန္တာဝင်း ၁၂/ဥကမ(နိုင်)၁၄၇၆၈၅ ၏ သား မောင်နိုင်ဦးလင်း(ခ)ကာကာ အသက် (၁၇)နှစ်သည် ၉-၂-၂၀၁၅ ရက်၊ ၇း၃၀ နာရီတွင် နေအိမ်မှ ပန်းဆိုးတန်းလမ်းရှိ KMD သင်တန်းသို့သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၅၀၃၉၂၈၅၊ ၀၉-၇၃၁၁၁၁၅၄၊ ၀၉-၇၃၀၉၃၀၀၇**

သွေးသည်အသက်

ပြည်တွင်းသတင်း

စစ်ရှောင်ဒုက္ခသည် ၅၀၀ ကျော် မန္တလေးချမ်းမြရွှေပြည်ကားကွင်းသို့ ရောက်ရှိလာသဖြင့် နေရပ်သို့ပို့ဆောင်

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အလုပ်လုပ်ကိုင်ရာမှ တိုက်ပွဲများဖြစ်ပွား၍ တိမ်းရှောင်လာသူ ၅၀၀ ကျော်သည် ဖေဖော်ဝါရီ ၁၃ ရက်ည ၈ နာရီခွဲခန့်မှစ၍ မန္တလေးမြို့ ချမ်းမြရွှေပြည် (အဝေးပြေး) ယာဉ်ရပ်နားစခန်းသို့ ၁၂ ဘီးကားများဖြင့် ရောက်ရှိလာရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ၎င်းတို့ နေရပ်အသီးသီးသို့ ခရီးသည်တင်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ပို့/ဆက်ဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကားကွင်းအုပ်ချုပ်ရေးမှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် စည်ပင်ရဲတပ်ဖွဲ့ဝင်တို့က ကူညီဆောင်ရွက်ပေးကြသည်။

"လောက်ကိုင်မှာ လုပ်ငန်းသွားလုပ်သူတွေပါ။ ညပိုင်း ၁၂ နာရီလောက်အထိ ၁၂ ဘီးကားတွေ၊ ဒိုင်နာကားတွေနဲ့ ရောက်လာကြတယ်။ တချို့ထမင်းမစားရသေးလို့ ဝယ်ကျွေးခဲ့တယ်။ ပြီးတော့မှ ဒေသအလိုက် ကားစီစဉ်ပြီးပို့ပေးတယ်" ဟု တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြောသည်။

အဆိုပါ လောက်ကိုင်ဒေသ၌ တိုက်ပွဲများဖြစ်ပွားနေသဖြင့် လုပ်ငန်းလုပ်သူတို့က ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိ၍ မိမိတို့ဒေသများသို့ ပြန်လာခြင်းဖြစ်ကြောင်း၊ ငွေကြေးမပြည့်စုံသူများမှာ လောက်ကိုင်မှ လားရှိုးသို့ ခြေကျင်ပြန်လာရသူများလည်းရှိကြောင်း၊ တချို့မှာ အုပ်စုလိုက်ကားငှား၍ ပြန်လာကြရာတွင် လားရှိုးမြို့ မန်ဆူဘုန်းတော်ကြီးကျောင်းက လက်ခံပြီး မန္တလေးသို့ ပို့ဆောင်ပေးခဲ့ကြောင်း နေရပ်ပြန်လာသူများက ပြောသည်။

"မန်ဆူကျောင်းမှာ စစ်ရှောင်လာသူတွေကို ကူညီပေးနေတာ။ ကျွန်တော်တို့ကားတွေ မန္တလေးဆင်းမယ်ဆိုတော့ တတ်နိုင်တဲ့ ကားဆီဖိုးပေးတယ်။ ကုသိုလ်ရတဲ့အလုပ်ဖြစ်လို့ မန္တလေးကားကွင်းအထိ ရောက်အောင်ပို့ပေးတာပါ"ဟု စစ်ရှောင်သူများကို တင်ဆောင်လာသည့် ကားဆရာက ပြောသည်။

ကားကွင်းသို့ ၁၂ ဘီးကားငါးစီးဖြင့် ည ၁၂ နာရီထိ တစ်စီးပြီးတစ်စီး ရောက်ရှိလာခြင်းဖြစ်၍ တာဝန်ရှိသူတို့က ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာတို့ကို ထောက်ပံ့ခဲ့သည့်အပြင် ချမ်းမြသုခလူမှုကူညီရေးအသင်းကလည်း စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

"လောက်ကိုင်မှာ ကျွန်တော်တို့မိသားစုက တစ်နှစ်ကို နှစ်လလောက်ကြံခုတ်တယ်။ ကြံတစ်စည်းကို တရုတ်ငွေ ယွမ်တစ်ကျပ် (မြန်မာငွေ ၁၆ ကျပ်)ဆိုတော့ တစ်နေ့ကို ကြံအစည်း ၆၀ လောက်ပြီးတယ်။ စစ်ဖြစ်တော့မနေရဲတော့ဘူး"ဟု အောင်လံမှ ကိုမင်းဆွေက ပြောကြားသည်။

လောက်ကိုင်ဒေသတွင် ကြံခုတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများမှာ အောင်လံ၊ ရမည်းသင်း၊ ပခုက္ကူ၊ မကွေး၊ တောင်တွင်းကြီး၊ ပျော်ဘွယ်၊ မိတ္ထီလာ စသည့်ဒေသများမှဖြစ်၍ တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် နေရပ်သို့ ပြန်လာကြခြင်းဖြစ်သည်ဟု ဆိုသည်။

အောင်သန့်ခိုင်

တရားရုံးအချုပ်ခန်းအပြင်တွင် သန့်ရှင်းရေးခိုင်းရာမှ တရားခံထွက်ပြေး

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၄

ကျိုင်းတုံမြို့မရဲစခန်းမှ အချုပ်ဖြင့်ဖမ်းဆီးထားကာ ချုပ်ရက်ရီမန်ယူရန်အတွက် တရားရုံးသို့ ခေါ်ဆောင်လာပြီး တရားရုံးအချုပ်ခန်းအပြင်သို့ သန့်ရှင်းရေးခိုင်းစေခဲ့ရာမှ ဖေဖော်ဝါရီ ၁၃ရက် ညနေ ၅ နာရီခွဲခန့်တွင် တရားခံတစ်ဦး ထွက်ပြေးမှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့မရဲစခန်းမှ တရားစွဲဆိုနိုင်ရန် စီစဉ်ထားသော ပုဒ်မ(၃၆၇) ဖြင့်ချုပ်နှောင်ထိန်းသိမ်းခံထားရသူ ကျိုင်းတုံမြို့ ရပ်ကွက်(၃) မြို့သစ်ရပ်နေ စိုင်းဆွတ်ယွတ် (၄၄ နှစ်)သည် တရားရုံးတွင် ချုပ်ရက်ရီမန်ယူရန်အတွက် ရုံးထုတ်ခေါ်ဆောင်လာခဲ့ပြီးနောက် တရားရုံးအချုပ်ခန်း၌ရှိနေစဉ် အချုပ်ခန်းအတွင်းမှ အမှိုက်နှင့်အညစ်အကြေးထည့်သည့်ပုံးကို အချုပ်ခန်း၏ ပြင်ပသို့ စွန့်ပစ်ရန်ခိုင်းစေခဲ့ရာမှ ထွက်ပြေးသွားခြင်း ဖြစ်ကြောင်းဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ထွက်ပြေးတိမ်းရှောင်သွားသည့် တရားခံကို အမြန်ဆုံး ပြန်လည်ဖမ်းဆီးရမိနိုင်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ရဲတပ်ဖွဲ့စခန်းများနှင့် ကျိုင်းတုံမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ တရားခံ၏ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များကို ဖြန့်ဝေထားပြီး ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၈၄-၂၁၀၄၀ နှင့် မြို့မရဲစခန်းရုံး ဖုန်း-၀၈၄-၂၁၅၀၄ သို့ ဆက်သွယ်၍ တာဝန်သိပြည်သူများက ထူးခြားဖြစ်စဉ်တွေ့ရှိပါက ဆက်သွယ်သတင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

ကြည်မင်းဦး

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့်နှင့် မြန်မာနိုင်ငံကလေးများနေ့ကျင်းပ

ရွှေကူ ဖေဖော်ဝါရီ ၁၄

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ရွှေကူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားပြီး အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများက ဗိုလ်ချုပ်ဂုဏ်ပြုတေးသီချင်းများနှင့် ကပြသီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ အထိမ်းအမှတ်အဖြစ် ကဗျာ၊ ကာတွန်း၊ စာစီစာကုံး၊ ဆောင်းပါး၊ စကားရည်လုပွဲနှင့်အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

၁၄-၂-၂၀၁၅ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမုံ၊ ဒုတိယသမ္မတဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်တို့နှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်အကြီးအကဲများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများကိုလည်းကောင်း၊ ထိုနေ့နံနက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယရှေ့နေချုပ် ဝဏ္ဏကျော်ထင်ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်းအားလည်းကောင်း၊ မင်္ဂလာဘိသိက်အောင်သြဘာစာဖတ်ကြားပေးပါသော မင်္ဂလာဘိသေကအကျိုးတော်ဆောင် ဦးသန်းမြတ်စိုးအားလည်းကောင်း၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော မောင်ရဲစွမ်းထက်၊ မယုယရင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မပန်းကြာဝေ၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မဇွန်ပန်းမြင့်၊ မင်္ဂလာသတို့သားအရံများအဖြစ် ကူညီဆောင်ရွက်ပေးပါသော မောင်မြင့်နေမောင်၊ မောင်ထွဋ်မြတ်အောင်၊ မောင်ဖြိုးကိုကိုမြတ်၊ မောင်မျိုးကျော်ခိုင်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ကူညီဆောင်ရွက်ပေးပါသော မလှသူဇာ၊ မခင်လင်းမော်၊ မကြည်ပြာ၊ မမြင့်မွန်ငွေအောင်၊ ဝတ်စုံအလှဆင်မြန်းပေးပါသော မမဇူူ (Zu Zu Collection)၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါ်အေးအေးခိုင် (MIRACULUS)၊ ဘိသိက်အခမ်းအနားနှင့် ပန်းအလှဆင်ယင်ပေးပါသော မာမီကျော်(မလေးရှား)နှင့် အဖွဲ့၊ မိတ်ကပ်/ဆံပင်အလှဆင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာဘိသိက်အခါတော်ပေးသီဆိုပေးပါသော ဒေါ်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော First Music Agency မှ စန္ဒရားသိန်းမြင့်သန်းတေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့် Video ဖြင့် မှတ်တမ်းတင်ပေးကြပါသော Seven Pictures အားလည်းကောင်း၊ ဓာတ်ပုံဖြင့်မှတ်တမ်းတင်ပေးပါသော ကိုလင်းထွန်း Life Photography အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများစီစဉ်ပေးပါသော ကန်တော်ကြီးပဲလေ့စ်မှ ဦးစိန်ဝင်းနှင့်ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်

မောင်ဗညားအောင်-မမြပန်းချစ်

ပြည်တွင်းသတင်းနှင့်အားကစား

မကွေးနှင့် ရောဝတီသရေကျပြီး ရန်ကုန်၊ ကမ္ဘောဇနှင့် ချင်းအနိုင်ရ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ကမ္ဘောဇ၊ ရန်ကုန်နှင့် ချင်းယူနိုက်တက်တို့ နိုင်ပွဲများရရှိခဲ့သည်။

အောင်ဆန်းကွင်း၌ ကစားသည့် မကွေးနှင့် ရောဝတီပွဲမှာ သုံးဂိုးစီ သရေကျခဲ့သည်။

ငါးပွဲ ဆက် အနိုင် ရထားသည့် ရောဝတီအသင်း၏ နိုင်ပွဲဆက်မှုကို မကွေးအသင်းက ရပ်တန့်နိုင်ခဲ့သည်။ မကွေးအသင်းသည် အနိုင်ရနိုင် သည့်အခြေအနေမျိုးရှိခဲ့သော်လည်း ပွဲပြီးခါနီးတွင် ဂိုးပြန်ပေးလိုက်ရသောကြောင့် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ရောဝတီအသင်းသည် သရေကျခဲ့သောကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် နှစ်မှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်သည်။

MNL အမှတ် ပေးပြိုင်ပွဲ ပွဲစဉ်(၆) မကွေးနှင့် ရောဝတီတို့ ယှဉ်ပြိုင်နေစဉ်။

လူစုံပါဝင်လာသည့် ရောဝတီအသင်းမှာ ပွဲစကတည်းက ဖိကစားခဲ့ပြီး ၁၁ မိနစ်တွင် အသင်းခေါင်းဆောင် မင်းမင်းသူက ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ မကွေးအသင်းသည် အမာခံကစားသမားအချို့ မပါနိုင်သော်လည်း ရောဝတီကို ယှဉ်ကစားနိုင်ခဲ့ပြီး ၂၈ မိနစ်တွင် စိုးမင်းနိုင်က ချေပဂိုးပြန်သွင်းကာ ထူးထူးအောင်က ၃၈ မိနစ်တွင် ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သည်။ ၄၁ မိနစ်တွင် ကွင်းလယ်ဒိုင်က ရောဝတီကို ပယ်နယ်တီကန်ခွင့်ပေးခဲ့သော်လည်း စည်းကြပ်ဒိုင်နှင့်တိုင်ပင်ကာ ပြန်လည်ပယ်ဖျက်ခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၇၈ မိနစ်တွင် စိုးမင်းနိုင်က ပယ်နယ်တီမှတစ်ဆင့် မကွေးအတွက် ဦးဆောင်ဂိုး ထပ်သွင်းခဲ့သော်လည်း ရစ္စတီက ၇၅ မိနစ်နှင့် ၈၉ မိနစ်တွင် ရောဝတီအတွက် ချေပဂိုးနှစ်ဂိုး ပြန်သွင်းယူခဲ့သည်။

တောင်ကြီးကွင်း၌ ကစားသည့် ကမ္ဘောဇနှင့် နေပြည်တော်ပွဲတွင် ကမ္ဘောဇက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

YUSC ကွင်း၌ ရန်ကုန်နှင့် မနောမြေတို့ပွဲတွင် ရန်ကုန်က ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်သည်။

သုဝဏ္ဏကွင်း၌ ကစားသည့် ချင်းယူနိုက်တက်နှင့် ရတနာပုံတို့ပွဲတွင် ချင်းယူနိုက်တက်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် ဟံသာဝတီတို့ ကစားရာ တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ဖွဲ့ကပင်နှင့်ရခိုင်

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့်အခမ်းအနားနှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၁၃ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့် အခမ်းအနားနှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ပြီး ကျောင်းသား လူငယ်များမှ ဖျော်ဖြေတင်ဆက်ခြင်းကို ကြည့်ရှုအားပေးခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘုရားဖူးယာဉ် အရှိန်မထိန်းနိုင်၍ မှောက် အမျိုးသားငါးဦး၊ အမျိုးသမီးရှစ်ဦးဒဏ်ရာရ

မင်းဘူး ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၃ရက် ညနေ ၄ နာရီခန့်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်အတွင်း ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်-မုံရွာ ကားလမ်းအတိုင်း ရွှေစက်တော်ဘုရားသို့ဆားလင်းကြီးမြို့နယ် ဖောင်းကသာကျေးရွာနေသူ ယာဉ်မောင်း မြင့်လွင်(၄၆ နှစ်) မောင်းနှင်လာသည့် ၈စ/--- လိုက်ထရပ်အဖြူရောင်ယာဉ်သည် မိုင်တိုင်အမှတ်(၂၇၂)အနီး၊ ရွှေစက်တော်ဘုရားပွဲသို့အဝင် (၃)မိုင်လမ်းဆုံအကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသားငါးဦး၊ အမျိုးသမီးရှစ်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မြင့်လွင်ကို မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။ **ခင်မာလာ(မကွေး)**

အက်ဖ်အေဖလား ဆဌမအဆင့် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၁) အနိုင်/အရှုံး

အနိုင်/အရှုံး

ဝက်စ်ဘရွန်း	၄-၀	ဝက်စ်ဟမ်း
ဘလက်ဘန်း	၄-၁	စတုတ်
ဒါဘီ	၁-၂	ရီးဒင်း

လေဗာကူဆင်	၄-၅	ဝုဖ်ဘတ်
ဘိုင်ယန်	၈-၀	ဟမ်းဘတ်
ဂလာဘတ်	၁-၀	ကိုလုံး
ဟော့ဖန်ဟိန်း	၂-၁	စတုဂတ်
ဘရီမင်	၃-၂	အော့စ်ဘတ်

သွေးစစ်လက်မှတ်အလွယ်တကူရရှိရေးဆောင်ရွက်

လားရှိုး ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးခင်မောင်ဖြူနှင့် ဝန်ထမ်းများသည် မိုးပွင့်(အထူး) စီမံချက်အရ မိုင်းရယ်မြို့နှင့် ၁၈ မိုင်ကွာဝေးသည့် မန်ဖျတ်ကျေးရွာအုပ်စုမှ ပြည်သူများ မြို့ပေါ်ဆေးရုံသို့ သွားရောက်ရန်မလိုဘဲ သွေးစစ်လက်မှတ်များ ရရှိရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်၍ မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်းများ လွယ်ကူစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
သီရိပျံချီ ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်ဝင်းဝင်းနုတို့၏ တစ်ဦးတည်းသောသား
ဗိုလ်မှူးခင်ဇော်ဟိန်း (အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး၊ တအက-၅၀၀)-မဆုသစ်သစ်ထွန်း (Managing Director,Royal Sandakuu Group of Companies)တို့၏မောင်

ဗိုလ်ကြီးမြင့်မောင်မောင်

B.E(Chemical),D.S.T.A

နှင့်

နေပြည်တော်နေ
ဗိုလ်မှူးကြီးမောင်မောင်အုန်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-ဒေါ်သန်းနွဲ့တို့၏ တစ်ဦးတည်းသောသမီး၊ မောင်သက်ဦးမောင်၏ညီမ

မမဥ္စူမောင်

B.A(E.P.P)
M.B.A,Northampton University(UK)

တို့၏ ၇-၂-၂၀၁၅ရက် ကရဝိက်နန်းတော်တွင် ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်မင်္ဂလာညည့်ခံပွဲ၌ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)မဟာသရေစည်သူ ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း အားလည်းကောင်း၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးပါသော နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးကံချွန်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မာမြင့်၊ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့်ဇနီး ဒေါ်သန်းသန်းမော်တို့အားလည်းကောင်း၊ ၁၄-၂-၂၀၁၅ရက် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်၊ လက်ထပ်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ဇနီး ဒေါ်မူမူဆွေ၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းပေးပါသောလျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီတို့အားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် လူကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး မိသားစုကိုလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)နှင့်ဇနီး ဒေါ်မြမြစန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏မိသားစုကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုံနှင့်မိသားစု၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီးဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဇနီး ဒေါ်ခင်လေးသက်နှင့်မိသားစု၊ မင်္ဂလာညည့်ခံပွဲနှစ်ပွဲစလုံးတွင် လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အကြီးအကဲများ၏ မိသားစုများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များ၏ဇနီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ နှစ်ဖက်မိဘများ၏ မိတ်ဆွေသင်္ဂဟများနှင့်ဆွေမျိုးများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၀)မှ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြား လက်ထပ်ပေးခြင်းနှင့် ညည့်ခံပွဲတွင် မင်္ဂလာပန်းကြဲပေးပါသော Tammy ဝင်းထွန်းထွန်းနှင့် စံထိပ်ထားဦး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မကြယ်စင်ထွန်းလင်းနှင့် မမေဘုန်းမြင့်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ရွက်ပေးပါသော မနန်းဟွမ်စန္ဒီ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ရွက်ပေးပါသော မပြည့်မိုးမိုး၊ မင်္ဂလာရွှေဆွဲကြိုးဗန်းကိုင်ဆောင်ရွက်ပေးပါသော စံထိပ်ထားဦး၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးလင်းထက်ပိုင်၊ ဗိုလ်ကြီးမျိုးလွင်ထွန်း၊ မောင်ကောင်းထက်ဝမ်းနှင့် မောင်ရဲရင့်မောင်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသောမနွေးဇော်ဦးနှင့် မမေသော်ဟိန်း၊ မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော Great Diamond Gems & Jewellery, She Shine Gems & Jewellery နှင့် ခမ်းလီစိန်ရွှေရတနာဆိုင်၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်အဆိုင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော ဦးဇော်လတ်၊ ဦးခင်မောင်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံစီစဉ်ဆောင်ရွက်ပေးပါသော Designer ပြည့်စိုးအောင်၊ မင်္ဂလာဖိတ်စာ ဖန်တီးပေးပါသော Dagon ပုံနှိပ်တိုက်၊ မင်္ဂလာမှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ထပ်ဆင့်အကယ်ဒမီ ဦးစင်ရော်မောင်မောင်နှင့်အဖွဲ့၊ Forever Wedding Dress & Photo Studio အဖွဲ့တို့အားလည်းကောင်း၊ တီးဝိုင်းနှင့် အနုပညာရှင်များစီစဉ်ပေးပါသော ဦးခင်မောင်ဆွေ (ခိုင်ပြည့်စုံ အထည်ချုပ်စက်ရုံ)အဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုးနှင့် မင်္ဂလာညည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်းတို့အားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအခါတော်တေးသီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများစီစဉ်ပေးပါသော ကရဝိက်နန်းတော်မှ မန်နေဂျာ ဒေါ်ခင်ပို့ပို့ဝင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအခါတော်တေးသီဆိုပေးပါသော စိုးစန္ဒာထွန်းနှင့် Sedona Hotel မှ မန်နေဂျာ ဒေါ်လီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၈-၂-၂၀၁၅ ရက် အင်းလျားကန်ဖျားကျောင်းတွင်ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကပ်လှူခြင်းညည့်ခံပွဲတွင် တက်ရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ မိတ်ဆွေများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ နှစ်ဖက်ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမြင့်မောင်မောင်-မမဥ္စူမောင်

ပြည်တွင်းသတင်း

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ၂၀၁၄ ခုနှစ်အတွင်း ဆေးရုံတက်ရောက်ကုသသူ လူနာပေါင်း ၅၀၀၀၀ ကျော်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁၄

အထက်မြန်မာပြည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနေသည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၄ ခုနှစ် တစ်နှစ်တာစာရင်းများအရ ဆေးရုံတက်ရောက်ကုသသောလူနာပေါင်း ၅၀၀၀၀ ကျော်ရှိကြောင်း ဆေးရုံကြီးမှတ်တမ်းများအရ သိရသည်။

နိုင်ငံတော်အစိုးရက ၂၀၁၃ ခုနှစ်မှစ၍ ကျန်းမာရေးအသုံးစရိတ်ဘတ်ဂျက်များ ပိုမိုချထားပေးမှုကြောင့် ခေတ်မီရောဂါရှာဖွေရေးစက်ကိရိယာများတပ်ဆင်ပေးခြင်း၊ လိုအပ်သောဆေးဝါးများ ကူညီထောက်ပံ့ပေးခြင်းနှင့် လူနာများစိတ်ကြည်လင်ချမ်းမြေ့၍ သက်သောင့်သက်သာကုသမှုခံယူနိုင်ရန် ဆေးရုံကြီးသန့်ရှင်းသာယာရေးလုပ်ငန်းများ အဓိကလုပ်ဆောင်နေမှုကြောင့် ပြည်သူများယုံကြည်အားကိုးမှုရရှိလာကာ တစ်နှစ်ထက်တစ်နှစ် တက်ရောက်ကုသမှု ပိုမိုများပြားလာခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဦးဝင်းက ပြောသည်။

"၂၀၁၃ ခုနှစ်ကစပြီး မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးရဲ့ အရေးပေါ်ဌာနကို ရောက်ရှိလာတဲ့ မည်သည့်လူနာမဆိုခွဲတာ၊ စိတ်တာ၊ ရောဂါရှာဖွေစမ်းသပ်တာကအစ အခမဲ့ဆောင်ရွက်ပေးနေပါပြီ။ ဒီလိုဆောင်ရွက်ပေးပြီး စနစ်တကျဆက်လက်ကုသမှု ခံယူဖို့လိုအပ်တဲ့ လူနာတွေကို သက်ဆိုင်ရာလူနာဆောင်တွေမှာ နေရာချထားပေးပြီး ကုန်ကျမှုအနည်းဆုံးနဲ့ ကုသနိုင်အောင်လည်း ကျန်းမာရေးဝန်ထမ်းတွေအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ငါးနှစ်တာကာလအတွင်း ၂၀၁၄ ခုနှစ်သည် တက်ရောက် ကုသသူလူနာအများဆုံးနှစ်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ၃၈၅၂၆ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၄၁၇၅၈ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၄၇၀၈၄ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၅၂၇၇၆ ဦးနှင့် ၂၀၁၄ ခုနှစ်တွင် ၅၅၀၉၉ ဦးရှိခဲ့ကြောင်း သိရသည်။

အောင်ရဲသွင်

မျိုးဆက်ပွားကျန်းမာရေးတွင် အမျိုးသားများပါဝင်ဆောင်ရွက်မှု တိုင်းအဆင့်အသိပညာပေးဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အများအားဖြင့် ကျေးလက်ဒေသနေ မွေးမိခင်များအနေဖြင့် မီးဖွားရာတွင် အရပ်လက်သည်များနှင့် မီးဖွားသည့်အတွက် မွေးမိခင်များအနေဖြင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်နေကြသည်ကို တွေ့ရှိရကြောင်း၊ မွေးဖွားမိခင်၏ ခင်ပွန်းသည်များအနေဖြင့် မျိုးဆက်ပွားကျန်းမာရေးဗဟုသုတများ သိရှိထားရန် အထူးလိုအပ်ကြောင်း၊ ခင်ပွန်းသည်များအနေဖြင့် ထိုသို့ဗဟုသုတများ သိရှိထားပါက ဇနီးသည်မီးဖွားရာတွင် အထောက်အကူဖြစ်စေပြီး မွေးမိခင်အသက်ဆုံးရှုံးခြင်းမှ ရင်မဆိုင်ရစေရန် များစွာအထောက်အကူ အကျိုးရလဒ်ရရှိစေမည်ဖြစ်ကြောင်း၊ ကျေးရွာများမှ ကိုယ်ဝန်ဆောင်သည်များ မြို့ပေါ်ရှိဆေးရုံများသို့ လာရောက်၍ ဆေးရုံတက် မီးဖွားမည်ဆိုပါက နိုင်ငံတော်မှ ခရီးစရိတ်ထောက်ပံ့ပေးမည့်အပြင် ဆေးရုံတက်ရောက်နေစဉ်ကာလအတွင်း နေ့စဉ်စားသောက်စရိတ် သတ်မှတ်နှုန်းထားပေးလျက်ရှိနေကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးတွင် အမျိုးသားများပါဝင်ဆောင်ရွက်မှုသည် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်းဖြင့် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံတွင် ကျင်းပသည့် အဆိုပါဆွေးနွေးပွဲ၌ နေပြည်တော်ကောင်စီ နယ်မြေကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ကိုယ်စားလှယ်များ၊ ဆေးရုံအုပ်များ၊ ကျေးလက်ကျန်းမာရေးဌာနများမှ သူနာပြုဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

မိတ္ထီလာ၌ ရေသွင်းစိုက်ပျိုးသည့် ကြက်သွန်များအောင်မြင်ဖြစ်ထွန်း

မိတ္ထီလာ ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စုမင်းရွာ၊ ရိုးကန်၊ ဆပ်ခင်းပေါက်နှင့် အနီးတစ်ဝိုက်ကျေးရွာများတွင် ရေသွင်းစိုက်ပျိုးသည့် ကြက်သွန်နီ ဧက ၇၀၀ ကျော် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကန်သာကျေးရွာအုပ်စု မင်းရွာ၊ ရိုးကန်၊ ဆပ်ခင်းပေါက်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင် ကြက်သွန်ကို နှစ်စဉ် အများအပြား စိုက်ပျိုးလေ့ရှိပြီး စိုက်ပျိုးရေအတွက် စက်ရေတွင်းများကို စိုက်ခင်းများထဲတွင် တူးဖော်ထားကြသည်။ ယခုနှစ်တွင် ကြက်သွန်စိုက်တောင်သူများ ရေသွင်းစိုက်ပျိုးထားသည့် ကြက်သွန်ဧက ၇၀၀ ကျော်မှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လာမည့်တပေါင်းလနှင့် တန်ခူးလများအတွင်း ကြက်သွန်သီးနှံကို တူးဖော်ရောင်းချကြမည်ဖြစ်သည်။ ယခုအခါ မိတ္ထီလာသီးနှံဈေးကွက်သို့ မြင်းခြံ၊ မြစ်သားနယ်တို့မှ ကြက်သွန်သီးနှံများဝင်ရောက်လျက်ရှိသည်။

ယင်းကျေးရွာများအနီးရှိ နွေစပါးစိုက်ပျိုးသည့် လယ်ယာမြေတချို့လည်း မိတ္ထီလာကန်ရေမှပို့လွှတ်သည့် စိုက်ပျိုးရေမရရှိသည်မှာ သုံးနှစ်ခန့်ကြာမြင့်ပြီဖြစ်သောကြောင့် နွေစပါးအစားထိုး ကြက်သွန်သီးနှံကို ပြောင်းလဲစိုက်ပျိုးလာကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အကျုံးဝင်သောအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌများနှင့် ခရိုင်ဥက္ကဋ္ဌများကိုယ်တိုင် အချိန်မီ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် နယ်ဝေးမှတက်ရောက်လာကြသူများအတွက် ခရီးစရိတ်နှင့် နေထိုင်စားသောက်စရိတ်များကို MANA(ဗဟို)က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုနေ့ဂုဏ်ပြု (၁၆) ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်

ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၁၄

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင် (၁၆) ခုတင်ဆံ့ တိုက်နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံဝင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်ဖွင့်လှစ်ပေးပြီး ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံသစ်တွင် တက်ရောက်ဆေးကုသလျက်ရှိသော လူနာများကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(ပြည်နယ် ပြန်/ဆက်)

နတ်တောင်ချောင်း ရေကာတာဆောက်လုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာအုပ်စု တက်ရှိန်းကျေးရွာရှိ နတ်တောင်ချောင်း ရေကာတာဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၁၁ ရက် က နေပြည်တော်ကောင်စီဝင် ဥတ္တရသီရိမြို့နယ်တာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့သည်။

ရေကာတာဆောက်လုပ်ပြီးစီးပါက တပ်ရှိန်း၊ တပ်သိမ်း၊ ရွာသာကျေးရွာများမှ လယ်ယာမြေများ ချောင်းရေတိုက်စားမှုမှ ကင်းဝေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

စာအုပ်စာပေ လူ့မိတ်ဆွေ

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘာသာပေါင်းစုံကကြီးမှူး၍ ပုဇွန်တောင်မြို့နယ်(၂)ရပ်ကွက်တွင် ၁၂-၂- ၂၀၁၅ ရက်နေ့က စတုဒိသာ ဒံပေါက်ထမင်းကျွေးမွေးစဉ်။ လှလှ

အလောင်းတော်ကဿပဘုရားဖူးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်

မုံရွာ ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ ဘုရားဖူးလမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနဦးစီးကာ မြန်မာပြည် အရပ်ရပ်မှ အလှူဒါယကာ၊ဒါယိကာမများစုပေါင်းပြီး အကျယ် ၁၂ ပေ၊ ကိုးလက်မထုရှိ ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း လမ်းဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး "အဓိကကတော့ ဘုရားဖူးလာတဲ့ မော်တော်ယာဉ်တွေ ယာဉ်အန္တရာယ် ကင်းရှင်းစေဖို့အတွက် ခင်းတာပါ။ ၂၀၁၄ ခုနှစ် ဖွန်လလောက်ကတည်းက ပစ္စည်းစုဆောင်းခြင်းလုပ်ငန်းကိုစတင်ခဲ့ပြီး ကွန်ကရစ်ခင်းလုပ်ငန်းကိုတော့ ၂၄-၁၂-၂၀၁၄ ရက်နေ့မှာ စတင်ခဲ့ပါတယ်။ လမ်းရှင်းတာနဲ့တင် တစ်လလောက်ကြာတယ်။ လုပ်ငန်းကတော့ဘုရားဖူးယာဉ်တွေ သွားလာလို့ အခက်အခဲရှိနိုင်တဲ့ ကပိုင်မှအတက် မိုင်တိုင် (၆/၀) ကနေပြီး အရှည်ပေ ၃၅၀နဲ့ ဂုံညှင်းပင်စခန်းကနေ အရှည်ပေ ၅၅၀ စုစုပေါင်းပေ ၉၀၀ ခင်းပြီးသွားပြီ။ခင်းပြီးတဲ့လမ်းအပိုင်းတွေကို လမ်းပခုံးခင်းကျင်းခြင်း လုပ်ငန်းတွေဆက်လုပ်နေတယ်။ အခုချိန်က ဘုရားဖူးလာတဲ့ရာသီဖြစ်နေတော့ လမ်းလွှဲရှိတဲ့နေရာ၊ ရေစီးကြောင်းမရှိတဲ့နေရာတွေကို အရင်ခင်းတာပါ။ ကျန်တဲ့အပိုင်းတွေကိုတော့ ဘုရားဖူးရာသီပြီးသွားရင် ဆက်ပြီးခင်းသွားမှာပါ။ လမ်းခင်းခြင်းလုပ်ငန်းကို အင်ဂျင်နီယာသုံးဦး၊ အလုပ်သမား ၅၀ နဲ့လုပ်နေတာပါ။စည်ပင်၊ ဆောက်လုပ်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က လိုအပ်တဲ့ နည်းပညာတွေနဲ့အကူအညီပေးလုပ်ဆောင်လျက်ရှိပါတယ်"ဟု ကွန်ကရစ် လမ်းဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကွန်ကရစ်ခင်းကျင်းလုပ်ငန်းသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ခင်းကျင်းလျက်ရှိရာ ကုသိုလ်ဖြစ်ပါဝင်လိုသူများအနေဖြင့် အကျယ် ၁၂ ပေ၊ ကိုးလက်မထုရှိ ကွန်ကရစ်လမ်း တစ်ပေလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ပါဝင်နိုင်ကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဂေါပကအဖွဲ့ ဖုန်း ၀၇၁-၇၃၁၀၀ (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ ၀၇၁-၇၃၀၀၃ နှင့် ဦးမောင်မောင်ဌေး ရန်ကုန် ဖုန်း ၀၁-၂၂၆၁၂၄ စသော ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါကွန်ကရစ်လမ်းကို ကပိုင်မှအတက် မိုင်တိုင်အမှတ် (၆/၀) ဂုံညှင်းပင်စခန်းအထိ အရှည်ပေ ၄၅၀၀ ကို ဆက်လက်ခင်းကျင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ပြည်တွင်းသတင်း

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးမဟာဗျူဟာဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပုပ္ပားတောင်ဥယျာဉ်ရှိ ဇီဝမျိုးစုံမျိုးကွဲများလေ့လာခြင်းနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့ရှိ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးမဟာဗျူဟာဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို Grand Amara Hotel ၌ ဖေဖေါ်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ ဌာနအကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာန အမျိုးသားဇီဝအရင်းအမြစ်များ သိပ္ပံဌာန(NIBR) ဥက္ကဋ္ဌ Dr. Kim Sang Bae၊ ဗီယက်နမ်နိုင်ငံ ဒါလက်တက္ကသိုလ်ဒုတိယဥက္ကဋ္ဌDr. Nguyen Van Ket၊ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ပါမောက္ခ Dr. Lee Woo Shin နှင့် သုတေသီ ပါမောက္ခများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ရေရှည်မတည်မြဲနိုင်သည့် မြေအသုံးချမှုများ၊ စနစ်တကျစီမံမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုမရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်စေပြီး ဂေဟစနစ်ဝန်ဆောင်မှုများကို ယိုယွင်းပျက်စီးစေကာ ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှု၊ စိုက်ပျိုးသီးနှံထွက်နှုန်း ကျဆင်းမှု၊ စွမ်းအင်မလုံလောက်မှု စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း (United Nation Convention on Biological Diversity - UNCBD) က ရေးသားပြုစုသည့် Global Biodiversity Outlook 4 - GBO4 အရ ကမ္ဘာ့နိုင်ငံအချို့တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များအပေါ် ထိရောက်စွာ ထိန်းသိမ်းစီမံအုပ်ချုပ်နိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဆိုးကျိုးများကို လျှော့ချနိုင်ခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အစားအစာနှင့် စွမ်းအင်လုံလောက်စွာဖြည့်ဆည်းပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခြင်းနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုခြင်း စသည့် နမူနာကောင်းများအဖြစ် ကျေနပ်ဖွယ် မြင်တွေ့နေရသကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများဆုံးရှုံးနေမှုကို လျှော့ချရပ်တန့်နိုင်ရန် ထပ်တိုးဆောင်ရွက်ရမည့် လုပ်ငန်းများ ရှိနေပါကြောင်း။

၂၀၁၁ ခုနှစ်မှစ၍ သစ်တောဦးစီးဌာနနှင့် ကိုရီယားသမ္မတနိုင်ငံ NIBR တို့လက်တွဲပြီး၊ မြန်မာနိုင်ငံ၏ ဇီဝအရင်းအမြစ် သတင်းအချက်အလက်များ လေ့လာစုဆောင်းခြင်းကို ပုပ္ပားတောင် ဥယျာဉ်၊ နတ်မတောင် အမျိုးသားဥယျာဉ်နှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ NIBR နှင့် ပူးပေါင်း၍ "ပုပ္ပားတောင်ဥယျာဉ်ရှိ ဇီဝမျိုးစုံမျိုးကွဲများစာအုပ်"ထုတ်ဝေခဲ့ပြီး ပုပ္ပားတောင်ဒေသ၏ အဓိကတောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်လေ့လာရန်နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သတင်းအချက်အလက်များကို စာအုပ်မှ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့ရှိ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အခြေအနေနှင့် ထိန်းသိမ်းရေး မဟာဗျူဟာဆိုင်ရာ နှီးနှောဖလှယ်ကြမည်ဖြစ်ပြီး အရှေ့တောင်အာရှဒေသနိုင်ငံများ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ အသုံးချခြင်းဆိုင်ရာ နည်းလမ်းကောင်းများနှင့် အတွေ့အကြုံဗဟုသုတများကို လေ့လာဖလှယ်ခွင့်ရမည်ဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် ဇီဝအရင်းအမြစ်များ ထိန်းသိမ်းရေးလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူပေါင်းဆောင်ရွက်မှုကို တိုးမြင့်ခိုင်မာလာစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားဇီဝအရင်းအမြစ်များသိပ္ပံဌာန(NIBR) ဥက္ကဋ္ဌ Dr.Kim Sang Bae က ဝမ်းမြောက်စကားပြောကြားပြီး ပုပ္ပားဇီဝမျိုးစုံမျိုးကွဲများ စာအုပ်မိတ်ဆက်ခြင်းနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ စလင်း၌ကျင်းပ

စလင်း ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထက်တန်းကျောင်း၌ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာကို ဖတ်ကြားပြီး ကျောင်းသားကျောင်းသူလေးများက ပြည်ထောင်စုအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

လှိုင်ကော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ၏ အ၄မအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ကယားပြည်နယ် တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ ခရိုင်၊မြို့နယ် တရားသူကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက်က ကယားပြည်နယ် တရားလွှတ်တော်၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်အေးအေးမွန်က နေပြည်တော်ရှိ သင်္ဂဟတိုတယ်၌ ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်အဖွဲ့ (ICJ) နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် လွတ်လပ်စွာတရားစီရင်မှု၊ ဘက်မလိုက်မှု၊ တာဝန်ခံနိုင်မှုဆိုင်ရာ တရားစီရင်ရေးကျင့်ဝတ်များ ဆွေးနွေးပွဲအတွေ့အကြုံများအား ရှင်းလင်းတင်ပြသည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော တရားရေးအရာရှိများနှင့် တရားသူကြီးများက မိမိတို့ရုံးတွင် တွေ့ကြုံရသော တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီမံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ၌ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းလတ်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပြီး ကျုံကဒတ်ကျေးရွာမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရှိသေးသော အသက် (၁၀ နှစ်)ပြည့် ၂၄ ဦး၊ အသက် (၁၈ နှစ်)ပြည့်ပြီးသူ ၂၈ ဦး၊ လဲလှယ်သူ ၄၄ ဦး၊ မိတ္တူထုတ်ပေးသူ ၆၈ ဦး၊ အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၉၅ ဦး စုစုပေါင်း ၁၆၄ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ပြုလုပ်ပေးခဲ့သည်။ **(၁၀၈)**

မှတ်ပုံတင်ခြင်းမရှိသော တက္ကစီများ အထူးအဖွဲ့များနှင့် စစ်ဆေးအရေးယူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့တော်၌ ပြေးဆွဲလျက်ရှိသော အငှားယာဉ်များအနေဖြင့် စီးတီးတက္ကစီမှတ်ပုံတင်ခြင်းမရှိသော မော်တော်ယာဉ်များကို အထူးစစ်ဆေးရေးအဖွဲ့များနှင့်စစ်ဆေးအရေးယူ သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူက ပြောကြားသည်။

"စီးတီးတက္ကစီ မှတ်ပုံမတင်ရသေးတဲ့ အငှားယာဉ်တွေအနေဖြင့် ကျွန်တော်တို့ မ-ထ-သမှာ လာရောက်မှတ်ပုံတင်ကြပါလို့ တိုက်တွန်းထားပါတယ်။ ပညာပေးမှုတွေ ပြုလုပ်နေပါတယ်။ ဒီပညာပေးအသိပေးကာလ ပြီးဆုံးသွားရင်တော့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အမိန့်တောင်းခံပြီး အထူးစစ်ဆေးရေးအဖွဲ့က ၁၀ ဖွဲ့နဲ့ စစ်ဆေးအရေးယူမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီလိုအရေးယူတဲ့နေရာမှာ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေကို ကိုင်စွဲတဲ့ က-ည-န နဲ့ ယာဉ်ထိန်းတပ်ဖွဲ့လည်း ပါဝင်မှာဖြစ်ပါတယ်"ဟု မ-ထ-သ(ဗဟို) ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

စီးတီးတက္ကစီယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မ-ထ-သ (ဗဟို)သို့ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး အငှားယာဉ်များအား မှတ်ပုံတင်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် တာဝန်လွှဲပြောင်းယူချိန်မှစ၍ စီးတီးတက္ကစီအဖြစ် လာရောက်မှတ်ပုံတင်သည့် ယာဉ် ၆၃၀ ကျော်ရှိပြီး သက်တမ်းတိုး တက္ကစီယာဉ် ၁၁၂၂ စီးရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဒီဇင်ဘာ ၇ ရက်တွင် တက္ကစီအငှားယာဉ်များမြို့တော်အင်္ဂါရပ်နှင့်အညီ ပြေးဆွဲနိုင်ရေး ၊ စည်းကမ်းလိုက်နာရေးနှင့် ပြည့်တွင်း ပြည်ပခရီးသွားများ အဆင်ပြေချောမွေ့စွာခရီးသွားလာနိုင်ရန် ရည်ရွယ်လျက် အငှားယာဉ်များကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းကိုဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ ရန်ကုန်မြို့တွင် တက္ကစီယာဉ်ငါးသောင်းကျော် ပြေးဆွဲလျက်ရှိသည်။ **ကြံတိုင်းအောင်**

ပညာရေးကောလိပ်များ၏ ကာယဗလနှင့်အလှပြိုင်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ပညာရေးကောလိပ်များ၏ ကာယဗလမောင်နှင့် ကာယအလှမယ်(အကြီးတန်းနှင့်အငယ်တန်း) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ ပင်လုံတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး) တို့မှ ပါမောက္ခချုပ်များ၊ တိုင်းရင်းသားဆေးတက္ကသိုလ်(မန္တလေး)၊ မုံရွာတက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးပညာရေးကောလိပ်ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ပါမောက္ခဌာနမှူးများ၊ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။

ယနေ့ပြိုင်ပွဲ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများရှိ ပညာရေးကောလိပ် စုစုပေါင်း ကျောင်း ၂၀ တို့မှ ကာယဗလမောင် အကြီးတန်းတွင် ကိုးဦး၊ ကာယအလှမယ် အကြီးတန်းတွင် ရှစ်ဦး၊ ကာယဗလမောင် အငယ်တန်းတွင် ၁၄ ဦး ကာယအလှမယ်အငယ်တန်း ၂၀ ပါဝင်ကြပြီး ပထမနေ့ ကာယဗလမောင်၊ ကာယအလှမယ် အကြီးတန်း အငယ်တန်း ပြိုင်ပွဲဝင်များက သတ်မှတ် စိတ်ကြိုက်ပြကွက်များဖြင့် အသီးသီးယှဉ်ပြိုင်ကြရာ ပြိုင်ပွဲအကဲဖြတ်ဒိုင်များက စိစစ်အမှတ်ပေး ရွေးချယ်ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)



ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

နိုင်ငံတကာအားကစားသတင်း

ဂျူဗင်တပ်စ်နဲ့ရိုးမားတို့ အမှတ်ပြည့်ယူကြမယ့်ပွဲစဉ် (၂၂)

အီတလီမြေက စီးရီးအေပွဲစဉ် (၂၃)ကတော့ ဖေဖော်ဝါရီ ၁၅ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်တွေရှိနေပါတယ်။ အဲဒီပွဲစဉ်တွေမှာ တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်က တန်းဆင်းဇုန်ထဲက စီဆီနာကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံဖို့သေချာနေသလို ရိုးမားတို့ကလည်း ပါးမားကို အမှတ်ပြည့်ယူကာ ကျော်ဖြတ်မှာမို့ အသင်းကြီးတွေအမှတ်ပြည့်သိမ်းပိုက်ကြဦးမယ့်ပွဲစဉ်တွေဖြစ်နေပါတယ်။

စီဆီနာနှင့် ဂျူဗင်တပ်စ်

တွေ့ဆုံခဲ့သမျှ မှတ်တမ်းမှာတော့ ဂျူဗင်တပ်စ်တို့နိုင်ပွဲတွေချည်း ရခဲ့တာများပါတယ်။ ဒါပေမယ့် တန်းဆင်းဇုန်ရုန်းကန်အားရှိနေတဲ့ စီဆီနာဟာ အိမ်ကွင်းလည်းဖြစ်တာမို့ ဂျူဗင်တပ်စ်တို့ခက်ခဲမှာတော့အမှန်ပါပဲ။ ဂျူဗင်တပ်စ်ဟာ တန်းစီဇယားထိပ်ဆုံးက လွတ်လွတ်ကျွတ်ကျွတ် ဆက်ပြီးဦးဆောင်ဖို့ အနိုင်ကိုပဲ အဓိကထားပုံဖော်မှာဖြစ်သလို ရလဒ်ပြတ်သားအောင်လည်း စွမ်းဆောင်ပါလိမ့်မယ်။

ရိုးမားနှင့် ပါးမား

ဒီနှစ်စီးရီးအေမှာ အိမ်ကွင်း ရှုံးပွဲမရှိသေးတဲ့ ရိုးမားတို့ အဲဒီမှတ်တမ်းကို အခုပွဲမှာ ဆက်ပြီးထိန်းသိမ်းဦးမှာဖြစ်ပါတယ်။ ရိုးမားအိမ်ကွင်းမှာ ကစားတိုင်း ပါးမားတို့နိုင်ပွဲပျောက်ဆုံးတာများတာမို့ အခုပွဲမှာ ရိုးမားရဲ့ တိုက်စစ်ခံစစ်ကောင်းမွန်မှုအောက်မှာ ပါးမားရဲ့မျှော်လင့်ချက်တွေ ပျောက်ဆုံးပါလိမ့်မယ်။

အေစီမီလန်နှင့် အမ်ပိုလီ

ခံစစ်ပိုင်းအမှားအယွင်းများနေတဲ့ အေစီမီလန်တို့အတွက် အိမ်ကွင်းမှာ သတိထားကစားရဦးမှာပါ။ ဒါပေမယ့် အမ်ပိုလီတို့က အဝေးကွင်းမှာ သရေပွဲများနေတာမို့ အခုပွဲမှာ အေစီမီလန်ရဲ့ နိုင်လိုစိတ်ပြင်းထန်နေမှုကို ဟန့်တားထိန်းချုပ်ဖို့ မလွယ်ပါဘူး။

အတ္တလန်တာနှင့် အင်တာမီလန်

အတ္တလန်တာကွင်းမှာကစားတိုင်း အင်တာမီလန်တို့ နိုင်ပွဲရတာများပါတယ်။ အင်တာမီလန်ဟာ အဝေးကွင်းမှာ သရေပွဲများတာမို့ အခုပွဲမှာ အတ္တလန်တာရဲ့ မာကျောတဲ့တုံ့ပြန်မှုကို ကြုံတွေ့ရဖို့ရှိနေပါတယ်။ တန်းဆင်းဇုန်ထဲ မဆင်းရအောင် ကြိုးစားမယ့် အိမ်ရှင်ဟာ အနိမ့်ဆုံးတစ်မှတ်တော့ရယူပါလိမ့်မယ်။

ဆက်ဆူအိုလိုနှင့် ဖီအိုရင်တီးနား

ပထမအကျော့ ဖီအိုရင်တီးနားကွင်းမှာ ဂိုးမရှိ သရေပွဲကစားနိုင်ခဲ့တဲ့ ဆက်ဆူအိုလိုတို့ခြေစွမ်းကို လျှော့တွက်လို့မရတာတော့အမှန်ပါပဲ။ ဆက်ဆူအိုလိုတို့က အခုပွဲမှာလည်း တိုက်စစ်ဖွင့်ကစားပြီး တစ်မှတ်ရအောင်ယူဖို့ ကြိုးစားပါလိမ့်မယ်။

အူဒီးနိစ်နှင့် လာဇီယို

အပြန်အလှန်အနိုင်ယူနေကြတဲ့အသင်းတွေမို့ ဒီပွဲမှာလည်း ကြည့်ကောင်းမယ့်ပွဲပါ။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ လာဇီယိုဟာ ဒီပွဲမှာနိုင်ပွဲပြန်ရှာဖွေဖို့ ကြိုးစားလာမှာဖြစ်သလို အူဒီးနိစ်ရဲ့ အိမ်ကွင်းရလဒ်ကောင်းမှုကိုလည်း ထည့်တွက်ရမှာမို့ ဒီပွဲရလဒ်ဟာ ညီမျှခြင်းဖြစ်သွားနိုင်ပါတယ်။

ဂျီနိုအာနှင့် ဗီရိုနာ

ဗီရိုနာကို အသာစီးရအောင်ကစားနိုင်ခဲ့တဲ့ ဂျီနိုအာတို့အတွက် ဒီပွဲဟာ သုံးမှတ်အပြည့်ရအောင် အားထုတ်မယ့်ပွဲစဉ်ဖြစ်နေပါတယ်။ ဂျီနိုအာရဲ့ အိမ်ကွင်းအားထည့်မှုဟာ ပြိုင်ပွဲရလဒ်ကို ပြောင်းလဲစေတာမို့ အိမ်ရှင်ပရိသတ်နဲ့အတူ အပျော်တွေမျှဝေခံစားသင့်တဲ့ပွဲပါပဲ။ ။

မိုးမြင့်လင်းလက်

မော်ရင်ဟိုအကြိုက်ဖြစ်နေတဲ့ ဟာဇတ်

ချယ်လ်ဆီးအသင်းမှာ လမ်းပတ်ထွက်သွားပြီးတဲ့နောက် ကွင်းလယ်ကစားကွက်ကို အကောင်းဆုံး ခြေစွမ်းပြနေသူကတော့ အီဒင်ဟာဇတ်ပဲဖြစ်ပါတယ်။ ကွင်းလယ် ကစားကွက်ကို နိုင်နိုင်နင်းနင်း ကစားနိုင်တဲ့အပြင် ဂိုးပေါက် ဖန်တီးမှုအားကောင်းနေတဲ့ အတွက်ကြောင့်လည်း မော်ရင်ဟို အကြိုက်ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမား အီဒင်ဟာဇတ်ကို ချယ်လ်ဆီးက နောက်ထပ် ငါးနှစ်ခွဲ ထပ်မံစာချုပ်လိုက်ပြီဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ် ဟာဇတ်အား ၂၀၁၂ ခုနှစ်က လိုင်လီမှ ပေါင် ၃၂ သန်းနဲ့ ချယ်လ်ဆီးက ခေါ်ယူစာချုပ်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ ဒီနှစ်ထဲမှာ ၃၆ ပွဲကစားရာ ၁၃ ဂိုး သွင်းယူထားပါတယ်။

"၂၀၁၂ ခုနှစ် ဒီမှာရောက်ကတည်းက ကျွန်တော်အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ အသင်းကလည်း ကျွန်တော့်အပေါ် အတော်လေးကောင်းပါတယ်။ အမြဲတမ်း ကူညီလေ့ ရှိပါတယ်" ဟုလည်း ဟာဇတ်က ဆိုပါတယ်။

"သူက ထိပ်တန်းကစားသမားပါ။ တော်လည်း တော်ပါတယ်။ ငယ်လည်းငယ်ပါသေးတယ်။ အကောင်းဆုံးကစားသမား ဖြစ်လာနိုင်ပါတယ်" လို့ နည်းပြ မော်ရင်ဟိုက ချီးကျူး ပြောဆိုလိုက်ပါတယ်။ ဟာဇတ်ဟာ ဘယ်လ်ဂျီယံအသင်းကို ပြီးခဲ့တဲ့နှစ်က ကမ္ဘာ့ဖလားကွာတား ဖိုင်နယ်ရောက်အောင် ပို့ပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းအတွက် ပွဲပေါင်း ၁၄၇ ပွဲ ပါဝင်ကစားရာမှာ ၄၃ ဂိုး သွင်းယူ ပေးနိုင်ခဲ့ပါတယ်။

အင်္ဂလန်တိုက်စစ်မှူးဖြစ်လာမယ့် ဟယ်ရီကိန်း

အင်္ဂလန်နည်းပြ ရွှိုင်းဟော့ဆင်ရဲ့တိုက်စစ်မှူး ရှာပုံတော်ထဲက အကြိုက်ဆုံးဖြစ်လာတဲ့တိုက်စစ်မှူးကတော့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းပဲဖြစ်ပါတယ်။ သူဟာ လာမယ့်လ လစ်သူယေးနီးယားနဲ့အီတလီတို့နဲ့ကစားမယ့်ပွဲမှာ အင်္ဂလန်အသင်းမှာ ပါဝင်လာဖွယ်ရှိနေပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူးဟယ်ရီကိန်းဟာ ဒီနှစ်ရာသီမှာ ၃၅ ပွဲ ကစားရာမှာ ၂၃ ဂိုး သွင်းယူပေးထားတာပါ။ "တကယ်တော့ သူဟာ ယခုအချိန်မှာ အင်္ဂလန်အသင်းမှာ ပါဝင်သင့်တဲ့သူပါ" လို့ ရွှိုင်းဟော့ဆင်က ပြောဆိုလိုက်ပါတယ်။ အသင်းခေါင်းဆောင် ဝိန်းရွန်နေကလည်း လက်ရှိမန်ယူမှာ ကွင်းလယ်နေရာ ကစားနေပေမယ့် နည်းပြ ရွှိုင်းဟော့ဆင်ကတော့ သူ့ကိုတိုက်စစ်နေရာမှာ ဆက်လက်အသုံးပြုဖွယ်ရှိနေပါတယ်။

ဧပြီလအတွင်းက စပါးအတွက် ပထမဆုံး ပရီမီယာလိဂ်မှာပါဝင်ကစားခဲ့တဲ့ ကိန်းဟာ လက်ရှိအခြေအနေမှာတော့ အင်္ဂလန်ကစားသမားတွေထဲမှာ ဂိုးအများဆုံးသွင်းသူဖြစ်လာခဲ့ပါပြီ။ သူဟာ ကျူပီအာအသင်းမှ ချာလီအော်စတင်နဲ့အတူ ၁၃ ဂိုး သွင်းယူထားသူဖြစ်ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

ဒဏ်ရာရသွားတဲ့ အင်ဒီကာရိုးလ်

ဝက်စ်ဟမ်း တိုက်စစ်မှူး အင်ဒီကာရိုးလ်ဟာ သောကြာနေ့က ခွဲစိတ်မှုအရ ဒူးခေါင်းဒဏ်ရာရရှိထားတယ်လို့ အသင်းရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဇန်နဝါရီ ၃၁ ရက်နောက်ပိုင်း ပထမဆုံး ပါဝင်ကစားခဲ့တဲ့ ကာရိုးလ်ဟာ ဆောက်သမ်တန်နဲ့ ဂိုးမရှိသရေကျခဲ့တဲ့ ဗုဒ္ဓဟူးနေ့ပွဲမှာ ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။

ကျူပီအာနည်းပြ ရမ်ဆေးဖြစ်လာ

ကျူပီအာ ယာယီနည်းပြ ခရစ်ရမ်ဆေးအား ရာသီကုန်အထိ နည်းပြ ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ အသက် ၅၂ နှစ်အရွယ် ရမ်ဆေးဟာ နည်းပြရက်နက် ဒူးခွဲစိတ်ဖို့ရှိတာကြောင့် နုတ်ထွက်ခဲ့ပြီးနောက် ယာယီနည်းပြတာဝန်ယူခဲ့တာ ဖြစ်ပါတယ်။

သူဟာ အင်္ဂလန် ယူ-၂၁ နည်းပြဟောင်းဖြစ်ပြီး စပါးအသင်း ဘောလုံးအကယ်ဒမီမှာ ကစားသမားတိုးတက်ရေး အကြီးအကဲအဖြစ် ဆယ်စုနှစ်တစ်ခုကြာ တာဝန်ယူခဲ့ပြီးနောက် ပြီးခဲ့တဲ့နှစ်က ရိန်းဂျားနည်းပြ လုပ်ခဲ့ပါတယ်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၁ယ/၂၆၂၄၄၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော် ၇/ပမန(နိုင်)၁၆၅၃၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၉၀၆၁၂၊ Suzuki Viva ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၇/ပခတ(နိုင်)၀၃၉၅၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်အိမ်ရာ၊ တိုက် ၂၊ အခန်း ၅၀၅ကို မူလအမည်ပေါက်ဦးလုံးရှောင်အမည်ဖြင့် အိုးအိမ်မှ ထုတ်ပေးသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာမူရင်းပျောက်ဆုံးသွားပါသဖြင့် ၎င်းအခန်းကို ဝယ်ယူထားသူ ဒေါ်စောမြခိုင်က A/O မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန်နှင့် ၎င်းအမည်သို့ ပြောင်းလဲ၍ Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၅၊ မြေကွက်အမှတ် (၂၉၁/က)+(၂၉၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၉၁/က)(၂၉၁/ခ)၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် [ဦးဇော်ဇော်လတ်(ခ)ဦးတိုင်းဇော်] ၈/ရနခ(နိုင်)၀၅၁၂၄၀၊ [ဦးဝင်းစိုး(ခ)ဦးစိုးမြင့်] ၁၂/သဃက(နိုင်)၀၆၅၇၀၅ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်သိန်းရီ ၁၂/သဃက(နိုင်)၀၆၅၇၃၀က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့် ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၀

ဦးအောင်ထွန်းသိန်း **နှင့်** ၁။ ဦးတင်မြင့်
၂။ ဦးမြင့်စိန်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆) ရပ်ကွက်၊ မောင်းမကန်လမ်း၊ အမှတ် ၂၀၆နေ ဦးတင်မြင့်၊ ဦးမြင့်စိန်(အတူနေ) (ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် မတ် ၁၁ရက်(၁၃၇၆ခုနှစ် တပေါင်း လပြည့်ကျော် ၇ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်ဟု အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

(မေမီဝင်းရွှေ)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သော တိုက်ရှိ ကန်ထရိုက်တာအကျိုးမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးလှမြင့် ၁၂/ဒကန(နိုင်)၀၃၄၀၁၅(မှ)	ဒေါ်ရီမာနာ(ခ)ဒေါ်လဲ့လဲ့ဝင်း ၁၂/ပဘတ(နိုင်)၀၂၁၅၆၈	တိုက်အမှတ် ၂၀၉၊ အခန်းအမှတ်(ခုနစ်လွှာ၊ ဘီ)၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၇၂၄၊ အကျယ်ပေ(၄၀×၆၀) မူလဂရန်အမည်ပေါက် ဒေါ်မြတ်မြတ်ထွန်း ၁၂/ဗဟန(နိုင်)၀၀၁၂၂၆ မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး ပိုင်ဆိုင်သည်ဟု အဆိုရှိသူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်သက်ဆိုင်သူ မည်သူမဆိုခိုင်လုံသောအထောက်အထားနှင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ဆက်သွယ်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မော်မော်လွင် ၁၂/ကမတ(နိုင်)၀၃၁၅၆၂
ဖုန်း-၀၁-၄၃၀၁၃၄၊ ၀၉-၄၃၀၄၁၄၇၁

ပြည်တွင်းသတင်း

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်ချင်းဆက် ပြည်ထောင်စုတံတားသစ်တည်ဆောက်

မိုးညှင်း ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာမှ လေးတန်ချောင်းကိုဖြတ်သန်းကာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံပဲကျေးရွာအုပ်စုသို့ဆက်သွယ်သည့် ပြည်နယ်ချင်းဆက် လှည်းကူး၊ ကားကူး သစ်သားတံတားကို ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"အရင်က ဒီသာယာကုန်းကျေးရွာက ပြည်နယ်ပြည်မပေါင်းကူးတံတားဟာ အသစ်ဆောက်ပြီး ဖွင့်ပွဲတောင်မလုပ်ရသေးခင် လေးတန်ချောင်းရေကြီးလို့ ပျက်စီးခဲ့တဲ့အတွက် အသစ်ပြန်ဆောက်ဖို့ ဖေဖော်ဝါရီ ၁၀ ရက်မှာ ပန္နက်ရိုက်ပြီးတော့ ဖေဖော်ဝါရီ ၁၁ ရက်မှာစတင်ဆောက်လုပ်ခဲ့တာပါ။ လူမျိုးပေါင်းစုံနေထိုင်တဲ့ ကျွန်တော်တို့ရွာမှာ ပြည်ထောင်စုနေ့မှာ စတင်တည်ဆောက်လို့ ဒီတံတားအသစ်ကိုလည်း ပြည်ထောင်စုတံတားလို့ အမည်ပေးထားပါတယ်။ တံတားကို ရက်ပေါင်း ၆၀ နဲ့ ပြီးစီးအောင်ဆောက်လုပ်သွားမှာပါ"ဟု သာယာကုန်းကျေးရွာမှ ရပ်မိရပ်ဖ ဦးအောင်ဖေက ပြောသည်။

သာယာကုန်းကျေးရွာတွင် ယခင်ကတည်ဆောက်ထားသော လှည်းကူး ကားကူးသစ်သားတံတားမှာ မိုးတွင်းကာလ လေးတန်ချောင်းရေကြီးရေလျှံမှုကြောင့် ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့သဖြင့် အဆိုပါနေရာတွင် အသစ်ပြန်လည်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တံတားပြန်လည်တည်ဆောက်ရန်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေမှ ကျပ်သိန်း ၁၅၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားသည် အလျားပေ ၂၈၀ အကျယ် ၁၈ ပေ ရှိပြီး သာယာကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လှနှင့် အထောက်အကူပြုအဖွဲ့များ၊ တံတားဖြစ်မြောက်ရေး အကျိုးဆောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက စုပေါင်းတည်ဆောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

သာယာကုန်းကျေးရွာသည် အိမ်ထောင်စု ၁၁၃ စု၊ လူဦးရေ ၅၈၀ ခန့်ရှိပြီး ရှမ်း၊ ကချင်နှင့် ဗမာလူမျိုးများ နေထိုင်ကြကာ ဒေသခံအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း၊ တံတားတည်ဆောက်ပြီးစီးသွားပါက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ ဒေသအတွင်း ပညာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နီတိုး(မော်လူး)

ဒေသခံပြည်သူများနှင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနပူးပေါင်း၍ ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

တပ်ဆင်ပြီးစီးနေသော ထရန်စဖော်မာနှင့် ဓာတ်တိုင်များ။

ငါ့သရောက် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် မြေနဲကြီးကျေးရွာတွင် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဇန်နဝါရီ ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မကြာမီအချိန်အတွင်း မြေနဲကြီးကျေးရွာနေပြည်သူများအတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

မြေနဲကြီးကျေးရွာနေ ပြည်သူများ ၂၄ နာရီလျှပ်စစ်မီးရရှိစေရန်အတွက် ကျေးရွာမှတာဝန်ရှိမီးလင်းရေးကော်မတီဝင်များက သက်ဆိုင်ရာလျှပ်စစ်ဝန်ကြီးဌာနသို့ တင်ပြတောင်းခံခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်အရ မြေနဲကြီးကျေးရွာနေ ဒေသခံပြည်သူများနှင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနတို့ပူးပေါင်းပြီး ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်လျှပ်စစ်ဦးစီးဌာနက ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်းအတွက် လိုအပ်သော ဓာတ်ကြိုးများနှင့် အခြားဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး မြေနဲကြီးကျေးရွာမှ ဒေသခံပြည်သူများ၏ မတည်ငွေကျပ်သိန်း ၄၀၀ ဖြင့် ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ပြည်သူများ ပူးပေါင်းလုပ်အားများ ကူညီဖြည့်ဆည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုအခါ လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းနေမှုမှာ ၇၅ ရာခိုင်နှုန်းခန့်အထိ ပြီးစီးနေပြီဖြစ်ကာ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်မှုအားလုံး မကြာမီ ပြီးစီးတော့မည်ဖြစ်၍ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီး မြေနဲကြီးကျေးရွာနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ယခင်ကထက်တိုးတက်လာတော့မည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဝင် တစ်ဦးက ပြောသည်။

ရဲဝင်းနိုင်(iprd)

ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေး

ရှားတော ဖေဖော်ဝါရီ ၁၄

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်အတွင်းရှိ ပြည်သူများ လူတိုင်းသက်တမ်းစေ့နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးကို ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကလေးသူငယ်များအား ကာကွယ်ဆေးများထိုးနှံခြင်း၊ ဗီတာမင်အေဆေးများနှင့် သန်ချဆေးများတိုက်ကျွေးခြင်းတို့ကို ရှားတောမြို့ စုစည်းရပ်ကွက်ရှိ ဒေါ်ခအော့ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဖေဖော်ဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ကာကွယ်ဆေးထိုးခြင်းကို အသက် တစ်နှစ်အောက်ကလေးငယ် ခြောက်ဦး၊ ဗီတာမင်အေဆေးနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို အသက် ငါးနှစ်အောက် ကလေးငယ် ၁၀၄ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင်အေဆေးများ၊ သန်ချဆေးများတိုက်ကျွေးခြင်းကို လစဉ်ပုံမှန်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ကျေးရွာများတွင်လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဦးကာစင် ၁၂/စခန(နိုင်)၀၅၃၄၇၆နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်ချိုတူးမာ ၁၂/မဂတ(နိုင်)၀၁၅၅၄၅၊ ဒေါ်အုန်းမြင့်(ခ)ဒေါ်လရီသာဘာနူး ၁၂/စခန(နိုင်) ၀၅၃၅၁၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကာစင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများနှင့်ဦးကာစင်မှာ ဦးဘသန်းနှင့်ဒေါ်နူးရ်ဘီတို့မှ မွေးဖွားသောသားသမီးအရင်းများဖြစ်ကြပြီး မိဘနှစ်ပါးလုံး ကွယ်လွန်သွားသည့်နောက်ပိုင်း မိဘများကျန်ရစ်သည့်ပစ္စည်းများအနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၆/မြေညီ)ရှိတိုက်ခန်းကို ဒေါ်အုန်းမြင့်နှင့်ဒေါ်ချိုတူးမာတို့အားပေးအပ်ရန် သဘောတူကတိပြုထားပြီး အဆိုပါတိုက်ခန်းကို လူကြီးမင်းဦးကာစင်က အငှားချထားခြင်းပြုသည့်အပြင် ငှားရမ်းခငွေများကိုလည်း လူကြီးမင်းပင် လက်ခံရယူ၍ကိုယ်ကျိုးသုံးစွဲခဲ့ပါသည်။ လူကြီးမင်းသည် အထက်ဖော်ပြပါ တိုက်ခန်းကို ၃၀-၆-၂၀၁၄ရက်တွင် အပြီးအပိုင်ဖယ်ရှားကာ ဒေါ်အုန်းမြင့်နှင့် ဒေါ်ချိုတူးမာတို့အားပေးအပ်မည်ဖြစ်ကြောင်း ဒေါ်အုန်းမြင့်နှင့် ဒေါ်ချိုတူးမာတို့ထံမှ ငွေကျပ်သိန်း(၂၀)တောင်းသည်ကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့တွင် ၂၁-၅-၂၀၁၄ရက်၌ ဝန်ခံကတိပြုခဲ့ပြီးဖြစ်ပါသည်။ လူကြီးမင်းအနေဖြင့် အထက်ပါတိုက်ခန်းကို ရပ်ကွက်လူကြီးများရှေ့တွင် တရားဝင်ပေးအပ်ခဲ့ပြီးသည့်အချိန်မှစ၍ လူကြီးမင်းအနေဖြင့် စီမံခန့်ခွဲပိုင်ခွင့်မရှိတော့ပါ။ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လူကြီးမင်းကိုယ်တိုင်နေသူအား ဖယ်ရှားပြီး အခန်းလွတ်လက်ရောက်ပေးအပ်ရန်နှင့် လူကြီးမင်းတောင်းဆိုသော ငွေကျပ်သိန်း(၂၀)ကိုလည်း ကျွန်ုပ်တို့၏မိတ်ဆွေများက ပေးမည်ဖြစ်ကြောင်း၊ လိုက်နာ ခြင်းမရှိဘဲ ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကာစင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ကျော့ကျော့ဝေ(LL.B,D.B.L) စဉ်-၇၈၉၂ တရားလွှတ်တော်ရှေ့နေ
ဒေါ်ခင်နီတာ(LL.B,D.B.L,D.M.L) စဉ်-၃၄၇၅၉ ဒေါ်ယောမယ်ရီ(LL.B,D.I.L) စဉ်-၃၉၆၁၁
အထက်တန်းရှေ့နေများ
အမှတ် ၂၀၃(သုံးလွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်စန်းစန်းရီနှင့် ၄င်း၏တရားလွှတ်တော်ရှေ့နေ ဦးထိန်လင်းတို့၏ ၇-၂-၂၀၁၅ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ

ကြော်ငြာအပေါ် ရှင်းလင်းခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၅၆၉၊ ဧရိယာ ၀.၁၁၃သမ၀၂၉ဧကရှိ နှစ် ၆၀ ဂရန်အမျိုးအစား မြေကွက်နှင့်ယင်းမြေပေါ်ရှိ အမှတ် ၁၀၂၊ ဗဟိုလမ်း(ယခင်ခိုင်ရွှေဝါလမ်း)၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်တိုင်းဒေသကြီးတရားရုံးမှ တရားမဇာရီမှုအမှတ် ၂၂၅/၂၀၀၂တွင် လေလံတင်ရောင်းချခြင်း မပြုပါရန် ရုံးတော်၌လျှောက်ထားပြီး အိမ်ပိုင်ရှင်(တရားရုံး)ဒေါ်စန်းစန်းရီကိုယ်စား ဦးသူရကြူနှင့် ဒေါ်ဆန်းယဉ်ကြူတို့မှ တရားနိုင်ဖြစ်သူသို့ တရားရုံးဒီကရီ ကျငွေများအားပေးဆပ်၍လည်းကောင်း၊ ဒေါ်စန်းစန်းရီကျေနပ်သည်အထိ ညှိနှိုင်းမှုများ ပြုလုပ်၍လည်းကောင်း၊ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အပိုင်ပေးစာချုပ်အမှတ် ၄၀၁၃/၀၄ဖြင့် အထက်ဖော်ပြပါမြေနှင့်အိမ်အား လွှဲပြောင်းရယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်ကို အစ်မဖြစ်သူ ဒေါ်ဆန်းယဉ်ကြူမှ မောင်ဖြစ်သူ ဦးသူရကြူအား ၃၀-၇-၂၀၁၄ရက်တွင် အပြီးအပိုင်ပေးအပ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ဝန်ခံကတိပြုလွှာလက်မှတ်ရေးထိုး၍ အိမ်/မြေနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများအားလုံးကို ဦးသူရကြူအား လက်ရောက် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၄င်းမြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသူရကြူတစ်ဦးတည်းပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် အထက်ပါမြေအိမ်နှင့်ပတ်သက်၍ မည်သူမဆို ထင်ယောင်ထင်မှား ဖြစ်ရန်ပြောဆိုခြင်း၊ ရေးသားခြင်းပြုလုပ်ပါက ဥပဒေကြောင်းအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(သိရှိလိုပါက လာရောက်မေးမြန်းနိုင်ပါသည်။)**

ဦးသူရကြူ(စိန်ခြယ်-ကိုသူ) ဖုန်း-၀၉-၅၄၀၁၆၇၇

ပြည်တွင်းသတင်း

ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ဟိုမိန်း ဖေဖော်ဝါရီ ၁၄

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် လူကြီးလူငယ်များနှင့် ကလေးများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားပြိုင်ပွဲများကို ဟိုမိန်းမြို့ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ဂိုးကျဉ်းဘောလုံး၊ တာဝေးအပြေး၊ ပီနံအိတ်စွပ်ပြိုင်ပွဲ၊ ပူဖောင်းဖောက်၊ မုန့်စားပြိုင်ပွဲ၊ အပ်ချည်ထိုး၊ သံပုံးရိုက်၊ စာအုပ်ရွက်၊ အာလူးကောက်စသည့် ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ ၃၁ မျိုးကို ကျင်းပခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရဲနောင်(iprd)

မြောင်းမြမြို့နယ်၌ ပြည်ထောင်စုနေ့ဂုဏ်ပြု ကွန်ကရစ်လမ်းသစ်ဖွင့်

မြောင်းမြ ဖေဖော်ဝါရီ ၁၄

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့ မြရတနာရပ်ကွက်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူခင်းကျင်းခဲ့သော ဘုရားချောင်း-နဝရတ်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ နဝရတ်ကွန်ကရစ်လမ်းသစ်သည် အရှည် ၃၈၂၅ ပေ၊ အကျယ် ၁၄ ပေ၊ ထု ၈ လက်မရှိကာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ထည့်ဝင်ငွေ ကျပ် ၄၂၆ ဒသမ ၅ သိန်းနှင့် ပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၅၈၃ သိန်း စုစုပေါင်း ငွေကျပ် ၁၀၀၉ ဒသမ ၅ သိန်း အကုန်ကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးလှဦး၏ ပြောကြားချက်အရ သိရသည်။

မြရတနာရပ်ကွက် နဝရတ်လမ်းမကြီးသည် အဝေးပြေးလမ်းမှတစ်ဆင့် မြောင်းမြမြို့တွင်းသို့ဝင်ရောက်သည့် အဓိကလမ်းမကြီးဖြစ်ပြီး မိုးတွင်းအချိန်၌လမ်းသားများ မကြာခဏ ပျက်စီးမှုကြောင့် နိုင်ငံတော်နှင့် ပြည်သူစုပေါင်းအားဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လမ်းကောင်းမွန်သွားသည့်အတွက် ခရီးသွားများနှင့် ရပ်ကွက်နေ ပြည်သူများသွားလာရေး အဆင်ပြေ ချောမွေ့လျက်ရှိကြောင်း သိရသည်။

အောင်မင်း(iprd)

အသက်(၁၀၁)နှစ်အဘွားအားထပ်ဆင့်ကန်တော့

မြင်းမူ ဖေဖော်ဝါရီ ၁၄

အသက်(၁၀၀) ကျော်ဘိုးဘွားများအား နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ဂုဏ်ပြုသည့်အစီအစဉ်တွင် ပါဝင်သည့် အသက်(၁၀၁)နှစ်ရှိ အဘွားဒေါ်သိန်းညွန့်အား မြင်းမူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်၊ အလှူရှင်များစုပေါင်းပြီး ထောက်ပံ့ငွေကျပ်နှစ်သိန်းသုံးသောင်းကို ကန်တော့ခဲ့ခြင်းဖြစ်ကာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်ကြီးတို့က ဖေဖော်ဝါရီ ၁၁ ရက်က သွားရောက်ကန်တော့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

ကိုယ့်အားကိုယ်ကိုးဓာတ်အားလိုင်းနှင့် ထရန်စဖော်မာဖွင့်ပွဲကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၄

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ ချည်စက်ရပ်ကွက် သဲတောလေးနယ်မြေ(၁)နှင့် (၂)တွင် ဖေဖော်ဝါရီ ၁၂ ရက်က လျှပ်စစ်မီးဖွင့်ပွဲကျင်းပသည်။

လျှပ်စစ်မီးဖွင့်ပွဲတွင် အမှတ်(၁)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောငွေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)မှ စက်ရုံမှူး ဦးနိုင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ပေးပို့သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားကာ သဲတောလေးနယ်မြေ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသင်းအောင်က မီးလင်းရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားသည်။

ချည်စက်ရပ်ကွက် သဲတောလေးနယ်မြေ(၁)နှင့် (၂)တွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)မှ ဝန်ထမ်းမိသားစုများ၊ အငြိမ်းစားဝန်ထမ်းများ၏ စုစုပေါင်း အိမ်ထောင်စု ၁၆၀၊ လူဦးရေ ၇၆၀ ကျော် နေထိုင်ပြီး ရပ်ကွက်နယ်မြေအတွင်း လျှပ်စစ်မီးလင်းရေးအတွက် ၁၁ ကေဗွီအေ ဓာတ်အားလိုင်း ပေ ၂၁၀၀ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၃၉၀၀ ကို ရပ်ကွက်နေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေဖြင့်တည်ဆောက်ခဲ့ကာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို Dragon Emperor Services Co.,Ltd. က ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၃၀၈၀၈၊ Trawlergi (Lifan) F/T(4x2) L Dump Body ယာဉ်လက်ဝယ်ရှိသူ ဖြိုးဝေလျှံကုမ္ပဏီက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

အများသိစေနိုင်ရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်စန်းနွဲ့(ဘ)ဦးကျော်သိန်း ၁၂/မဂဒ(နိုင်)၀၃၁၆၁၅ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရတနာသိင်္ခလမ်း၊ စမ်းကြီးဝရပ်ကွက်၊ အမှတ်၂၂ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းများအား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီးကျေးရွာ အနောက်ကွင်းရှိ မြေအမျိုးအစား R-3၊ ကွင်းအမှတ် ၅၃၄(အေ)၊ ဦးပိုင်အမှတ် ၂၁၊ ဧရိယာ ၄ ဒသမ ၅၆ ဧကနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သော ဒေါ်ခင်ညွန့်၏အမွေကျန်ပစ္စည်းများဖြစ်ပြီး ဒေါ်ခင်ညွန့် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။

အထက်ဖော်ပြပါ မြေကွက်သည် ကျွန်ုပ်မိတ်ဆွေ၏မိခင် ဒေါ်ခင်ညွန့် အမည်ပေါက်ခဲ့ပါသဖြင့် သမီးဖြစ်သူ ဒေါ်ခင်စန်းနွဲ့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်လက်ခံစားပိုင်ခွင့်ရှိသူဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေပေါ်တွင် ကျူးကျော်ဝင်ရောက်ခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းအား တားမြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်နိုင်ဝင်း(LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၄၂၇၅၂)
ဖုန်း-၀၉-၂၅၀၁၅၁၈၄၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခွာညို(၄)လမ်း၊ အမှတ် ၁၁၆နေ ဒေါ်နုရီ ၁၂/ဥကမ(နိုင်)၀၅၃၆၃၈နှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်းမ၊ အမှတ် ၂၅ နေ ဒေါ်ခင်သိန်းမြင့် ၁၂/ဥကမ(နိုင်)၀၅၀၅၀၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ(၈)လမ်း၊ အမှတ်(၇၉၀၁/၂)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ ဦးမောင်ကို အမည်ပေါက် နှစ် ၆၀ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့် ရေ+လျှပ် စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးဘသိန်း(ကွယ်လွန်)နှင့် ဒေါ်သိန်းညွန့်(ကွယ်လွန်)တို့၏သားသမီးများဖြစ်ကြသည့် ဦးမြင့်ဟန်(ခ)ဦးပညာ နန္ဒ၊ ဒေါ်နုရီ၊ ဒေါ်နုကြည်(ကွယ်လွန်)၊ ဦးခင်မောင်အေး(ကွယ်လွန်)၏ဇနီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ခင်သိန်းမြင့်တို့၏အမွေဆိုင်ပစ္စည်းများဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ အမွေဆိုင်မောင်နှမများ၏အတိအလင်းသဘောတူညီချက်မရရှိဘဲ အထက်ပါလိပ်စာရှိ မြေကွက်နှင့်နေအိမ်အား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လဲလှယ်ခြင်း၊ အပ်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်းနှင့် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ကြပါရန်နှင့်ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်သဇင်စိုး(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)
အမှတ် ၄၁၄၊ ပုလဲ(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၀၀၇၃၃

ပြည်တွင်းသတင်း

ရေစကြိုမြို့နယ်တွင် နွေစပါးစတင်ပျိုးထောင်ပြီ

သတင်းဆောင်းပါး
အိမ့်မွန်ဆွေ(ရေစကြို)

နွေစပါးစိုက်ပျိုးရန် ပျိုးကြဲနေသော တောင်သူတစ်ဦး။

စိုက်ပျိုးရေးကို အဓိကထားပြီး ဆန်စပါးစိုက်ပျိုးမှု ဦးစားပေးသည့် မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးပြီး ပိုလျှံသည့်ဆန်စပါးများကို ပြည်ပနိုင်ငံများဖြစ်သော အိုင်ဗရီကို့စ်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူလ်ဂေးရီးယား၊ စင်ကာပူ၊ ရုရှား၊ တောင်အာဖရိက၊ အီဂျစ်၊ အိန္ဒိယ၊ အာရပ်ပြည်ထောင်စု စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံအတွင်းစပါးစိုက်ဧကများ၌ တစ်ဧကချင်းအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးကာ လူနေမှုဘဝ မြင့်မားလာစေမည်ဖြစ်ရာ တစ်မြို့နယ်ချင်းအလိုက် နွေစပါးလျာထားဧကများ ပြည့်မီကျော်လွန်ရေးနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်အတိုင်း စိုက်ပျိုးနိုင်ကြရန် နိုင်ငံတစ်ဝန်းလုံးတွင် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ဆန်စပါးစိုက်ပျိုးသည့် အဓိကနယ်တစ်ခုဖြစ်သော ရေစကြိုမြို့နယ်တွင်လည်း ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ဧက ၃၈၂၄ ဧက စိုက်ပျိုးရန် လျာထားကြောင်းသိရသည်။ ယခုအချိန်သည် ရေစကြိုမြို့မှ စပါးစိုက်တောင်သူများ စပါးစတင်ပျိုးထောင်ချိန်ဖြစ်ကာ ရေကျနောက်စိုက် စပါးခင်းများ စိုက်ပျိုးပြီးစီးသည့်အချိန်လည်းဖြစ်သည်။

စပါး၏သက်တမ်းအလိုက် သက်ရင့်မျိုး၊ သက်လတ်မျိုး၊ သက်ကြီးမျိုးဟူ၍ စပါးမျိုးအုပ်စု သုံးအုပ်စုခွဲခြားထားသည့်အနက် ရေစကြိုမြို့မှ စပါးစိုက်တောင်သူများသည် ရေစကြိုမြို့နယ်၏ ရေမြေရာသီဥတုနှင့်ကိုက်ညီသော သက်ရင့်မျိုးနှင့် သက်လတ်မျိုးများကို စိုက်ပျိုးကြသည်။ စပါးသက်တမ်း ၁၀၅ ရက်မှ ၁၁၀ ရက်အတွင်းရှိ စပါးမျိုးအုပ်စုများကို သက်ရင့်မျိုးဟုခေါ်၍ နွေရာသီတွင် စိုက်ပျိုးကြပြီး စပါးသက်တမ်း ၁၃၅ ရက်မှ ၁၄၅ ရက်အတွင်းရှိ စပါးမျိုးအုပ်စုများကို သက်လတ်မျိုးဟု ခေါ်ကာမိုးရာသီတွင် စိုက်ပျိုးကြသည်ဟု သိရသည်။ ထို့ကြောင့် နွေစပါးစိုက်ပျိုးရာသီဖြစ်သည့် ယခုအချိန်တွင် ရေစကြိုမြို့နယ်မှ တောင်သူများသည် သက်ရင့်မျိုးဖြစ်သော ပုလဲသွယ်၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ရတနာတိုး၊ ရွှေပြည်ထွေး၊ ဗီယက်နမ် စသည့် နွေစပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးနေကြပြီဖြစ်သည်။

အဆိုပါ စပါးမျိုးများအပြင် ရေစကြိုမြို့နယ်အတွင်း ကျွန်းထဲကျေးရွာအချို့တွင် ပြီးခဲ့သည့်မိုးစပါးစိုက်ပျိုးရာသီက စမ်းသပ်စိုက်ပျိုးခဲ့ရာ တစ်ဧကအထွက်နှုန်း တင်း ၁၅၀ နှင့် ၂၀၀ ကြား ထွက်ရှိသော ဗီယက်နမ်စပါးမျိုးကိုလည်း တောင်သူအများ စိတ်ဝင်စားလျက်ရှိကြသည်။ ဗီယက်နမ်စပါးမျိုးသည် မူလစပါးမျိုးစေ့ကို ပြန်လည်စိုက်ပျိုး၍ရသဖြင့် စပါးကိုဆန်အဖြစ် ကြိတ်ခွဲရောင်းချနိုင်သကဲ့သို့ မျိုးအနေဖြင့်လည်း ပြန်လည်ရောင်းချနိုင်သောကြောင့် ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် ရေစကြိုမြို့နယ်၌ ဗီယက်နမ်စပါးကို တိုးချဲ့စမ်းသပ်စိုက်ပျိုးကြမည်ဖြစ်ရာ ဗီယက်နမ်စပါးစမ်းသပ်စိုက်ဧကလည်း ၂၀ ကျော်ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာချင်းဆက်ကွန်ကရစ်တံတား စုပေါင်းဆောက်လုပ်

အင်းတော် ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံပဟဲကျေးရွာအုပ်စုအတွင်းရှိ မံပဟဲနှင့် မြေပလ္လင်ကျေးရွာချင်းဆက်လမ်းမကြီးပေါ်တွင် အာရ်စီကွန်ကရစ်အမျိုးအစားတံတားငယ်တစ်စင်းကို ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဒေသခံအလှူရှင်များနှင့် လုပ်အားဒါနပေးသူများ ဝိုင်းဝန်းတည်ဆောက်ခဲ့ကြကြောင်းသိရသည်။

မံပဟဲကျေးရွာနေဦးမောင်မြင့်မိသားစုက ငွေကျပ် ၁၅ သိန်းမတည်လှူဒါန်းမှုဖြင့် အလျား ၁၄ ပေ အကျယ် ၆ ပေရှိသော ကွန်ကရစ်တံတားကို မံပဟဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေ၊ ရပ်မိရပ်ဖများနှင့် လုပ်အားဒါနပြုသူ ဒေသခံပြည်သူ ၄၀ ခန့်က စုပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မံပဟဲ-မြေပလ္လင်ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ယင်းတံတားကို လေးတန်ချောင်းရိုးတစ်လျှောက် ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာမှ ဒေသခံများက နေ့စဉ်ဖြတ်သန်းသွားလာနေကြသဖြင့် သွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် ကွန်ကရစ်တံတားကို တည်ဆောက်ခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေက ပြောသည်။ **(၁၄၉)**

ကျေးရွာတွင်း ကျောက်ချောလမ်းသစ်ဖွင့်

ကျောက်ဖြူ ဖေဖော်ဝါရီ ၁၄

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ပြင်ဖြူမော်ကျေးရွာအဝင် ကျောက်ချောလမ်းသစ်ကို (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လမ်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဖေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းနှင့် ပြင်ဖြူမော်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေနှင့် ထု ၉ လက်မရှိ ကျောက်ချောလမ်းသစ်ကို ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၆၃ ဒသမ ၉၈ သန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းဖောက်လုပ်ပြီးစီးသည့်အတွက် ပြင်ဖြူမော်ကျေးရွာရှိ အိမ်ခြေ ၂၁၀ မှ ဒေသခံပြည်သူ ၁၀၀၀ ခန့်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများ တိုးတက်ရေးအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သက်ထက်**

ပြည်သူ့ဘဝတိုးတက်ရေးအတွက် အခွန်ပိုင်းဆိုင်ရာပန်ကြားချက်

အခွန်ဟူသည် အများပြည်သူ၏ လူနေမှုဘဝ လုံခြုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောက်ခံအသုံးပြုသောငွေပင် ဖြစ်ပါသည်။

အခွန်ငွေကိုသုံးစွဲ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လိုအပ်သော အဖွဲ့အစည်းများ ထူထောင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေး၊ လူမှုဖူလုံရေး အစရှိသည့် စနစ်များထူထောင်တည်ဆောက်ခြင်း စသည်ဖြင့် ပြည်သူ့ဘဝတိုးတက်ရေးအတွက် ဘက်စုံမှဆောင်ရွက်ရသည်ဖြစ်ရာ အခွန်ငွေရရှိမှု အားနည်းသည်နှင့်အမျှ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် အားနည်းသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အခွန်ဥပဒေများနှင့်အညီ ပေးဆောင်သင့်သောအခွန်များကို ပေးဆောင်ကြရေးအတွက် ဝိုင်းဝန်းကူညီကြပါရန်နှင့် အခွန်ရှောင်နေသူများ အထူးအားဖြင့် အခွန်ပေးဆောင်ထားခြင်းမရှိသည့် မှောင်ခိုကုန်များ သိုလှောင်၊ ရောင်းဝယ်ဖောက်ကားခြင်းများကို စည်းရုံးတားဆီးခြင်း၊ သတင်းပေးပို့ခြင်းများဖြင့် အကူအညီပေးနိုင်ပါရန် မေတ္တာရပ်ခံပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၀)ရပ်ကွက်၊ မြေကွက်အမှတ် ၁၃၂၈ မှာ အမှတ် (၃) ရဲတပ်ရင်းမှ ဦးတင်ထွန်း ၁၃/မတန(နိုင်)၀၀၃၂၆၄က တရားဝင်ရရှိထားသည့် မြေကွက်ဖြစ်ပြီး လွှဲပြောင်းရောင်းချထားခြင်း မပြုရသေးကြောင်း၊ ဦးတင်ထွန်းသည် မြေချပါမစ်မူရင်း ပျောက်ဆုံးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်လျှောက်ထားခြင်းမပြုနိုင်ခဲ့ကြောင်းနှင့် ယင်းမြေကွက်ပေါ်တွင် ခြံစည်းရိုးခတ်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ဦးတင်ထွန်းထံမှ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ တိုက် ၃၀၊ အခန်း ၀၀၂နေ ဦးစံဖေထံသို့ ဆက်သွယ်ညှိနှိုင်းပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအေးရွှေ (B.A,H.G.P,R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၈၀၅/၉၄)
ဖုန်း-၀၉-၅၁၇၂၄၆၅
အမှတ် (၁၁၆/ဘီ)၊စိန်ပန်းမြိုင်လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

တိုင်းရင်းသားကျေးရွာ၌ ပြည်ထောင်စုနေ့ ပျော်ပွဲရွှင်ပွဲကျင်းပ

လွန်ဆွဲပြိုင်နေသော မူကြိုကလေးငယ်များနှင့် အားပေးနေသော မိဘများ။

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့နှင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားစွာ ကျင်းပသည်။

ဖျော်ဖြေပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအဖွဲ့က ပြည်ထောင်စုနဲ့ထာဝရအလှုသီချင်းနှင့် မူကြိုကလေးငယ်များက ယိမ်းအက၊ နှစ်ပါးသွားအကများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် မူကြိုကလေးငယ်များအတွက် ပန်းချီ၊ ဘောလုံးအရောင်ရွေး၊ အပြေး၊ အာလူးကောက်၊ လွန်ဆွဲနှင့် မုန့်စားပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြသည်။

တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပအိုဝ်းနှင့် ကရင်တိုင်းရင်းသားအဖွဲ့များလည်း တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရင်သွေးငယ်များပြုစုပျိုးထောင်ရေး ကျောင်းဆောင်တည်ဆောက်

အင်းတော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာတွင် ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေး ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီ ၁၂ ရက်က စတင်ပန္နက်ရိုက် တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေးကျောင်းဆောင်သစ် ပင်မအဆောက်အအုံကို မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များပြုစုပျိုးထောင် စောင့်ရှောက်ရေးအသင်း (ပလန်မြန်မာ)မှ ထောက်ပံ့ပေးအပ်ငွေ ကျပ်သိန်း ၅၀ နှင့် ဒေသခံအလှူရှင်များ ထည့်ဝင်ငွေကျပ် ၃၅ သိန်းဖြင့်တည်ဆောက်ခြင်းဖြစ်ပြီး အလျားပေ ၆၀၊ အနံ ၂၆ ပေရှိသော ပျဉ်ကာ တစ်ထပ် အဆောက်အအုံဖြစ်ကာ မတ်လကုန်ခန့်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရင်သွေးငယ်လေးများ ပြုစုပျိုးထောင်ရေးကျောင်းဆောင်သစ်တည်ဆောက်ရေးအတွက် မံဟဲကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ၊ ရင်သွေးငယ် ပြုစုပြိုးထောင်ရေးကျောင်း အတွင်းရေးမှူး ဦးစောဝင်းနှင့် ကျောင်းဆောင်ဖြစ်မြောက်ရေးအကျိုးတော်ဆောင် ကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နီတိုး(မော်လူး)

တရားမဝင်ကျွန်းနှင့်အင်သစ်ခွဲသားများ ဖမ်းဆီးရမိ

ကသာ ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ရေဘုတ်ကျေးရွာအနီးဆိပ်ကမ်းတွင် တရားမဝင်ကျွန်းနှင့် အင်သစ်ခွဲသားများကို ဖေဖော်ဝါရီ ၁၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင်သစ်မှောင်ခိုများ ဖမ်းဆီးရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှစိန်၏ညွှန်ကြားချက်အရ ကသာမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကသာမြို့မရဲစခန်းမှူးတို့၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက်က သစ်မှောင်ခိုများ ဖော်ထုတ်ဖမ်းဆီးရေးလှည့်ကင်းဆောင်ရွက်စဉ် ကသာမြို့နယ် ရေဘုတ်ကျေးရွာအနီးဆိပ်ကမ်း၌ တရားမဝင်ကျွန်းသစ်ခွဲသား ၁၇၃ ချောင်း၊ အလေးချိန် ၂ ဒသမ ၁၆၃ တန်၊ ကာလတန်ဖိုးငွေကျပ် ၆၅၃၂၅၀ နှင့် အင်သစ်ခွဲသားဆိုက်စုံ ၆၅ ချောင်း၊ အလေးချိန် ၂ ဒသမ ၁၅၃ တန်၊ ကာလတန်ဖိုးငွေကျပ် ၁၇၂၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး တရားမဝင်သစ်ခွဲသားများနှင့်အတူတွေ့ရှိသူ တင်လှိုင်အောင်ကို ဥပဒေအရ အရေးယူပေးရန် ကသာမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်သန်းဇော်က ကသာမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

သတင်းတို

ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲကျင်းပ

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့တွင် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ဖတ်ကြားခဲ့ပြီး ခရိုင်ပြန်/ဆက်ဦးစီးဌာနကလည်း ပြည်ထောင်စုနေ့အထိမ်းအမှတ်လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ **ဖုန်ကန်(iprd)**

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(Myanmar Construction and Development Public Company Limited) (MCD)

ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာခြင်း

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် Myanmar Construction and Development Public Company Limited) (MCD)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၄၈၄၁/၂၀၁၄ -၂၀၁၅ (၃၁-၁၂-၂၀၁၄)ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ အများပြည်သူနှင့်လည်းကောင်း ဆက်စပ်အကျိုးဝင်သည့် ဆောက်လုပ်ရေးလုပ်ငန်းကြီးများ၊ လမ်းမကြီးများနှင့် တံတားများ၊ လေဆိပ်များ၊ စက်မှုဇုန်များ၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူအကျိုးပြု တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးမျှတအိမ်ရာ ဆောက်လုပ်ခြင်းများ စသည်တို့ကို ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအား အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဆက်လက်အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီရုံးခန်းကို အမှတ် (၃/က)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

(MCD)

ဆောင်းပါး

မိုးပွင့်တွေထဲက မိုးပွင့်(အထူး)

မောင်မုဒိတာ

ကျွန်တော်သည် ဓါတ်မီးတစ်လက်ဆွဲ၍ လမ်းထိပ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ထွက်လာခဲ့သည်။ အချိန်က ည ၇ နာရီကျော်ပြီ။ ဒီအချိန်ဆို ရပ်ကွက်ရုံးဖွင့်ပြီပေါ့။ အကြောင်းက ကျွန်တော့်ညီမလေး သားနှစ်ယောက် ဇာတိမြို့မှ ကျွန်တော့်ထံ ရောက်ရှိနေ၍ ညဥ့်အိပ်ညဥ့်နေ ဧည့်စာရင်းတိုင်ကြားရန်ဖြစ်သည်။ တစ်ယောက်ကတော့ မှတ်ပုံတင်ပါသည်။ တစ်ယောက်ကတော့ မှတ်ပုံတင်ပျောက်သွား၍ သွားလိုက်တော့ ... ရုံးရောက်တော့ ရပ်ကွက်အုပ်ချုပ်ရေးမှူး အား အဆင်သင့်ပင်တွေ့ရသည်။ ... သည့်အတွက် ကျွန်တော့်လို ဧည့်စာရင်းတိုင်ကြားသူများကြောင့် စည်ကားသလို ရှိနေသည်။

"ဦးလေး လာထိုင်ပါဦး၊ အေးအေးဆေးဆေး စကားလေးဘာလေး ပြောရအောင်ပေါ့ဗျာ" ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။ ကျွန်တော်လည်း ခုံလွတ်တစ်လုံးဆွဲ၍ ထိုင်လိုက်သည်။ ကျွန်တော့်အိမ်နှင့် ရပ်ကွက်ရုံးက သိပ်မဝေး၊ ညဘက် ထမင်းစားပြီး လမ်းလျှောက်ရင်း ရပ်ကွက်ရုံး၌ ဝင်ထိုင်စကားပြောနေကျဆိုတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောလိုက်ခြင်းဖြစ်သည်။ **"ဥက္ကဋ္ဌရာ၊ ဒါလေးအရင်လုပ်ပေးပါဦး၊ ပြီးတော့မှပြောတာပေါ့"** ဟု ကျွန်တော်က ကျွန်တော့်အမျိုးအတွက် ဧည့်စာရင်းတိုင်ဖို့ မှတ်ပုံတင်နှင့် စာရွက်များကို ရုံးစာရေးထံ ပေးလိုက်သည်။ ရုံးစာရေးကလည်း ရှေ့ကဧည့်စာရင်းတိုင်သူများကို ပုံစံများဖြည့် သွင်းလျက်ရှိရာ လက်မလည်အောင် ဖြစ်နေသည်။ ရပ်ကွက် အုပ်ချုပ်ရေးမှူးက အသက်ငယ်သေးတယ်ဆိုပေမယ့် ရည်ရည်မွန်မွန်ရှိသည်။ ရပ်ကွက်အတွက် အားကိုးရသည်။ ကျွန်တော်က ဌာနတစ်ခုမှ ဝန်ထမ်းဟောင်းတစ်ဦး။ အငြိမ်း စားယူတာ နှစ်နှစ်ကျော်ပြီဆိုတော့ ရပ်ကွက်ထဲမှာ ရပ်မိ ရပ်ဖလိုဖြစ်နေပြီ။ ကျွန်တော်တို့က ရပ်ကွက်အုပ်ချုပ် ရေးမှူးကို ဥက္ကဋ္ဌလို့ခေါ်သည်က နှုတ်ကျိုးနေပြီ။ ၎င်း၏ ဘေးတွင် ကျွန်တော့်အိမ်နှင့်သုံးလေးအိမ်ကျော်တွင် နေထိုင် သည့် မြို့နယ်လဝကရုံး ဝန်ထမ်းဖြစ်သူ မောင်မောင်က လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးအား စာရွက်စာတမ်းများ နှင့်ဘာတွေ ရှင်းပြနေသည်မသိ၊ ရပ်ကွက်စာရေးက စာရင်း များရေးသွင်းနေရင်းမှ **"မှတ်ပုံတင်မရှိဘဲ ထောက်ခံချက် တွေနဲ့ ဧည့်စာရင်းလာတိုင်သူတွေ အများကြီးပဲဗျာ၊ လဝက ကြီး မိုးပွင့်က ပွင့်တုန်းပဲလား"** ဟု လှမ်းပြောသံကြားလိုက် သည်။ ကျွန်တော်လည်း စိတ်ဝင်တစားဖြစ်သွားသည်။ မောင်မောင်နဲ့ကလည်း ကိုယ့်တူကိုယ့်သားလို ရင်းနှီး ပြီးသားဆိုတော့ **"လုပ်ပါဦး မောင်မောင်ရ။ မင်းတို့လဝက က မိုးပွင့်စီမံချက်နဲ့ မှတ်ပုံတင်တွေ၊ သန်းခေါင်စာရင်းတွေ လုပ်ပေးနေတာသိပေမယ့် သေချာတော့မသိဘူးကွာ၊ အခုလည်း ငါ့တူတစ်ယောက်က မှတ်ပုံတင်ပျောက်လို့ ထောက်ခံချက်ပဲပါတယ်။ ပျောက်တာကို သွားမလုပ်ဘူး၊ ရုံးကိုသွားရမှာ ကြောက်နေတယ်ထင်ပါရဲ့ကွာ"** ဟု ကြားဝင် အဆိုပြုလိုက်သည်။ **"ဟုတ်တယ် ဦးလေးရေ၊**

အခုလည်း မောင်မောင်က ကျွန်တော့်ရပ်ကွက်မှာ မိုးပွင့်(အထူး) စီမံချက်ဆောင်ရွက်လို့ လာရှင်းပြနေတာ။ ဒီစီမံချက်က အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်မရှိတဲ့ ရပ်ကွက် သားတွေအတွက် မဖြစ်မနေဆောင်ရွက်ပေးမယ့် အစီအမံပဲဗျို့။ အဓိကကတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက် အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်ကို ကွက်ပြည့်နှင်းပြီး ထုတ် ပေးဖို့ပေါ့ဗျာ။ တစ်နိုင်ငံလုံးလုပ်မယ့် စီမံချက်ဆိုတော့ ပြည်သူ တွေအတွက် ဝမ်းသာစရာပေါ့။ ကဲမောင်မောင်ရေ အစ်ကိုကို ရှင်းပြသလို ဒီမှာရှိတဲ့ လူတွေလည်းကြားသိရအောင် ရှင်းပြပေး လိုက်ပါကွာ" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ထပ်ဆင့် အဆိုပြုလိုက်ပြန်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးပြော လိုက်တော့ ရုံးထဲမှာရှိသူတွေရော၊ အနီးအပါးမှာရှိသူတွေ ပါ ဝိုင်းလာကြသည်။ မောင်မောင်က ကျွန်တော်တို့ မြို့နယ် လဝကရုံးမှ လဝကမှူးတစ်ဦးဖြစ်ပြီး၊ ကျွန်တော်တို့ ရပ်ကွက်သားဖြစ်၍ အားလုံးကသိကြသည်။ အားလည်း

အားကိုးရသူဖြစ်သည်။ မောင်မောင်က ထိုင်နေရာမှ မတ်တပ်ရပ်ရင်း **"ကဲ ကြုံတုန်းပဲဆိုပါတော့၊ ကျွန်တော်တို့လဝကက ပြည်သူတွေအတွက် ဆောင်ရွက်နေတဲ့ မိုးပွင့်စီမံချက် အကြောင်းကို ကျွန်တော်ရှင်းပြပါမယ်"** ဟု ဆိုလိုက်တော့ အားလုံးငြိမ်ပြီး နားထောင်ကြသည်။

ယခုနိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရန် ဌာနအားလုံး က ဆောင်ရွက်ခဲ့ကြသည်။ လဝကဟု အများသိသည့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည်လည်း ဌာန၏ ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာမှာ ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှုအဖြစ် အိမ် ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကို သတ်မှတ်နှုန်းထားဖြင့် လွယ်လွယ်ကူကူရရှိနိုင်စေရေး ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် သတ်မှတ် ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သွေဖည်ခြင်းမရှိဘဲ ဖြေလျှော့နိုင်သည့်နည်းလမ်းများကို ဆက်စပ်ဌာနများနှင့် ညှိနှိုင်းတိုင်ပင်ကာ မဖြစ်မနေလိုအပ်သည့် အထောက် အထားများမှလွဲ၍ ကျန်အချက်များကို ဖြေလျှော့ဆောင်ရွက် ခဲ့သည်။ လွယ်ကူလျင်မြန်စွာရရှိရေးအတွက် ဖြေလျှော့ သောစနစ်ဖြင့် နိုင်ငံတစ်ဝန်းရပ်ကွက်/ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်သည့် စီမံချက်ကိုချမှတ်ခဲ့သည်။ ယင်း စီမံချက်သည် ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် အိမ် ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား တို့ကို ပြည်သူများအပေါ်သို့ မိုးပွင့်မိုးစက်လေးများသဖွယ် ညင်သာသိမ်မွေ့စွာ ဖြန့်ကြဲပေးလိုက်ခြင်းဖြစ်၍ မိုးပွင့်စီမံ ချက်ဟု ဌာန၏အကြီးအကဲကပင် အမည်ပေးခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

ပြည်သူများအတွက် အေးချမ်းစေမည့် နိမိတ်ပုံသွင် ယင်းမိုးပွင့်စီမံချက်သည် ၁-၇-၂၀၁၁ မှစ၍ အဆင့်(၁)အဖြစ် စတင်ဆောင်ရွက်ခဲ့ရာ ယခု ၃၁-၁၂-၂၀၁၄ အထိ မိုးပွင့်အဆင့်(၇) ပြီးဆုံးခဲ့ပြီဖြစ်သည်။ မိုးပွင့်အဆင့်(၁)မှ အဆင့်(၇)အထိ တစ်နိုင်ငံလုံးကွင်းဆင်းဆောင်ရွက်ခဲ့မှု ကြောင့် အိမ်ထောင်စုလူဦးရေစာရင်း ၆၉၆၁၂ စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၂၅၁၄၃ ကတ်အား ပြည်သူများလက်ဝယ်သို့ အရောက်ပို့ဆောင်ထုတ်ပေးနိုင်ခဲ့ သည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း အိမ်ထောင်စု လူဦးရေစာရင်းကို အခမဲ့၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် သတ်မှတ်နှုန်းထားဖြစ်သည့် အသစ်ပြုလုပ် ခ ခြောက်ကျပ်၊ ပျောက်ဆုံး/ပျက်စီးလျှင် ၁၀ကျပ်၊ လဲလှယ်

ဆောင်ရွက်ပါက သုံးကျပ်သာကုန်ကျသည်။ ယင်းသတ်မှတ် နှုန်းထားသည် နိုင်ငံတော်သို့ တရားဝင်ပေးသွင်းရသည့် အခငွေဖြစ်ပြီး၊ ယင်းကတ်ပြားဆောင်ရွက်ရာတွင် လိုအပ် သည့် စာရွက်စာတမ်း မိတ္တူကူးခ၊ ဓာတ်ပုံရိုက်ခ၊ သွေးစစ်ခ၊ ထောက်ခံချက်ပြုလုပ်ခြင်း စသည့်ကုန်ကျစရိတ်များမှာ ကာယကံရှင်ကိုယ်တိုင်ကျခံရမည်ဖြစ်သည်။ နိုင်ငံသားစိစစ် ရေးကတ်ပြားသည် ဂျပန်နိုင်ငံမှ မှာယူသောစက္ကူဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ကတ်ပြားတစ်ခု၏ အမှန်တကယ် ကုန်ကျ တန်ဖိုးမှာ ၃၅ကျပ်ဖြစ်သည်။ ပြည်သူများထံမှ ခြောက်ကျပ် သာ ကောက်ခံသည့်အတွက် ကတ်တစ်ကတ်ခြင်းတွင် နိုင်ငံတော်က ၂၉ကျပ် စိုက်ထုတ်အကုန်အကျခံ ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။ အချို့ဒေသများတွင် စေတနာအလျောက် အလှူရှင်များ၏ လှူဒါန်းမှုများကြောင့် ပြည်သူများအတွက် အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကရင်နှင့်ကယားပြည်နယ် တစ်ခုလုံး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ မြို့နယ်အချို့၌ နိုင်ငံ တကာအဖွဲ့အစည်းများ၏ အကူအညီကြောင့် ပြည်သူများ ကုန်ကျစရိတ်လုံးဝမရှိဘဲ အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

"တချို့က ဒါကို ကွဲကွဲပြားပြားမသိဘူး။ လဝကက ပြောတော့ ခြောက်ကျပ်၊ ငါတို့ကုန်တာ နှစ်ထောင်/သုံးထောင် ပါကွာဆိုပြီး၊ တခြားကုန်ကျစရိတ်တွေပါ ထည့်တွက်ပြီး မှတ်ပုံတင်လုပ်လို့ကုန်တာလို့ လွဲမှားစွာ ပြောဆိုနေကြပါ တယ်။ နိုင်ငံတော်ကို ပေးသွင်းရတဲ့ငွေနဲ့ မိမိကိုယ်တိုင် စိုက်ထုတ်ကုန်ကျရမယ့်ငွေကို ခွဲခြားသိဖို့လည်း အရေးကြီး ပါတယ်" ဟု မောင်မောင်က ရှင်းပြသည်။ **"မောင်မောင် ပြောတာမှန်တယ်။ ဦးလည်းအဲလိုပဲ ကုန်ကျစရိတ်တွေများတယ် လို့ ထင်တာပဲလေ"** ကျွန်တော်က ဝင်ပြောမိသည်။ နားထောင် နေကြသူများကလည်း ငြိမ်သက်စွာအာရုံစိုက်နေကြသည်။ ကျွန်တော်အပါအဝင်ပေါ့။ မောင်မောင်က ဆက်ရှင်းပြနေသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားကို လူတော်တော်များများက ခရီးသွားရာတွင် သက်ဆိုင်ရာမှ တောင်းယူကြည့်ရှုသည့်အခါ ထုတ်ပြနိုင်ရန် ဆောင်ထားကြသည်။ ကတ်ပြားတန်ဖိုး ခြောက်ကျပ်ဆိုသော်လည်း ကတ်ပြားအတွက် မမြင်နိုင်သည့် တန်ဖိုးများက များစွာရှိသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား သည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့် အဝရရှိစေနိုင်သည့် အထောက်အထားတစ်ခု၊ နိုင်ငံသားစိစစ် ရေးကတ်ပြားသည် ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ စာချုပ်စာတမ်း စသည့်လူမှုဘဝ နယ်ပယ်အသီးသီးတွင် မရှိမဖြစ်လိုအပ်သည့် အဖိုးတန် ကတ်ပြားဖြစ်သည်။ ယုတ်စွအဆုံး အိမ်ထောင်ပြု၍ လက်ထပ် စာချုပ်ချုပ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားလိုအပ်သည်။ ကတ်ပြားနံပါတ်သည် လူတစ်ဦးအတွက် ကတ်ပြားရရှိချိန်မှ သေဆုံးချိန်အထိ တစ်ခုတည်းဖြစ်၍ အလွတ်ရသည်အထိ မှတ်သားထားရန်လိုအပ်သည်။ အိမ်ထောင်စုလူဦးရေစာရင်း ဆိုလျှင်လည်း မိသားစုအတွင်း မွေးဖွားမှုအတွက် မွေးတိုး၊ သေဆုံးမှုအတွက် စာရင်းလျော့ဆောင်ရွက်ခြင်း၊ နေရာဒေသ ပြောင်းရွှေ့နေထိုင်လျှင် ပြောင်းဝင်/ပြောင်းထွက်ပြုလုပ်ခြင်း တို့ စနစ်တကျဆောင်ရွက်ရသည်။ သို့မှသာလူဦးရေစာရင်း တိကျမှန်ကန်မည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုလည်း ပျက်စီး/ပျောက်ဆုံးလျှင် သတ်မှတ်ချက်များနှင့် အညီ ကတ်ပြားပြန်လည်လျှောက်ထားရယူနိုင်သည်။ သို့သော် ကတ်ပြားအပိုမကိုင်ရ၊ အပိုကိုင်ဆောင်လျှင် ဥပဒေ အရ အရေးယူခံရမည်ဖြစ်သည်။ ပြည်သူများအတွက် လဝက၏ မိုးပွင့်ပန်းတို့က နိုင်ငံတစ်ဝန်းဝေဝေဆာဆာ ပွင့်လန်းလျက်ရှိသည်။

"မင်းပြောမှပဲ ရှင်းတော့တယ်၊ ကတ်ပြားက တော်တော် အသုံးတည့်ပြီး တန်ဖိုးကြီးပါပေတယ်။ ဦးလေးတူကိုလည်း သူတို့မြို့ကရုံးသွားပြီး ပျောက်သွားတဲ့ကတ်ပြားအစား အမြန် ပြန်လျှောက်ခိုင်းဦးမယ်။ အခုရော မိုးပွင့်စီမံချက်တွေက လုပ်တုန်းပဲလား၊ လွယ်လွယ်ကူကူနဲ့ရပါဦးမလား မောင်မောင် ရာ" ဟု ကျွန်တော်က အလောတကြီး ပြောမိသည်။ ထိုအခါ ရပ်ကွက်အုပ်ချုပ်ရေးမှူးက **"ရပ်ပြီလားဦးလေးရာ၊ အခုက မိုးပွင့်ရိုးရိုးမဟုတ်ဘူး၊ အထူးဆောင်ရွက်မယ့် မိုးပွင့်(အထူး) စီမံချက်တဲ့။ မောင်မောင်ရေ ဆက်ရှင်းပြလိုက်ပါဦးကွာ"** ဟု ဝင်ထောက်ပေးသည်။ မောင်မောင်က မဆိုင်းမတွပဲ **"ဟုတ်ပါတယ် ဦးလေးရေ။ ကျွန်တော်တို့အရင်လုပ်ခဲ့တဲ့ မိုးပွင့်က အဆင့်(၁)ကနေ (၇)အထိပေါ့၊ အခုက မိုးပွင့်(အထူး)၊ အိမ်ထောင်စုစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကို သတ်မှတ် နှုန်းထားနဲ့ လွယ်လွယ်ကူကူထုတ်ပေးမှာတော့ အတူတူပဲ။ ဒါပေမယ့် လုပ်နည်းလုပ်ဟန်တော့ မတူဘူးဦးလေး"** ဟု ဟန်ပါပါ ရှင်းပြသည်။

မိုးပွင့်အဆင့်(၁)မှ အဆင့်(၇)အထိ ဆောင်ရွက်ရာတွင် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအတွက် အိမ် ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာရရှိစေရေးအတွက် လဝက ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာ အရောက် ကွင်းဆင်းပြီး One Stop Service ဖြင့် ဆောင်ရွက်ထုတ်ပေးခြင်းဖြစ်သည်။ မိုးပွင့်စီမံချက်သည် ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှုတစ်ရပ်အဖြစ် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လဝက ဝန်ထမ်းများသည် မြို့နယ်ရုံးတစ်ရုံး၌ အင်အား ၁၀ ယောက် ကျော်သာရှိသည်။ လုပ်ငန်းတိုင်းက ဥပဒေ၊ လုပ်ထုံး လုပ်နည်းများပေါ်တွင်သာ အခြေတည်ဆောင်ရွက်ရပြီး လူတစ်ဦးချင်းစီ၏ မျိုးရိုးစဉ်ဆက်အထောက်အထားများအရ စိစစ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ ရပ်ကွက် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးရန် မဖြစ်နိုင်ပေ။ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် ကာယကံရှင် ကိုယ်တိုင် ဥပဒေနှင့်အညီ အထောက်အထားများတင်ပြ၍ လျှောက်ထားရန်တာဝန်ရှိသည်။ ပြည်သူများ ကုန်ကျစရိတ် သက်သာပြီး လွယ်ကူအဆင်ပြေစွာဖြင့် တစ်နေရာတည်းတွင် ရရှိစေလိုသည့် နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကြောင့် မိုးပွင့်တို့က ပြည်သူများအပေါ် ဖွန်းပက်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော်အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စု စာရင်းမရှိသူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ မိမိတို့ တိုင်းရင်းသားများ များစွာရှိနေသေးသည်။ **"အိမ်ထောင်စု စာရင်းနဲ့မှတ်ပုံတင်မရှိလည်းဖြစ်တာပါပဲ။ ဒီမှာမွေးဒီမှာနေနေ တာ၊ တို့ကဘယ်မှသွားတာလည်းမဟုတ်၊ ဘာမှလုပ်မှာလည်း မဟုတ်တော့ရှိနေရင် သိမ်းဖို့တောင်ခက်ပါတယ်ကွာ"** လို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အမှန်တန်ဖိုးကို မသိရှိသူများ၏ အယူအဆက နေရာတော်တော်များများ၌ စိုးမိုးနေဆဲ ဖြစ်သည်။ ယခုဆောင်ရွက်မည့် မိုးပွင့်(အထူး)စီမံချက်က ယခင်မိုးပွင့်စီမံချက်များနှင့်မတူခြင်းမှာ ဌာနဆိုင်ရာ အဖွဲ့ အစည်းများ၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအပေါ် ပြည်သူ များက သိရှိနားလည်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိ သေးကြောင်းကို ကာယကံရှင်ကိုယ်တိုင် စာရင်းပေးသွင်း ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းဖြစ်သည်။

"မိုးပွင့်(အထူး)အတွက် နားမရှုပ်သွားပါနဲ့၊ ကျွန်တော် သေသေချာချာ ရှင်းပြပါမယ်" ဟု မောင်မောင်က ဆက်လက် ပြောကြားသည်။ တော်သေးတာပေါ့ အငြိမ်းစားဝန်ထမ်းတစ်ဦး ဖြစ်သူ ကျွန်တော်ပင်လျှင် **"ဘာမတူတာလဲ"** ဟု မေးတော့မလို့။

မိုးပွင့်(အထူး)စီမံချက်အား နိုင်ငံတော်က လဝကနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အဆင့် မှ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးရေး ကြီးကြပ်မှုကော်မတီများဖွဲ့စည်း ပေးခဲ့သည်။ ဌာနအဖွဲ့အစည်းအားလုံးပူးပေါင်းပြီး နိုင်ငံတော်အစိုးရ၏ တတိယအဆင့်ပြုပြင်ပြောင်းလဲရေး (Third Wave Reform) လုပ်ငန်းစဉ်အရ ပြည်သူတို့၏ လက်ငင်းလိုအပ်ချက်ကို ထိထိရောက်ရောက် ဖြည့်ဆည်းပေး သည့် အစီအစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ ပထမဦးဆုံးဆောင်ရွက်ရန်မှာ မြို့နယ်များအတွင်း ရှိ ရပ်ကွက်/ကျေးရွာအလိုက် အုပ်ချုပ်ရေးမှူးများ ဦးဆောင် ၍ ရာအိမ်မှူး/ဆယ်အိမ်မှူးများက နိုင်ငံသားစိစစ်ရေး ကတ်ပြား မပြုလုပ်ရသေးသူ၊ အိမ်ထောင်စုစာရင်း မရှိသူ များကို အိမ်ထောင်စုအလိုက် ကွက်ပြည့်နှင်း၍ စာရင်း ကောက်ယူခြင်းဖြစ်သည်။ အဓိက အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို ဦးစားပေး ကောက်ယူမည်ဖြစ်သည်။ အကြောင်းမှာ မကြာမီကျင်းပတော့ မည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင် ခွင့်ရှိသူ မြန်မာနိုင်ငံသားများ ဥပဒေနှင့်အညီ ကိုင်ဆောင် သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရယူကိုင်ဆောင်နိုင်ရေး အတွက်ဖြစ်သည်။ စာရင်းကောက်မှာကတော့ မရှိသေးသူ အားလုံးကို ကောက်ယူမည်ဖြစ်သည်။ ယင်းသို့ကောက်ယူ ရရှိသည့် စာရင်းများကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး များက သက်ဆိုင်ရာ မြို့နယ်လဝကရုံးသို့ ပေးပို့မည်။ လဝက ရုံးများက နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများ အတွက် ကြိုတင်ဖြည့်သွင်းရန် ရွှေ့ပြောင်းလျှောက်လွှာများ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ကြိုတင်ဖြန့်ဝေထားမည် ဖြစ်၍ ယင်းရွှေ့ပြောင်းလျှောက်လွှာများအား ရပ်ကွက်၊ ကျေးရွာ များ၌ ကြိုတင်စီစဉ်ထားသည့် ပုံစံရေးသွင်းကူညီဆောင်ရွက် မည့်သူများက အိမ်ထောင်စုအလိုက် ကာယကံရှင်များအား ကိုယ်ရေးအချက်အလက်များမေးမြန်း၍ စာရင်းဖြည့်သွင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းရွှေ့ပြောင်းလျှောက်လွှာများ ဖြည့်သွင်းပြီးပါက လိုအပ်သောထောက်ခံချက်များ ရယူရန် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်သောစာရွက် စာတမ်းများ ပြည့်စုံစွာရရှိစေရေးအတွက် ပြည်သူများ ကြိုတင်သိရှိဆောင်ရွက်နိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ရှင်းလင်းချပြထားရန်လည်း လိုအပ်မည်ဖြစ်သည်။ ရွှေ့ပြောင်း လျှောက်လွှာနှင့် အထောက်အထားများ ပြည့်စုံပါက ကွင်းဆင်းအဖွဲ့များ လာရောက်ဆောင်ရွက်မည့်နေ့ရက်နှင့် နေရာအား ကြိုတင်အကြောင်းကြားထားပြီး ယင်းအဖွဲ့ လာရောက်သည့်အခါ ကာယကံရှင်များကိုယ်တိုင် လာရောက် ဆက်သွယ်ဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ယူကြသည့် နည်းလမ်းဖြစ်ပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင်လည်း မိမိနယ်မြေအလိုက် နိုင်ငံသားစိစစ်ရေး ကတ်ပြားအသစ် လျှောက်ထားသူ၊ အသက်(၁၈)နှစ်ပြည့်လဲလှယ်သူ၊ ပျောက် ဆုံး/ပျက်စီးခြင်းအတွက် မိတ္တူလျှောက်ထားသူ စသည်ဖြင့် ခွဲခြား၍ စာရင်းပြုစုရမည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေး ကတ်ပြားကို လဝက၏ အိမ်ထောင်စု လူဦးရေစာရင်းရှိမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ကိုလည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး ဆောင်ရွက်ကြရမည် ဖြစ်သည်။ ယခုမိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ် ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းစဉ်သည် အိမ်ထောင်စု အလိုက် ကွက်ပြည့်နှင်း၍ တစ်အိမ်တက်ဆင်းမေးမြန်းကာ မပြုလုပ်ရသေးသူ၊ ပျောက်ဆုံး/ ပျက်စီးသူများစာရင်းကို ကြိုတင်ကောက်ယူမည်ဖြစ်သည့်အတွက် ကာယကံရှင် ကိုယ်တိုင်က မပြုလုပ်ရသေးကြောင်းကိုသာ ဖြေကြားပေး ရန်ဖြစ်သည်။ ယင်းကဲ့သို့ ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။

"ကောင်းလိုက်တဲ့စီမံချက်ပဲ။ မရှိသေးတဲ့သူက စာရင်း လာကောက်တဲ့အခါ မရှိသေးကြောင်း စာရင်းပေးထားဖို့ တော့လိုတာပေါ့။ တစ်ဆင့်စကား၊ တစ်ဆင့်နားနဲ့ပြောထား ကြရင် ပိုကောင်းမယ်ထင်တယ်။ ရပ်ကွက်ကလည်း ဝိုင်းကူဖို့ လုပ်အားပေးကလေးတွေ စုထားဖို့လိုမယ်နော်" ဟု ကျွန်တော် က စိတ်စော၍ပြောလိုက်သည်။ **"မပူပါနဲ့ဦးလေးရယ်၊ ကျွန်တော်ကြိုပြီး စီစဉ်ထားပါတယ်။ တစ်အိမ်တက်ဆင်း စာရင်းကောက်မယ့်အဖွဲ့တွေဖွဲ့ပြီး မကြာခင် စာရင်းလိုက် ကောက်တော့မှာပါ။ ဘာတွေလိုအပ်တယ်ဆိုတာကိုလဲ ရပ်ကွက်ရုံးမှာ ဆိုင်းဘုတ်ထောင်ပေးထားမယ်လေ"** ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြန်ဖြေလိုက်သည်။ မောင်မောင် ကတော့ ဆက်လက်ရှင်းပြသည်။ ဌာန၏ကွင်းဆင်းလုပ်ငန်းကို နှစ်လတာ ဆောင်ရွက်ပြီး ရုံးထိုင်၍ စာရင်းရေးသွင်းရန် တစ်လ အချိန်ယူမည်ဖြစ်သည်။ ပြီးလျှင် နှစ်လကြာကွင်းဆင်း ပြီး တစ်လရုံးထိုင်ဆောင်ရွက်မည်။ မိုးပွင့်(အထူး)စီမံချက်က ၁-၁-၂၀၁၅မှ ၃၀-၆-၂၀၁၅ ထိ ခြောက်လကြာ ဆောင် ရွက်မည့်စီမံချက်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်သည် တိုင်းရင်း သားများအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး သွေးနှောများ အတွက်တော့ မှတ်တမ်းမှတ်ရာများ တိုက်ဆိုင်စစ်ဆေးရန် အချိန်ယူရသည့်အတွက် မြို့နယ်လဝကရုံးများတွင်သာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ၎င်းတို့အတွက်လည်း စိစစ် စစ်ဆေးချိန်ကြန့်ကြာမှုမရှိစေရေးအတွက် ရုံးထိုင်အဖွဲ့ များဖြင့် အလေးထားဆောင်ရွက်ပေးမည်ဖြစ်သည်။ မိုးပွင့် (အထူး)စီမံချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်နှင့် အားနှင့် ဆောင်ရွက်သည့်စီမံချက်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံတော်လုံခြုံ ရေးနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ဆက်စပ်နေပြီးရသင့် သူများအတွက် လွယ်လွယ်ကူကူရရှိရေး ဆောင်ရွက်ပေး ခြင်းဖြစ်သကဲ့သို့ မရသင့်သူများရရှိမသွားအောင် စိစစ် ဆောင်ရွက်ရန်လည်း အရေးကြီးလှသည်။ မိမိတို့နိုင်ငံသည် နိုင်ငံသားဖြစ်မှုကို လူတစ်ဦးနှင့်တစ်ဦး သွေးချင်းဆက်စပ် မှုအပေါ် မူတည်စိစစ်ဆုံးဖြတ်သည့်နိုင်ငံဖြစ်သည်။ တချို့နိုင်ငံများက ၎င်းတို့နိုင်ငံတွင် မည်ရွေ့မည်မျှနေထိုင် သည်ဆိုသည့် မြေပေါ်နေထိုင်မှုကို စိစစ်ဆုံးဖြတ်၍ နိုင်ငံ သားသတ်မှတ်ကြသည်။

"ဟုတ်သားပဲ။ တို့နိုင်ငံက သွေးမျိုးသားချင်း သွေးသား ဆက်စပ်မှုနဲ့ စဉ်းစားဆုံးဖြတ်တာပဲ။ သွေးမတော်သားမစပ် ရင် နိုင်ငံသားဖြစ်ဖို့မရှိဘူးကွ။ ဒါတော့လည်း ငါသိတယ် မောင်မောင်ရေ" ဟု ကျွန်တော်က ဝင်ပြီးထောက်ခံလိုက် ပါသည်။ **"သိရုံနဲ့မပြီးဘူး ဦးလေးရေ၊ သိတာလေးတွေကို တခြားသူတွေမျှဝေရှင်းပြပေးပါဦး။ အားလုံးပဲ မရှင်းတာ ရှိရင်လည်း အချိန်မရွေးလာမေးကြပြီး သိသမျှကို ကိုယ့် ပတ်ဝန်းကျင်ရှိသူတွေ လက်ဆင့်ကမ်းပြောပေးကြပါဗျာ။ ကျွန်တော်တို့အဖွဲ့တွေလည်း ရပ်ကွက်ထဲကို လိုက်လံရှင်းပြဦး မှာပါ။ ဒါကတော့ အကြိုကြော်ငြာဝင်လိုက်တာပေါ့ဗျာ။ ကဲ ဥက္ကဋ္ဌရော၊ ဦးလေးပါ ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ်။ စီမံချက်အစီအစဉ် အသေးစိတ်ကို ကျွန်တော်တို့မြို့နယ်လဝက ဦးစီးမှူးကလည်း လာရောက်ရှင်းပြဦးမှာပါ။ အားလုံးပဲ ကျေးဇူးတင်ပါတယ်ဗျာ"** ဟု မောင်မောင်က ပြောပြောဆိုဆို ဖြင့် ရုံးအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ရပ်ကွက်ရုံးအတွင်းရောက်ရှိပြီး ရှင်းပြမှုများကို အာရုံ စိုက်နားထောင်နေသူများကလည်း ခေါင်းတညိတ်ညိတ်ဖြင့် ပီတိဖြစ်နေကြသည်ဟု ကျွန်တော်ယူဆပါသည်။ ကျွန်တော် ကိုယ်တိုင်လည်း မောင်မောင်ရှင်းပြသည့်မိုးပွင့်အကြောင်း ကို ကောင်းကောင်းသိလိုက်ရသဖြင့် ရင်ထဲမှာရှင်းသွားသလို ခံစားရသည်။ ဘာပဲပြောပြော ကျွန်တော်တို့နိုင်ငံသားတွေ မိုးပွင့်(အထူး)စီမံချက်ကြောင့် နိုင်ငံသားအခွင့်အရေးအပြည့် အဝရရှိနိုင်မည့် အထောက်အထားတစ်ခုကို လက်ဝယ် ပိုင်ပိုင်ရရှိကြတော့မည်။ ကောင်းလေစွဟု မုဒိတာစိတ် ဝင်မိသည်။ တစ်ဖန်ရရှိပြီးသူများကလည်း စနစ်တကျ မှတ်သားထိန်းသိမ်းကိုင်တွယ်ကြရန်လည်း လိုအပ်လှသည်။

ကျွန်တော်လည်း တူတော်မောင်များအတွက် ဧည့် စာရင်းတိုင်ရင်း ပြည်သူများအတွက် ဆောင်ရွက်သည့် မိုးပွင့်(အထူး)စီမံချက်အကြောင်းကို အမှတ်မထင်ကြားသိ ခဲ့ရသည့်အတွက် ဝမ်းသာကြည်နူးမိသည်။ ရှင်းလင်း ပြောပြသူ လဝကဝန်ထမ်းမောင်မောင်ကိုလည်း ချီးကျူး လေးစားမိသည်။ သူဆောင်ရွက်ရသည့်တာဝန်ကို တိတိ ကျကျ သိရှိနားလည်ပြီး ပြည်သူတွေသိအောင် ရှင်းပြနိုင် သည့်အတွက် ဝန်ထမ်းကောင်းအဖြစ် အငြိမ်းစားဝန်ထမ်း ကြီး ကျွန်တော်က အသိအမှတ်ပြုမိသည်။ ကျွန်တော့် ရပ်ကွက်အတွင်း မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်း ဆောင်ရွက်ပြီးပါက ကျွန်တော်လည်း တတ်နိုင်တဲ့ဘက်က ကူလုပ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ ကူလုပ်ရုံဖြင့်အားရမည် မထင်သည့်အတွက် ပါလာသည့်ဓာတ်မီးလေးကိုထိုးပြီး ရပ်ကွက်ရုံးကအပြန် မောင်မောင်ရှင်းပြချက်များကို စာစီ နေမိသည်။ မိုးပွင့်(အထူး)စီမံချက်အကြောင်း ပြည်သူ တွေသိဖို့ ဆောင်းပါးအဖြစ် ပုံဖော်ရင်း မုဒိတာပွားဦးမှ။

နိုင်ငံတစ်ဝန်း၊ မိုးပွင့်ပန်းတို့၊
အစဉ်လန်းပွင့်၊ အားမာန်တင့်လျက်၊
ပြည်သူတွေအတွက် ညီညီညာ
တိုင်းကျိုးပြည်ပြု ပြည်သာယာ ။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြီးကြပ်ရေးမှူးရာထူး၊ ဒု-ကြီးကြပ်ရေးမှူးရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၄ (စက်) ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များတွင် လစ်လပ်လျက်ရှိသည့် ပုံနှိပ်စက်ရာထူးနေရာများဖြစ်သော ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ်-၁၀၅၀၀၀- ၁၀၀၀-၁၁၀၀၀၀)(၆)နေရာ၊ ဒု-ကြီးကြပ်ရေးမှူးရာထူး (လစာနှုန်းကျပ်- ၉၉၀၀၀- ၁၀၀၀-၁၀၄၀၀၀) (၃)နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်) ရာထူး (လစာနှုန်းကျပ်-၉၃၀၀၀- ၁၀၀၀-၉၈၀၀၀) (၉) နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူး(လစာနှုန်းကျပ်-၈၇၀၀၀-၁၀၀၀-၉၂၀၀၀)(၃၀)နေရာများအတွက် အောက်ပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) ၃၁-၁-၂၀၁၅ရက်တွင် အသက်(၂၀)မှ (၃၀)အတွင်း အမျိုးသားများလျှောက်ထားနိုင်သည်။
(၃) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း ငါးနှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
(၄) ကြီးကြပ်ရေးမှူးရာထူးအတွက် B.E(Mechanical)(သို့) B.E(Electronic)(သို့)B.E(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။ ဒု-ကြီးကြပ်ရေးမှူးရာထူးအတွက် B-Tech (Mechanical)(သို့)B-Tech (Electronic) (သို့)B-Tech (Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူးအတွက် AGTI (Mechanical)(သို့)AGTI(Electronic) (သို့) AGTI(Electrical Power) ရရှိသူများ လျှောက်ထား နိုင်ပါသည်။ **(ကျောထောက်နောက်ခံပြု၍ ခန့်ထားပါမည်။)**
ပုံနှိပ်ကျွမ်းကျင်-၄ (စက်) ရာထူးအတွက် စက်မှုသင်တန်းကျောင်းအောင်(သို့)တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။ **(ကျောထောက်နောက်ခံပြု၍ ခန့်ထားပါမည်။)**
(၅) ဝန်ထမ်းဖြစ်ပါက ၃၁-၁-၂၀၁၅ရက်တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာန အကြီးအကဲခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၂၈-၂-၂၀၁၅ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်၌ ရေးဖြေစာမေးပွဲဖြေဆိုခြင်းကို ၉-၃-၂၀၁၅ရက်တွင် ပြုလုပ်မည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဖခင်အမည်မှန်
ဖားကန့်မြို့နယ်၊ ဆိပ်မူအထက တတိယတန်း(A)မှ မစံမီမီလွင်၏ ဖခင် အမည်မှန်မှာ ဦးသိန်းသန်းထိုက် ၉/ကဆန (နိုင်)၁၁၂၄၅၄ ဖြစ်ပါကြောင်း။
ဦးသိန်းသန်းထိုက်

သွေးသည် အသက်

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ်၃၆ယ/၂၈၁၆၆၊ Suzuki Revo110 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၇/သကန(နိုင်)၀၈၉၆၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့

အမည်မှန်
ဦးသိန်းသန်းထိုက် ၉/ကဆန(နိုင်) ၁၁၂၄၅၄၏သမီး ဖားကန့်မြို့နယ်၊ ဆိပ်မူ အထက တတိယတန်း(A)မှ မစံမီမီလွင်၏ အမည်မှန်မှာ မသွန်းမီမီထိုက် ဖြစ်ပါ ကြောင်း။
မသွန်းမီမီထိုက်

အများသိစေရန်အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၉လမ်း၊ အမှတ် ၅၆၉ ပေါ်တွင် ဆောက်လုပ်မည့် သုံးခန်းတွဲ၊ ငါးထပ်တိုက်တွင် ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိမည့် ဒုတိယထပ်၊ သုံးလွှာ၊ အလယ်ခန်းဟုခေါ်တွင်သော တိုက်ခန်းအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးထွန်းချို ၁၂/သဃက(နိုင်)၀၉၀၁၃၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများဖြင့် ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏တန်ဖိုးငွေအနက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိမွန်(အထက်တန်းရှေ့နေ) (စဉ်-၄၁၂၁၁)
THAN THAN WIN & ASSOCIATES (LAW FIRM)
အမှတ် ၉၉/၁၀၁၊ ကျောက်မြောင်းလမ်းနှင့်မလွကုန်းလမ်းထောင့်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၀၂၆၉၀၄၊ ၀၉-၄၉၃၁၂၉၀၈

ကန့်ကွက်နိုင်ပါကြောင်း
တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ E၊ မြေကွက်ကြီးအမှတ် ၁၁၇၊ မြေကွက် တည်နေရာအမှတ် ၈၅၊ ၁၆၄လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ် Mr.Morris Khyu (alias)U Ba Mya အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် Mr.Morris Khyu(alias)U Ba Mya (ဖခင်)နှင့် ဒေါ်မေ ဘမြ(မိခင်)တို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင် ကြောင်း စာချုပ် ၈၉၉၂/၁၄(၁၅-၁၂-၂၀၁၄) အရ ဒေါ်ခင်ခင်ကြီး ၁၂/ပဇတ(နိုင်)၀၂၄၁၀၆ နှင့် ဒေါ်ခင်ခင်လေး ၈/မထန(နိုင်)၀၁၃၂၉၃ တို့က ပိုင်ဆိုင်လာပြီး ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ/ သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာတို့ကို တင်ပြ၍ ဂရန် မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးလုပ်ငန်း တွင်ကျယ်ရေး မြန်မာ့အလင်းမှ ကြော်ငြာပေး၊ အများပြည်သူ အဆင်ပြေရေး နှုန်းထားလျှော့ကာ ဝန်ဆောင်ပေး။

SAMPAR Oo
soft drink

Ph: 09- 421122966

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကော့သောင်းမြို့နယ်တရားရုံး၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးကျော်သူရ	နှင့်	မဘောက်ရာ
တရားလို		**တရားပြိုင်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေပြည်သာရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၀၀ နေ မဘောက်ရာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်သူရက လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်း နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့ လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှု လိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစ ရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
(ကျော်လင်းထွန်း)
ဒုတိယမြို့နယ်တရားသူကြီး
ကော့သောင်းမြို့နယ်တရားရုံး

စာအုပ်စာပေ လူ့မိတ်ဆွေ

ကြော်ငြာ

Sidney Restaurant

နေ့ဝင်ဆည်းဆာ၊ ညဆည်းဆာအလှကို ခံစားရင်း ကျန်းမာရေးနှင့်ညီညွတ်သော တရုတ်၊ ထိုင်း၊ ကိုရီးယား၊ အနောက်တိုင်းအစားအစာများကို ချိုသာသောဈေးနှုန်းဖြင့် သုံးဆောင်နိုင်ပါသည်။

ကျန်းမာရေးအတွက် Sauna/Hot-Poolbar ဝန်ဆောင်မှုစတင်နေပါပြီ...

18-2-2015 ရှိုင်းမှုမည်

Opening hours : 4:00 pm - 11:00 pm (Daily),

15%Discount on food until 27-3-2015

No. (8L), Mindhama Road, Between Parami Road & Kyaik Wine Pagoda Road, Mayangone Township. Tel : (+951) 9669600

PUN HLAING HOSPITAL

ရင်သားနှင့်ပတ်သက်သောစမ်းသပ်စစ်ဆေးမှုအားလုံးကို

တစ်နေရာတည်းမှာ ပြုလုပ်နိုင်ပြီ...

ရင်သားကင်ဆာရောဂါကိုကြိုတင်သိရှိကုသနိုင်ရန်အတွက် အမေရိကန်နိုင်ငံမှ နိုင်ငံတကာအတွေ့အကြုံရှိ

ရင်သားဓါတ်မှန်နှင့်ပုံရိပ်ဖော်ဆရာဝန်ကြီးများ (Breat Imaging Sepcialists) မှ

ပန်းလှိုင်ဆေးရုံကြီးတွင်စမ်းသပ်စစ်ဆေးပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

Every woman deserves to be well

စောလျင်စွာသိရှိခြင်းသည်

သင့်အတွက် အထိရောက်ဆုံး

ကာကွယ်ခြင်းဖြစ်သည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) [illegible] / မန္တလေး (၀၂) [illegible] Email : marketing-phh@spa-mm.com

ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အလက(၄) ပဋ္ဌမတန်း(B)မှ မဆောင်းဦး၏ ဖခင်အမည်မှန်မှာ ဦးစောထွန်းအောင် ၁၂/ရပသ(နိုင်)၀၆၁၂၇၈ ဖြစ်ပါကြောင်း။

ဦးအောင်မျိုးဦး ၁၀/ပခန(နိုင်)၁၀၁၆၃၆နှင့် အများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ငွေအောင် ၇/ရတရ(နိုင်)၀၆၄၇၅၂(အမှုဆောင်မန်နေဂျာ၊ Mandalay Golden Wing Construction Limited)၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

၁။ လူကြီးမင်းသည် Mandalay Golden Wing Construction Limitedတွင် ဆက်ဆံရေးအရာရှိ(Laison Officer)တစ်ဦးအနေဖြင့် ကုမ္ပဏီ၏အရေးကြီးသော လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်သည်ကို လူကြီးမင်းအသိပင်ဖြစ်သည်။

၂။ လူကြီးမင်းသည် ၂၆-၉-၂၀၁၄ရက်မှ ၂၈-၉-၂၀၁၄ရက်အထိလည်းကောင်း၊ ၂-၁၀-၂၀၁၄ ရက်မှ ၇-၁၀-၂၀၁၄ရက်အထိလည်းကောင်း စုစုပေါင်းကိုးရက် ခွင့်မဲ့ပျက်ကွက်နေပြီး လူကြီးမင်းတာဝန်ယူထားသော လုပ်ငန်းများမှာ လစ်ဟင်းမှုဖြစ် ပေါ်လျက်ရှိနေပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းအားအမြန်ဆုံးလာရောက်၍ လုပ်ငန်းရှင်းလင်းပေးရန် ၇-၁၀-၂၀၁၄ရက်တွင် စာအမှတ်-၀၉၈/MGW(စီမံ/HR) ၂၀၁၄ဖြင့် ပထမအကြိမ် အကြောင်းကြားစာပေးပို့ခဲ့ရာ လူကြီးမင်းသည် ၉-၁၀- ၂၀၁၄ရက်၌ ရုံးတစ်ရက်ပြန်လည်တက်ခဲ့ပြီး ဆက်လက်ခွင့်မဲ့ပျက်ကွက်နေ၍ ကျွန်ုပ်မိတ်ဆွေက ၁၃-၁၀-၂၀၁၄ရက်၌ စာအမှတ်-၁၀၀/MGW(စီမံ/HR)၂၀၁၄ဖြင့် ဒုတိယအကြိမ် အကြောင်းစာပေးပို့ခဲ့သော်လည်း လူကြီးမင်းသည်ရုံးသို့ လာရောက်ခဲ့ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေက လူကြီးမင်းအိမ်သို့ သွားရောက်ခဲ့ရာ လူကြီးမင်းမှ M.G.Wရုံးသို့ လာရောက်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ကို လူကြီးမင်းအသိပင် ဖြစ်သည်။

၃။ လူကြီးမင်းသည် ၁၄-၁၀-၂၀၁၄ရက်တွင် လုပ်ငန်းတာဝန်များကို ရုံးသို့လာရောက်၍ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ e-mail ဖြင့် Message ပေးပို့ခဲ့သော်လည်း M.G.W ရုံးသို့ လာရောက်ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေက ၂၁-၁၀-၂၀၁၄ ရက်တွင် စာအမှတ်-၁၀၇/MGW(စီမံ/HR)၂၀၁၄ဖြင့် အမြန်ဆုံးလာရောက်ပြီး လုပ်ငန်းများကို စနစ်တကျ လွှဲပြောင်းပေးရန် တတိယနှင့် နောက်ဆုံးအကြိမ် အကြောင်းကြားစာ ထပ်မံပေးပို့ခဲ့သည်ကို လူကြီးမင်းသိရှိပါသည်။ လူကြီးမင်းထံအကြိမ်ကြိမ် အကြောင်းကြားသော်လည်း လာရောက်မည်ဖြစ်ကြောင်း ပြောဆိုခြင်း၊ ဆက်သွယ်ခြင်းပြုခဲ့သော်လည်း ယနေ့တိုင်လုပ်ငန်းနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များ (Confidential Documents)၊ စာချုပ်များ(Conracts) လုပ်ငန်းနှင့်သက်ဆိုင်သည့် အချက်အလက်များ(Data)ကို လာရောက်လွှဲပြောင်းအပ်နှံခြင်း၊ တာဝန်များလွှဲပြောင်း ပေးခြင်းမရှိသည်ဖြစ်၍ လူကြီးမင်းအား တာဝန်မဲ့ဝန်ထမ်းအဖြစ် သတ်မှတ်ကာ ၃၁-၁၀-၂၀၁၄ရက်မှစ၍ လုပ်ငန်းတာဝန်မှထုတ်ပယ် (Dismissed)လိုက်ပြီးဖြစ်၍ လူကြီးမင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုကိစ္စများသည် Mandalay Golden Wing Construction Limitedတွင်တာဝန်မရှိကြောင်း လူကြီးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောဒေမီယံ
တရားလွှတ်တော်ရှေ့နေ
စဉ်-၄၇၄၈
Blessing Law Firm
အမှတ် ၆၂၊ ကျောက်မြောင်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့
blessinglawfirm@gmail.com

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် (၄၁၂/က)၊ မြေကွက်တည်နေရာ အမှတ်(၄၁၂/က)၊သစ်ခွလမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးတင်လှ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးတင်လှ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်သိန်းနွဲ့ ၁၂/ဒဂန(နိုင်)၀၀၄၁၅၀ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၅၉၃/၃၁-၁၂-၂၀၁၄ ရရှိထားသူ GP ဦးတင်အောင်လွင် ၁၂/လကန(နိုင်) ၁၇၃၇၅၀ က သေစာရင်း၊ ဒေါ်သိန်းနွဲ့၏ တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာနှင့်ထောက်ခံကျမ်းကျိန်လွှာ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ဦးတင်အောင်လွင်၏ တရားရုံး ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လုပ်ငန်းတံဆိပ်အမည်၊ အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ခရေလမ်း၊ အမှတ် (ဂ/၈)တွင်တည်ရှိဖွင့်လှစ်ထားသော “ပိုကာ-ကျောက်မှုန့်(မြေပြုပြင်ကျောက်မှုန့်)ထုတ်လုပ်ရောင်းချ၊ ဖြန့်ဝေသည့်လုပ်ငန်း” လုပ်ကိုင်လျက်ရှိသူ ဦးအေးနိုင် ၁၄/ဖပန(နိုင်)၁၃၀၉၄၅သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ကာ၊ မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ ၇-၁-၂၀၁၅ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ်-၂၀၄၄၈/၂၀၁၄ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသား

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမှတ်အသားဖြင့် “မြေများကို ပြုပြင်ကျောက်မှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း”နှင့်ပတ်သက်သော အဆောင်အယောင်များ၊ ဆက်စပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများ၊ ထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ပလတ်စတစ်အိတ်နှင့် အခြားဆိုက်မျိုးစုံအိတ်အမျိုးမျိုးတို့ကိုလည်းကောင်း၊ စက္ကူပုတ်၊ စက္ကူရွက်၊ စက္ကူပုံး၊ ထုပ်ပိုးပစ္စည်းအမျိုးမျိုးပေါ်တွင်လည်းကောင်း အဆိုပါ အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီး ဖိနှိပ်ခြင်း၊ ကပ်နှိပ်ခြင်း၊ ရိုက်နှိပ်ခြင်း၊ ချိတ်ဆွဲခြင်း၊ Stickerကပ်၍ အသုံးပြုခြင်း၊ ကြော်ငြာခြင်းများဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချခြင်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မိမိတစ်ဦးတည်းမူပိုင် အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင်တုပပြု လုပ်သုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကြည်ထွန်း(စဉ်-၆၁၇၃)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၁/၅၇၊ သြဘာလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၀၇၅၁၇၁

ဒေါ်သက်သက်ဆွေ၏ ၈-၂-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကြေညာချက်အတွက် ကန့်ကွက်ခြင်းနှင့် ပြန်လည်အသိပေးရှင်းလင်းကြေညာခြင်း

ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် ၆/၇၈၁၊ မြေဧရိယာပေ (၂၅×၅၀)အကျယ်ရှိ မြေကွက်သည် ဦးစိန်ကျော်၊ ဒေါ်ငြိမ်းရင်တို့ ပိုင်ဆိုင်နေထိုင်သော ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ တွံတေးလမ်း၊ နေအိမ်ဟောင်းနှင့် မြေကွက်တို့အား မြို့သစ်စီမံကိန်းအရ ဖျက်သိမ်းခဲ့ရာမှ အစားရရှိခဲ့သည့် မြေကွက်ဖြစ်သည်။ ဦးစိန်ကျော်၊ ဒေါ်ငြိမ်းရင်တို့၏သားသမီးများဖြစ်သော ဒေါ်ပိန် (ခ)ဒေါ်တင်ရီ၊ ဦးမှတ်ကြီးနှင့် ဒေါ်ထားထားတို့၏ သဘောတူညီခွင့်ပြုချက်ဖြင့် အစ်ကိုဖြစ်သူ ဦးငွေအောင်(ခ)ဦးထွားအောင်၏အမည်ဖြင့် ဖော်ပြပြီး ရယူထားသည့် မိသားစုပိုင် အမွေမခွဲဝေရသေးသည့် အမွေဆိုင်မြေကွက်ဖြစ်သည်။ ၄င်းတစ်ဦးတည်း၏ သဘောဖြင့် ရောင်းဝယ်ခြင်းကို ကန့်ကွက်ပါသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ထား၍ တရားမဝင်ပျက်ပြယ်နေသည့်အတွက် တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်ပိန်(ခ)ဒေါ်တင်ရီ၊ ဦးမှတ်ကြီးနှင့် ဒေါ်ထားထားတို့၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းထိန်	**ဒေါ်ဥမ္မာဝင်း**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၂၆၂၇/၈၄	**စဉ်-၄၁၉၁၈**
အမှတ် ၁၂၆၇၊ ဗိုလ်ဥတ္တမ(၁)လမ်း၊	**အမှတ် ၁၇၀၊ ဦးရင်မောင်လမ်း၊**
ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့	**(၆)ရပ်ကွက်၊ ဒလမြို့**

ဦးအားတီ(ခ)စောလွင် ၁၃/နခန(ဧည့်)၀၀၀၀၆၈(မန္တလေးမြို့)နှင့် ဒေါ်ခင်အေးမြင့် ၁၃/နခန(နိုင်)၀၄၅၁၄၉(နမ့်ခမ်းမြို့)၊ ဒေါ်ခင်မာချို ၁၂/ဗဟန(နိုင်)၀၁၀၂၂၉(တာချီလိတ်မြို့)တို့ သိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဟန်မြင့် ၉/မထလ(နိုင်)၀၉၇၁၂၉နှင့် ဒေါ်မာမာဝင်း ၉/မထလ(နိုင်)၁၈၀၃၇၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေရန်ကြေညာအပ်ပါသည်။

လူကြီးမင်းတို့သည် တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ဝိန်းကျောက်ကျေးရွာ၊ အခါဈေး အနောက်၊ အကျယ်ပေ(၆၀×၄၀)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်တို့ကို ကျွန်ုပ်၏မိတ်ဆွေများအား ယုံကြည်အောင်ပြောဆိုပြီး ၁၁-၆-၂၀၁၃ရက်စွဲပါ ကတိစာချုပ်ဖြင့် လွှဲပြောင်းရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေများက လူကြီးမင်းတို့ပြောဆိုသည်ကို ယုံကြည်ပြီး သဘောရိုးဖြင့် ဝယ်ယူခဲ့သည်ကို လူကြီးမင်းတို့အသိပင် ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများအား တာချီလိတ်မြို့နယ် တရားရုံးတွင် ပြစ်မှုကြီးမှုအမှတ်(၁၁၈၆/၁၄)ဖြင့် တရားစွဲဆိုခြင်းခံရသည့်အချိန်မှ လူကြီးမင်း ဦးအားတီ(ခ)စောလွင်သည် အချင်းဖြစ်မြေကွက်အား ဥပဒေနှင့်အညီ ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်မရှိကြောင်း သိရှိခဲ့ရပြီး ကျွန်ုပ်၏မိတ်ဆွေများမှာ ငွေကြေးများစွာဆုံးရှုံးနစ်နာခဲ့ရသည့်အပြင် စိတ်ရောကိုယ်ပါ ဆင်းရဲမှုများနှင့် ကြုံတွေ့ခံစားရပါသည်။ ၁၁-၆-၂၀၁၃ ရက်စွဲပါ ကတိစာချုပ်အရ လူကြီးမင်းတို့အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေများ၏ဆုံးရှုံးနစ်နာမှုများကို ဖြေရှင်းပေးရန် တာဝန်ရှိပါသည်။

သို့ပါ၍ ဤအသိပေးကြေညာသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေများထံ လူကြီးမင်းတို့ကိုယ်တိုင် လာရောက်ဆက်သွယ်ဖြေရှင်းပေးပါရန်နှင့် အကယ်၍ ပျက်ကွက်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆက်လက်တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်နိုင်
LL.B,DBL,DML,DIL
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၂၆)
အမှတ် ၉/၂၀၇၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့၊ ဖုန်း-၀၉-၄၁၀၀၆၇၂၉

ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၆၂ လမ်း၊ အမှတ်ဖ ဟုခေါ်တွင်သည့် ခုနစ်ထပ်တိုက် အဆောက်အအုံ၏ ငါးလွှာ(ယာ)ခန်း၊ အကျယ်အဝန်း ပေ(၁၅×၆၅)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့်အရပ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်စီမံ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနိုင်ဝင်း ၁၂/တမန(နိုင်)၁၁၇၅၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်းအောင်(LL.B) စဉ်-၃၃၄၅၈
အမှတ် ၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၂၂၉၆

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/သုဝဏ္ဏ (နှင်းဆီကုန်း-က)၊ မြေကွက်အမှတ် (၁၄/က)၊ မြေကွက်တည်နေရာအမှတ် (၁၄/က)၊ စပါယ်လမ်း၊ (က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် အမည်ပေါက် ဦးသောင်းရွှေ ၁၂/သဃက(နိုင်)၁၁၀၈၂၀က အမည် ပေါက်စလစ်ပြားတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲလင်းထူး ၁၀/မဒန(နိုင်)၁၇၄၄၇၃၏ Psno-MA-610430 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၆၃၀၉၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ်၂၉ယ/၄၀၈၃၅၊ Jian She 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဘိုဘိုမင်း ၇/ပခန(နိုင်)၁၀၇၂၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(ပဲခူး)

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်မ မရည်မွန်ဘုန်းမြင့်၏ခင်ပွန်းဖြစ်သူ ကိုဇော်ဇော် ၈/ပခက(နိုင်)၁၉၈၈၆၅သည် ဇနီးဖြစ်သူနှင့် မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၁၀-၁-၂၀၁၅ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မရည်မွန်ဘုန်းမြင့်
၈/ခမန(နိုင်)၁၄၃၈၆၈

“အများသိစေရန် ကြေညာခြင်း”

SIM CARD ဝယ်မည်

73** - 90000
49** - 160000
86** - 130000

ဖုန်း-၀၉-၅၀၉၂၆၆၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁၃ယ/၉၇၆၄၀၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင် ၁၀/ခဆန(နိုင်)၀၃၂၈၉၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် ၆၄၆၊ မြေကွက်တည်နေရာအမှတ် ၆၄၆၊ သုမိတ္တာ ၁၇ လမ်း ဒေါ်ရင်ကြွေ ၁၂/ဥကမ(နိုင်)၀၇၃၈၁၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ရင်ကြွေ၊ ဖခင် ဦးသန်းအောင်၊ သားဖြစ်သူ ဦးလှဦး(လှုပျိုကြီး) ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်စန်း ၁၂/ဥကမ(နိုင်)၀၃၄၇၁၁က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား တင်ဒါခေါ်ယူလိုပါသည်-
မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း
ဓာတုဗေဒပစ္စည်းများ - 99.80% Purity H_2 Gas only

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်/ အချိန် - ၁၉-၂-၂၀၁၅ရက် မွန်းတည့် ၁၂ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် (၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
630 KVA Transformer (၁)လုံး တပ်ဆင်ခြင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက် အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တပ်ဆင်အသုံးပြုရန် 630 KVA Transformer (၁)လုံးအပြီးအစီး တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၂-၂၀၁၅ရက်မှ ၂၅-၂-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၂-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ် ၇၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၁၂၈	ရုံးအမှတ် ၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ(၄)လ ၂၀၁၅ ခုနှစ် ဧပြီလမှ ဇူလိုင်လ အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ ရက်
တင်ဒါအရောင်းပိတ်မည့်ရက် - ၂၃-၂-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
Company Profile နှင့် တင်ဒါအာမခံချက်လက်မှတ် နောက်ဆုံးတင်ပြရမည့်ရက်၊ အချိန် - ၂၆-၂-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဈေးတန်းရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ဦးပိုင်အမှတ် ၈၂၊ မြေဧရိယာ ၀ ဒသမ ၀၅၀ ဧကရှိ ဦးဝင်းကျော်-ဒေါ်သန်းနု အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်အား အမွေဆက်အမွေခံပိုင်ဆိုင်ထားသူ ဒေါ်တင်အုံးကြည် (သမီး)မရွှေရည်ဝင်းတို့မှ ၎င်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားရာ ဦးဝင်းကျော်-ဒေါ်သန်းနု အမည်ပေါက် မြို့မြေဂရန်စာချုပ်အမှတ် ၂၁/၁၉၇၈-၁၉၇၉၊ ၁၉-၁၁-၂၀၀၈ရက်အထိ နှစ် ၃၀ဂရန်စာချုပ်မှာ ၂၀၀၆ခုနှစ်က ပျောက်ဆုံးခဲ့သဖြင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက မြေငှားဂရန်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်အုံးကြည် ၉/ကဆန(နိုင်)၀၂၇၈၂၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ(S-၉၀)၊ မြေကွက်အမှတ် ၃၀၄၊ မြေကွက်တည်နေရာအမှတ် ၂၊ မြို့ပတ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ (Thiattu Raman) အမည်ပေါက် စက္ကူတာမြေအား အမည်ပေါက် Thiattu Raman (ခ)ဦးအေးမောင်(ခ)ဦးရာမန် CI-၀၂၁၆၃၇ နှင့်ဇနီး ဒေါ်ပန်းမှီ CI-၀၂၁၆၃၈ တို့ ကွယ်လွန်သဖြင့် ၎င်းတို့တွင် သားသမီး(၁၀)ဦး မွေးဖွားခဲ့ကြောင်းနှင့် သားကြီး ဦးမောင်တင်နှင့်ဇနီး ဒေါ်ရွှေတို့ကွယ်လွန်၍ တစ်ဦးတည်းသောသား ဦးကြည်တင်(ခ)တိုနီ ၁၂/တမန(နိုင်)၀၅၈၆၀၄ မှလည်းကောင်း၊ သား ဦးစုနှင့်ဇနီး ဒေါ်လှတင်တို့ကွယ်လွန်၍ တစ်ဦးတည်းသောသား ဦးဝင်းမောင် ၁၂/မရက(နိုင်)၀၂၀၅၂၇ မှလည်းကောင်း၊ သားဦးမောင်မြင့်နှင့်ဇနီး ဒေါ်မြတင်တို့ကွယ်လွန်၍ တစ်ဦးတည်းသောသမီး ဒေါ်ခင်ခင်ထွေး ၁၂/ဥကတ(နိုင်)၁၁၅၅၈၇ မှလည်းကောင်း၊ သား ဦးညိုဝင်းနှင့်ဇနီး ဒေါ်လှရီတို့ကွယ်လွန်၍ တစ်ဦးတည်းသောသမီး ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကတ(နိုင်)၀၅၇၈၆၁ မှလည်းကောင်း၊ သား ဦးအုန်းမောင်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်၍လည်းကောင်း၊ သား ဦးသန်းဝေကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ကျင်ငွေ ၁၂/တမန(နိုင်)၀၆၄၂၉၆ မှလည်းကောင်း၊ သမီး ဒေါ်အုန်းတင်နှင့် ခင်ပွန်း ဦးအေးမောင်ဖြူတို့ကွယ်လွန်၍ တစ်ဦးတည်းသောသမီး ဒေါ်ခင်မြမူ ၁၂/လကန(နိုင်)၀၀၉၆၈၄ မှလည်းကောင်း၊ သမီး ဒေါ်စိန်ရင် ၁၂/တမန(နိုင်)၀၂၃၆၉၈မှလည်းကောင်း၊ သား ဦးအုန်းခိုင်ဇနီး ဒေါ်အညွန့်နှင့် ၎င်းတို့၏သားတစ်ဦးဖြစ်သူ ဦးအောင်လင်းထွန်း(လူပျိုကြီးဘဝဖြင့်) ကွယ်လွန်ကြ၍ သမီးဒေါ်ယဉ်ယဉ်အေး ၁၂/တမန(နိုင်)၀၁၁၁၉၉ မှလည်းကောင်း၊ သား ဦးလှခိုင်သည် လူပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်၍လည်းကောင်း၊ မြေး၊ သားသမီး၊ ချွေးမတို့တော်စပ်ကြကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မုံလယ်စာအောင်သံယာပူဇော်ပွဲ

[illegible]

Scania,Volvo,Yutong
Ph: 209077, 209388, 09-73167000, 09-73168000

09 730 77711 01-682844
09 730 77722 01-682944

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးပါကျွန်း ၁၂/ပဘတ(နိုင်)၀၀၇၃၈၉(မှ)	ဒေါ်မဟာဘီယာ ၁၂/လမတ(နိုင်)၀၂၁၅၁၄ ဒေါ်ရရှီသာ(ခ)အေးအေးမာ ၁၂/လမတ(နိုင်)၀၂၁၅၂၇	တိုက်အမှတ်(၁၀၀/၁၀၂)၊ အခန်းအမှတ်(၆လွှာ-ယာ)၊ ၂၇လမ်း၊ပန်းဘဲတန်းမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၃၆

ဒေါ်ပြုံးပြုံးချို **နှင့်** ၁။ ဒေါ်အယ်နန်ဒွဲ
၂။ မောင်ခေါင်ဝွမ်း
၃။ မထန်ဒင်
၄။ မခင်ထားဝေ

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် ၁၄၂၊ ငါးလွှာ၊ အခန်း ၉နေ (၂)တရားပြိုင် မောင်ခေါင်ဝွမ်း (၃)တရားပြိုင် မထန်ဒင် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၈၉နေ(၄)တရားပြိုင် မခင်ထားဝေ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နေအိမ်တိုက်ခန်းအား လက်ရောက်ပေးအပ်စေလိုမှုနှင့် နစ်နာကြေးငွေ ကျပ် ၃၀၀၀၀၀၀၀ိ/-ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ကိစ္စအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန္ဒာခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပေါက်ခေါင်းမြို့နယ်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၂

ကိုဇော်မျိုးသူ(ကုန်သည်) အမှတ်(၂)ရပ်ကွက်၊ ပြည်-တောင်ငူလမ်း ပေါက်ခေါင်းမြို့	**နှင့်**	ဦးနေလင်းအောင်-ပါ(၃)ဦး အမှတ်(၅)ရပ်ကွက်၊ လှိုင်တပ်လမ်း၊ ပေါက်ခေါင်းမြို့
တရားလို		**တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များဖြစ်သည့် (၁)တရားပြိုင် ဦးနေလင်းအောင်၊ (၂)တရားပြိုင် ဒေါ်ငြိမ်းပြည့်မွန်ထွန်း အမှတ်(၅)ရပ်ကွက်၊ လှိုင်တပ်လမ်း၊ ပေါက်ခေါင်းမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ကိုဇော်မျိုးသူက ပေါက်ခေါင်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၂/၂၀၁၅ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ပေး၍ ခြံမြေနှင့်နေအိမ်အား လက်ရောက်ပေးအပ်ပြီး ခြံမြေအတွင်း နေထိုင်သူများအား ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၁၀ ရက် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်ကြူကြူဝင်း
မြို့နယ်တရားသူကြီး
ပေါက်ခေါင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၆၅၉၄၂၊ Anbo-125ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထက်အောင် ၉/စကတ(နိုင်)၁၀၄၆၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ကျောက်ဆည်)

အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ် ၄၅၊ ဦးပိုင်အမှတ် (၁၂၂/ဃ)၊ ဧရိယာ ၀ ဒသမ ၀၆၇ ဧကအနက်မှ (စီ)အမှတ်ပြ ၀ ဒသမ ၀၀၅ဧကရှိမြေသည် ဦးမောင်မောင် အမည်ဖြင့် ဦးပိုင်ပေါက်ပြီး နှစ် ၃၀ အငှားဂရန် ရရှိထားပါသည်။ အဆိုပါမြေအား ဦးသိန်းတန်မှ ဝယ်ယူထားပြီး ဝယ်ယူထားစဉ်ကပင် ဂရန်စာချုပ်မှာ ရရှိထားခြင်းမရှိပါ။ ထိုသို့လျှောက်ထားခြင်းအား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း သက်ဆိုင်ရာအထောက်အထားများနှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ ကန့်ကွက်နိုင်ကြောင်း အများသိစေလိုက်သည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၉၆ နှင့်ဆက်သွယ်သည့်
၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၂၀

ဦးအောင်အောင်ဦး **နှင့်** ၁။ JC ကရော
၂။ ဦးဝင်းဆွေ
၃။ ဦးတင်လှ
၄။ ဒေါ်ခင်မြင့်
၅။ ဗိုလ်ကြီးစိုးသန်း(ခ)ဦးသူရစိုး
၆။ ဒေါ်အေးအေးသန်း(ခ)ဒေါ်စန္ဒာမြင့်

တရားနိုင် **တရားရှုံးများ**

အမှတ် (ခ/၃၉)၊ ပြည်သာယာလမ်း၊ (၈/မြောက်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၅၉၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် မတ် ၆ရက် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ငူခရိုင် ဒုခရိုင်တရားသူကြီး(၂)၊ နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၈၇

ဦးစိုးလှ **နှင့်** ၁။ ဒေါ်စန်းစန်းဝေ
၂။ ဦးဝင်းနိုင်
၃။ ဦးတင်မောင်လွင်

တရားလို **တရားပြိုင်များ**

တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ အမှတ် ၁၆/၂၂ ဈေးလမ်း၊ တောင်ငူမြို့ (ယခုနေရပ်လိပ်စာမသိ) ဦးတင်မောင်လွင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးလှက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၃ရက်)မွန်းမတည့်မီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နော်မာဂရက်သာမီး)
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ငူခရိုင်တရားရုံး

ကြော်ငြာ

လေလံတင်ဒါကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပင်မအလုပ်ရုံ (တောင်)ရွာမ-အင်းစိန်တွင် သံတိုသံစဟောင်း တန်(၂၀)ခန့်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်းလေလံတင်ရောင်းချပါမည်။

တင်ဒါပုံစံရောင်းမည့်ရက် - ၁၉-၂-၂၀၁၅ ရက်မှ ၆-၃-၂၀၁၅ ရက်အထိ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၁-၃-၂၀၁၅ ရက်၊ မွန်းလွဲ ၁း၀၀နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ - ပင်မအလုပ်ရုံ(တောင်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းကြီးလမ်း၊ရွာမအရှေ့၊ အင်းစိန်မြို့နယ်

ဆက်သွယ်ရန်ဖုန်း - ၀၁-၆၄၀၁၂၃

လေလံတင်ထုခွဲရောင်းချရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရောဂါဗေဒဌာနတွင် အသုံးပြုမည့် ဓာတ်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင် ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၁-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၃-၂-၂၀၁၅ ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကချင်ပြည်နယ်အစိုးရအဖွဲ့
ကချင်ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရခွင့်ပြုဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၂-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၁၃၅၄၊ ၀၉-၆၄၀၀၉၈၀ တွင် စုံစမ်းဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၃-၂-၂၀၁၅ရက်

(ခ) **တင်ဒါတင်သွင်းမည့်နေရာ** - ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြစ်ကြီးနားမြို့

အင်းလေးဟိုတယ်ဇုန်တွင်
မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများ သိရှိစေရန်
ကြေညာချက်

၄-၂-၂၀၁၅ ရက်တွင်ပြုလုပ်သော ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅)ဆုံးဖြတ်ချက်နှင့် ၅-၂-၂၀၁၅ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁-၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများအား ငွေအပြေအကျေပေးသွင်းရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ငွေပေးသွင်းရန် ကျန်ရှိနေသည့် လုပ်ငန်းရှင်များ ၆-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပေးသွင်းသွားရန်။

၂။ မြေကွက်တန်ဖိုးလုံးဝပေးသွင်းခြင်းမရှိသည့်မြေနေရာ(၄) နေရာအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းပြီးဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပြီး ငွေအပြေအကျေပေးသွင်းရန် လုပ်ငန်းရှင်များအားလုံး သိရှိလက်ခံထားပြီးဖြစ်ပါသည်။ ၇-၃-၂၀၁၅ ရက်မှစ၍ ငွေပေးသွင်းရန်ကျန်ရှိသည့်မြေကွက်များအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြေနေရာချထားရေးကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/MCY/ CAP/T/7 (2014-2015)	Petroleum Products Testing Equipment (Brand New) (ASTM Standard) for Mobile Fuel Lab	1 Lot	USD
(၂)	MPPE/MCY/ CAP/T/8 (2014-2015)	120 IGPM Fuel Transfer Centrifugal Pump (Engine Driven)	3 Sets	USD

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၂-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၀-၃-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၆)၊ နေပြည်တော်

ကိုထက်နောင်ဦး ၇/ပတန(နိုင်)၁၂၆၈၄၆နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိမွန် (၈)လမ်း၊ အမှတ်(၂၆)နေ ဦးအောင်ကျော်မင်း ၁၂/ လမန(နိုင်)၁၃၇၇၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်တို့၏မိတ်ဆွေဦးအောင်ကျော်မင်းသည် ပြည်စံထိုက်ကုမ္ပဏီလီမိတက်အမည်ဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မြန်မာပြည်အနှံ့ ကောင်းသော အမည်ဂုဏ်သတင်းဖြင့်လုပ်ကိုင်လျက်ရှိပါသည်။

၂။ ထိုသို့လုပ်ကိုင်လျက်ရှိရာ ကိုထက်နောင်ဦးက ကျွန်ုပ်တို့၏မိတ်ဆွေပိုင် CAMC အမျိုးအစား၊ 2012 Model ၊ မော်တော်ယာဉ်အမှတ် (3E/1224) မော်တော်ယာဉ်တစ်စီးကို ကိုထက်နောင်ဦး၏လုပ်ငန်း၌ အသုံးပြုရန်အတွက် ၂၀-၈-၂၀၁၄ရက်တွင် စာချုပ်ချုပ်ဆို၍ တစ်နှစ်တိတိ ငှားရမ်းရန် သဘောတူညီခဲ့ကြပါသည်။

၃။ အဆိုပါ ၂၀-၈-၂၀၁၄ စာချုပ်အရ ငှားရမ်းကာလ တစ်နှစ်အတွင်း တစ်လလျှင် ငှားရမ်းခငွေ ၂၅သိန်းကို ရှစ်လပေးချေရန်နှင့် တစ်လလျှင် ငှားရမ်းခငွေ ၂၂သိန်းကို ကျန်လေးလပေးချေရန်နှင့် ယင်းစာချုပ်အပိုဒ် (ဃ)အရ ငှားရမ်းခများကို လဆန်း ၅ရက်အတွင်းပေးချေရန် သဘောတူညီချက်များထားရှိခဲ့ကြပါသည်။

၄။ ထိုသို့သဘောတူညီခဲ့ကြသော်လည်း ကိုထက်နောင်ဦးက ၂၀-၈-၂၀၁၄ရက်မှစ၍ ၂၀၁၅ခုနှစ် ဇန်နဝါရီလအထိ ကျွန်ုပ်တို့မိတ်ဆွေပိုင် မော်တော်ယာဉ်ကို ငှားရမ်းအသုံးပြုခဲ့ပါသည်။

၅။ အထက်ဖော်ပြပါငှားရမ်းကာလများအတွက် ငှားရမ်းခကျသင့်ငွေမှာ ၁၂၂၀၀၂၁၁ ကျပ် ဖြစ်သော်လည်း ကိုထက်နောင်ဦးက ကျွန်ုပ်တို့၏မိတ်ဆွေသို့ ငှားရမ်းခငွေ ၂၇သိန်းသာပေးအပ်ခဲ့သဖြင့် ငှားရမ်းခကျန်ငွေ ၉၅၀၀၂၁၁ ကျပ်ကို ပေးအပ်ရန် ကျန်ရှိနေပါသည်။

၆။ ကျွန်ုပ်တို့၏မိတ်ဆွေက ကိုထက်နောင်ဦးသို့ ငှားရမ်းခကျန်ငွေနှင့်ပတ်သက်၍ အမျိုးမျိုး ဆက်သွယ်ခဲ့သော်လည်း ကိုထက်နောင်ဦးဘက်မှ တိမ်းရှောင်လျက်ရှိနေကြောင်း သိရှိရပါသည်။

၇။ သို့ပါ၍ ကိုထက်နောင်ဦးမှ မော်တော်ယာဉ်ငှားရမ်းခကျန်ငွေ ၉၅၀၀၂၁၁ ကျပ်ကို ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေလက်ဝယ်သို့ မပျက်မကွက်ပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ငြင်းဆိုမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ LL.B, D.B.L | **ဒေါ်ခင်မာနွယ် LL.B,D.B.L**

ဒေါ်နွယ်နွယ်ထွန်း LL.B,D.I.L | **ဒေါ်ဟန်သီစိုး LL.B, IDCS, IADCS**

အထက်တန်းရှေ့နေများ
Royal Ruby Law Firm
အမှတ် (၁၂၇/အေ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၁-၂၄၉၃၂၃

အမည်ပြောင်း

ရန်ကင်းပညာရေး ကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း ဆဋ္ဌမတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်မြတ်မင်းသီဟအား မောင်ဝေယံလင်းဟုပြောင်းလဲခေါ်ပါရန်။ **မောင်ဝေယံမင်း**

မြေကွက်ရောင်းမည်

လှိုင်သာယာ၊ F.M.I ဘေး။ အဆင့်မြင့် (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်းမကြီး၏ လမ်းသွယ် 50' × 60' သိန်း ၁၅၀၀။

ဖုန်း-၀၉-၈၆၁၈၆၁၃

ကန်ထရိုက်ပျိုးပင်လုပ်ငန်း

Ph-09-250235791, 09-31587700

၁။ အော်ရေးရှား
၁ပင် ၁၀၀ကျပ် ၂ပေ

၂။ မန်ဂျန်ရှား
၁ပင် ၁၀၀ကျပ် ၂ပေ

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၂၂၄၉/က၊ မြေကွက်တည်နေရာ ၂၂၄၉/ က၊ ဇေယျဝတီ (၇)လမ်း၊ ၁၀/တောင်၊ ၁၂ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်မောင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေကို အမည်ပေါက် ဦးအောင်မောင်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် (၄၉၁၇/၂၀၁၄)၊ ၂၀-၈-၁၄ဖြင့် ဒေါ်ဝင်းရီ ၁၂/သကတ(နိုင်)၀၆၆၆၈၃မှ ပိုင်ဆိုင်ခဲ့ပြီး (ဂရန်)မူရင်း ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့်မြေငှားစာချုပ်အမှတ် သကတ/၁၀ (တ) ၁၅၅၁/၉၃ (၂၅-၁၀-၉၃) အမည်ပေါက်နှင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ
လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံး၌
၂၀၁၅ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၈
ကွယ်လွန်သူ ဦးစိန်အောင်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်တင်တင်သန်း **လျှောက်ထားသူ**

လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၂)ငါးလွှာနေ ဒေါ်တင်တင်သန်းက ကွယ်လွန်သူ ဦးစိန်အောင်၏ဇနီးဖြစ်သည်ဟူ၍ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၂) ငါးလွှာနေ ၎င်းကွယ်လွန်သူ ဦးစိန်အောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်အောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်တင်တင်သန်းက လျှောက်လဲချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မင်းလှမြို့နယ်တရားမရုံးတော်၌
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၆ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၂၆

မန်နေဂျာ **နှင့်** ၁။ ဦးခင်လတ်

မြန်မာ့စီးပွားရေးဘဏ်၊ မင်းလှမြို့ ၂။ ဒေါ်ချိုချိုဦး

တရားနိုင် **တရားရှုံးများ**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တောင်ဘက်မြို့သစ်(၃)လမ်းနေ (၁) ဦးခင်လတ်၊ (၂) ဒေါ်ချိုချိုဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်တရားရုံး၏ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းဌေး)
မြို့နယ်တရားသူကြီး
မင်းလှမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၆

ဦးစောဝင်းကြည် **နှင့်** ဒေါ်တင်မြင့်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘောဂလမ်း၊ ကွက်သစ်ရပ်ကွက်၊ အမှတ်(၁၉) နေ တရားပြိုင်ဖြစ်သော ဒေါ်တင်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် သင်၏အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်ခင်လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မင်းသီတာဝေ)
တွဲဖက်မြို့နယ်တရားသူကြီး
အင်းစိန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာမွေမြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅

ဦးမြင့်အောင် **နှင့်** ၁။ ဦးနာဂလိန်ဂံ
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်သူဇာလွင်) ၂။ ဦးထွန်းဖေ
၃။ ဦးအာရ်ဂိုပေါ်လ်
၄။ ဦးဘမြိုင်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၉၉နေ တရားပြိုင်များဖြစ်သော (၁) ဦးနာဂလိန်ဂံ၊ (၂) ဦးထွန်းဖေ၊ (၃) ဦးအာရ်ဂိုပေါ်လ်၊ (၄) ဦးဘမြိုင် (ယခု နေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သင်တို့၏အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်ခင်လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တာမွေမြို့နယ်တရားရုံး

ကြော်ငြာ

DENKO

Eden Group သည် မြန်မာနိုင်ငံ၏ ထိပ်တန်းစီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပြီး ၎င်း၏လုပ်ငန်းခွဲများမှ DENKO Co.,Ltd သည် စက်သုံးဆီ ဖြန့်ဖြူးခြင်းနှင့် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ခြင်း စသည့်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ DENKO Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ [illegible] ပုံမှန်ထက်မြင့်မားသော လစာနှင့် [illegible] အရည်အချင်းအလိုက်ရာထူးတိုးမြှင့်မှု [illegible]
လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း CV၊ ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ရဲစခန်းထောက်ခံချက် နှင့် ပညာအရည်အချင်း အထောက်အထား (မိတ္တူများကိုသာထည့်ရန်) ကို အောက်ဖော်ပြပါလိပ်စာအတိုင်း (၂၈.၂.၂၀၁၅) ရက်နေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။
မှတ်ချက်။ စက်သုံးဆီနှင့် [illegible] လုပ်ငန်းအတွေ့အကြုံရှိသူများလည်း လျှောက်ထားနိုင်ပါသည်။

No.	Position	Vacancy	Educational Qualification	Experience
1.	CEO (Chief Executive Officer)	1	MBA, MPA, MDevS,MCom,MEcons (or) Any Postgraduate Degree Holder with Any Business Related Diploma	At least (8) years at senior management level
2.	Senior General Manager	1	MBA, MPA, MDevS,MCom,MEcons (or) Any Postgraduate Degree Holder with Any Business Related Diploma	At least (5) years at managerial level
3.	General Manager (HR)	1	Any degree holder with additional related Diploma/ Certificate (Preferably graduates from Institutes of Economics)	At least (5) years at managerial level
4.	General Manager (Purchasing)	1	Any degree holder with additional related Diploma/ Certificate	At least (5) years at managerial level
5.	Marketing Manager	1	Any degree holder with additional related Diploma/ Certificate (or) Dip in Sales & Marketing	At least (3) years at managerial level
6.	BODs' Secretary	1	Any degree holder with additional related Diploma/ Certificates (Prefer MBA)	At least (2) years at managerial level
7.	Management Trainee	5	Any degree holder with good English & Computer Skills	Fresh Graduates (or) No Working Experience

All above postions required fluency in English, interpersonal skills, good Computer skills, excellent communications and presentation skills. Only shortlisted candidates will be contacted for the interview.

MAPCO Building, No 100, Corner of Wardan Street & Kan Nar Road,Besides Concrete Express Way, Myanmar Port Authority Township (In front of AGD bank, Lanmadaw Branch)
Ph: 012301824~26, Email: mapco.hr@gmail.com, www.mapco.com.mm

၁၃၇၇ ခု၊ နွေရာသီ ယမိုက်+ပဋ္ဌာန်းသင်တန်း သင်တန်းဆိုင်ရာသိစရာ

သင်တန်းရည်ရွယ်ချက်

၁။ နွေရာသီ ကျောင်းပိတ်ရက် ၁လခန့်အတွင်း အလတ်တန်း အကြီးတန်း အဘိဓမ္မာ ညဝါဆိုင်ရာများ သိရှိနားလည်တတ်မြောက်စေရန်၊

(၁လခန့် ရက်တိုအတွင်း ဖြစ်စေကာမူ အလေးအနက်ထား တကယ်ကြိုးစား သင်ယူလျှင် အလတ်တန်း+အကြီးတန်းဆိုင်ရာ အဘိဓမ္မာညဝါများ ထပ်မံသင်ယူစရာ မလိုလောက်အောင် လက်ဆုပ်လက်ကိုင် ရရှိနိုင်မည်ဖြစ်ပါသည်)

၂။ အချိန်ကို အလဟဿ မဖြစ်စေရန်၊

၃။ စနစ်တကျ အလေးအနက်ထားပြီး လေ့လာသင်ယူသူများအတွက် ဆရာဖြစ်သူများကို ပို့ချပေးနိုင်ရန်။

၄။ အဘိဓမ္မာ ညဝါအပြင် သာသနာပြုလမ်းညွှန် ဘဝလမ်းညွှန်စသော ဗဟုသုတများ အထိုက်အလျောက် ရရှိနိုင်စေရန်၊

စည်းကမ်းချက်များ

ယခုနှစ် သင်တန်းကို အမှန်တကယ်လိုအပ်သူများ အမှန်တကယ် အကျိုးရရှိနိုင်စေရန် ဖော်ပြပါစည်းကမ်းများ လိုက်နာဖို့လိုအပ်ပါသည်။

၁။ အချက်အလက်နှင့် ပြည့်စုံသော လျှောက်လွှာများကိုသာလက်ခံ ရွေးချယ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကာလတစ်လျှောက်လုံး သင်တန်းတက်သူများ အကျိုးရှိမည့်စည်းကမ်းများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သင်တန်းကို အလေးအနက်ထားရှိ သင်ယူစေရန် အရည်အချင်းစစ်စာမေးပွဲဖြင့် မှတ်ကျောက်တင်မည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်မြင်သူများကိုလည်း အောင်လက်မှတ်များ ဆုများဖြင့် ထိုက်ထိုက်တန်တန် ချီးမြှောက်ပေးမည်ဖြစ်ပါသည်။

လျှောက်လွှာတင်ရာ၌ ပြည့်စုံရမည့် အချက်အလက်များ

၁။ သက်ဆိုင်ရာ စာသင်တိုက်ကျောင်းထိုင်ဆရာတော် တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်၏ မိမိကျောင်းတိုက်၌ နေထိုင်သူတပည့်ဖြစ်ကြောင်း ထောက်ခံချက်၊

၂။ ထောက်ခံချက်ပေးသူ ဆရာသမားနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်

၃။ ပထမငယ်တန်း အောင်လက်မှတ်မိတ္တူ

၄။ သာသနာဝင်မှတ်တမ်းမိတ္တူ

၅။ လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်မှု

၆။ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့်တကွ လိပ်စာအပြည့်အစုံ

ဤအချက်အလက်များ ပါဝင်စေလျက် လျှောက်လွှာတင်ရမည် တက်ရောက်ခွင့် ရ/မရ ဖုန်းဖြင့် ဆက်သွယ်စုံစမ်းနိုင်ပါမည်။

သင်တန်းတက်ရောက်ခွင့် ရ/မရ ဆက်သွယ်စုံစမ်းနိုင်မည့်ရက်များ

၁၃၇၆ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၅၊ ၆၊ ၇(၂၀၁၅ ခု၊ ဧပြီ ၈၊ ၉၊ ၁၀) ရက်များ

နေ့စဉ် နံနက် ၇း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၇၆၇၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည် ၁၀/ပမန(နိုင်)၀၂၃၅၇၉က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/9818 Toyota Lite 9ce ym55 P/U(4x2)RHD ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/တမန(နိုင်)၀၉၀၃၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ (၂၁)ကြိမ်မြောက် နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကို ၂၅-၄-၂၀၁၅ ရက်(စနေနေ့)မှ ၃၁-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)အထိ (၃၇)ရက်တိုင် ယခင်နှစ်များကဲ့သို့ ကျင်းပပြုလုပ်ပါမည်။ သင်တန်းတက်ရောက်လိုသော သင်တန်းသား/သူများသည် ကိုယ်တိုင်လာရောက်၍ ပြည့်စုံရမည့် အချက်အလက်များနှင့် စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရ မရကို ကြော်ငြာထားသည့် ဆက်သွယ်စုံစမ်းနိုင်မည့်ရက်များတွင် ဖုန်း-၀၉-၅၀၇၃၃၃၆၊ ၀၉-၅၅၀၄၇၃၈၊ ၀၉-၄၃၁၃၄၂၅၄၊ ၀၉-၅၀၉၃၂၀၃တို့သို့ ဆက်သွယ်စုံစမ်းရမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရသော သင်တန်းသား၊ သင်တန်းသူများသည် သာသနာဝင်မှတ်တမ်း၊ သပိတ်လွယ်ပါသော သပိတ်၊ အိပ်ရာ စသည့် မိမိတို့အသုံးအဆောင် ယူဆောင်၍ ၂၄-၄-၂၀၁၅ ရက် (သောကြာနေ့) အရောက် ကြွရောက်ရမည်ဖြစ်ပါသည်။သင်တန်းသား၊ သင်တန်းသူတို့အား အထက်ဖော်ပြပါ ရက်များအတွင်း နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်အအေးများကို လှူဒါန်းလိုပါက သင်တန်းဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၅၀၇၃၃၃၆၊ ၀၉-၅၅၀၄၇၃၈၊၀၉-၄၃၁၃၄၂၅၄၊ ၀၁-၆၄၆၄၆၄၊ ၀၁-၆၄၆၈၆၅၊ ၀၁-၆၄၀၂၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သန်လျင်အုတ်ဖိုစုဘူတာအနီးရှိ မြေတစ်ကွက်အကြောင်း

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ အုတ်ဖိုစု ဘူတာအနီးမှ ကွင်းအမှတ် ၆၈၃-က (မဇီးဖြူမြောက်) ဦးပိုင်အမှတ် ၅/၂၊ ဧရိယာ ၀ ဒသမ ၉၀ ဧကရှိမြေသည် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၄)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်အောင် ၁၂/ကမရ(နိုင်)၀၄၆၅၁၀ ကိုင်ဆောင်သူက ဦးပိုင်ပေါက် ပိုင်ဆိုင်သောမြေဖြစ်ပါသည်။ ဦးမြင့်အောင်က ၁၉၉၇ ခုနှစ်ကပင် ခြံစည်းရိုးအုတ်တိုင်များ စိုက်ထူကာရံထားခဲ့သော်လည်း ယနေ့အချိန်တွင် ဤခြံနှင့် လုံးဝမသက်ဆိုင်သူများ ဝင်ရောက်ကျူးကျော်ပြီးနေအိမ်များ ဆောက်လုပ်နေထိုင်ကြသဖြင့် ဦးမြင့်အောင်က သန်လျင်မြို့မ ရဲစခန်းသို့ ၇-၂-၂၀၁၅ ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့ရာ ရဲစခန်းမှ(ပ) ၁၀၁/၂၀၁၅၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇/၄၄၈တို့အရ လက်ခံစစ်ဆေးနေပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး နောက်ထပ်အရှုပ်အရှင်း မဖြစ်ပေါ်ရလေအောင် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်အောင်၏ လွှဲအပ်ချက်အရ-
ဦးထွန်းမြင့်(မာန်အောင်) LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၅၉)
အမှတ်(၆၂)၊ (ပထပ်)၊ Winner Firm အခန်း(၉)၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၉၀၁၃၂

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်းကို ကန့်ကွက်ကြောင်းနှင့်ဆက်လက်အသက်ဝင်အတည်ဖြစ်ကြောင်း

ကြေညာခြင်း

၆-၂-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၄၊ ကော်လံ (၁/၂)ပါ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်လတ် (LL.B)(စဉ်-၄၉၂၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်မညီ၍ ကန့်ကွက်ပါကြောင်းနှင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာသည် ဆက်လက်အသက်ဝင်အတည်ဖြစ်ကြောင်း ကြေညာပါသည်။

မိခင်ဖြစ်သူ ဒေါ်မဒရမ်ဘီဘီ ၁၂/ဗဟန(နိုင်)၀၈၀၅၈၈သည် ဩစတေးလျနိုင်ငံသား အစ်မဖြစ်သူထံ အပြီးပြောင်းရွှေ့နေထိုင်ရန် မသွားရောက်မီ၊ အစ်မဖြစ်သူ ASMA KARWA နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ SLEEM KARWA တို့နှင့်အတူ ပစ္စည်းအရပ်ရပ်ကိုရောင်းချပြီး ငွေသားအဖြစ် ပြောင်းလဲယူဆောင်ခဲ့စဉ်က (မြေပေါ်တွင် အခြားသူများနှင့်အတူ ပူးတွဲလျက်ရှိသော အဆောက်အအုံတွင် မူလအပျောက်အိမ်ငှားများတည်ရှိသော) မရွှေ့မပြောင်းနိုင်သော (၁၂ပေခွဲ×ပေ၅၀)ခန့်ရှိ မြေနှင့်အကျိုးခံစားခွင့် ပစ္စည်းတစ်ရပ်ကို တန်ဖိုးငွေကျပ် ၁၀သိန်း သတ်မှတ်၍ မြန်မာနိုင်ငံတွင် တစ်ဦးတည်းကျန်ရစ်သော သမီးရင်းဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း ၁၂/ကတတ(နိုင်)၀၂၅၇၄၉ကို အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် မိမိ၏လွတ်လပ်သောသဘောဆန္ဒအရ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ပေးကမ်းခဲ့စဉ်က လွှဲပြောင်းပေးကမ်းသည့်ပစ္စည်းအပေါ် အထွေထွေလုပ်ငန်းရပ်များဆောင်ရွက်ရန် တစ်ပါတည်းပေးအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာဖြစ်ပါသည်။ ၎င်းလုပ်ငန်းကိစ္စရပ်များ မပြီးမပြတ်ကျန်ရှိပါသောကြောင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းပေးကမ်းသည့်စာချုပ်နှင့်အတူ ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်းကြေညာခြင်းကို ကန့်ကွက်ပါကြောင်းနှင့် ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာမှာ ဆက်လက်အသက်ဝင်အတည်ဖြစ်ကြောင်း ကြေညာပါသည်။

